# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၄၉)


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**

# ရန်ကုန်လေဆိပ်၌ ပစ်ခတ်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ ဖြစ်စဉ်တွင် ကွင်းဆက် ဆက်နွှယ်သူများကို ပြည်သူများသိရှိရန် ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်း



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဦးကိုနီ ပစ်ခတ်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ ပစ်ခတ်ထွက်ပြေးသူ ကြည်လင်း (ခ)ဖိုးထူး၊ ကြည်လင်းအား စေခိုင်းသူ အောင်ဝင်းဇော်၊ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူ ဇေယျာဖြိုးတို့ကို ဖမ်းဆီးရမိထားကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ အောင်ဝင်းခိုင်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး အမှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိသူ သုံးဦးအပြင် အမျိုးသား ၇၁ ဦး၊ အမျိုးသမီး နှစ်ဦးကို ခေါ်ယူစစ်ဆေးခဲ့ကြောင်း သိရသည်။

အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူ အောင်ဝင်းခိုင်အား ဖမ်းဆီးရမိရေးအတွက် ၎င်း၏ဓာတ်ပုံနှင့် အချက်အလက်များအား ပြည်တွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးသို့ ဖြန့်ဝေ၍ စုံစမ်းဖော်ထုတ်လျက်ရှိသည့်အပြင် နိုင်ငံတကာရဲတပ်ဖွဲ့နှင့် အာဆီယံရဲတပ်ဖွဲ့တို့သို့လည်း ပေးပို့ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပြောကြားသည်။ 

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပစ်ခတ်သတ်ဖြတ်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း ရှင်းလင်းပြောကြားစဉ်** (သတင်းစဉ်)

## ပြည်ကြီးမဏ္ဍိုင်မြို့ ချောင်းမွန်ကျေးရွာ၌ သက်တမ်းရင့် ရေတံခွန်တစ်ခုတွေ့ရှိ



စာမျက်နှာ » ၆

## အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲသို့ နာမည်ကြီးသတင်းမီဒီယာများ ဝင်ရောက်ခွင့်မရ

စာမျက်နှာ » ၁၀

## တားမြစ်ဆေးဝါးအလှကုန် ၂၅ မျိုး ဈေးကွက်မှပြန်သိမ်း

စာမျက်နှာ » ၁၄

# ရန်ကုန်မြို့ပတ်ရထား ဘူတာ ၃၇ ခု အဆင့်မြှင့်တင်ဆောင်ရွက်မည်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်မြို့ရှိ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ဘူတာများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဘူတာပေါင်း ၃၇ ခုအထိ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ဘူတာများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ရထားဖြင့် လိုက်လံကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဘူတာကြီး အစည်းအဝေးခန်းမ၌ မြန်မာ့မီးရထားဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ မိမိတို့လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်ကြစေရန်လိုကြောင်း၊ အစဉ်အမြဲ လေ့လာဆည်းပူးသွားရန်လိုကြောင်း ဇလီဖားတုံးများ၊ ကျောက်များ ကောင်းမွန်မှုရှိမှသာ ရထားလမ်းကောင်းမွန်မည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၄ ကော်လံ ၅* ❍





မြန်မာ့အလင်း

# အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေး မဟာမိတ်အဖွဲ့

အာဖရိကတိုက်အစိမ်းရောင်တော်လှန်ရေး မဟာမိတ်အဖွဲ့(**Alliance for a Green Revolution in Africa-AGRA**) သည် ဂိတ်နှင့်ရော့ဖဲလားဖောင်ဒေးရှင်း (**Gates and Rockefeller Foundations**)တို့က ထူထောင်ထားသော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ဤအဖွဲ့အစည်းသည် ပုဂ္ဂလိကအဖွဲ့အစည်း ဖြစ်သော်လည်း အာဖရိကတိုက်အပါအဝင် ကမ္ဘာတစ်လွှား အစိုးရအဖွဲ့ အစည်းများနှင့်လည်း လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့ (**AGRA**) သည် အာဖရိကတိုက်၌ စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများ ကျယ်ပြန့်လာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ ဒေသအလိုက် လိုက်လျောညီထွေဖြစ်ရေးနှင့် နည်းပညာပေါင်းစုံ သင့်သလို ရောစပ်ကျင့်သုံးခြင်းတို့သည် အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေး မဟာမိတ်အဖွဲ့ အောင်မြင်မှု၏ အဓိကအချက်များ ဖြစ်ပါသည်။

အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့ (**AGRA**) က အာဖရိကတိုက် လယ်ယာစိုက်ပျိုးရေးပြဿနာတို့ကို ကိုင်တွယ်သောအခါ ကုန်ထုတ်အစွမ်းသတ္တိနည်းခြင်း (**Low productivity**)ကို အခြေခံပြဿနာအဖြစ် သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ လက်ရှိ အခြေခံပြဿနာသည်လည်း ကုန်ထုတ်အစွမ်းသတ္တိနည်းခြင်းဖြစ်ပါသည်။ အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့ (**AGRA**)သည် ကနဦးအဆင့်၌ လက်တွေ့ရင်ဆိုင်နေရသော ပြဿနာတို့အပေါ် အခြေပြုလျက် အရင်းအနှီးနည်းပါးသော လုပ်ကွက်ငယ် လယ်သမားတို့၏ အခက်အခဲများ ဖြေရှင်းရေးကို ဦးစားပေးကိုင်တွယ်ဖြေရှင်းခဲ့ပါသည်။ မြန်မာနိုင်ငံ၌ အရင်းအနှီးနည်းပါးသော လုပ်ကွက်ငယ် လယ်သမားတို့သည် အများစုဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေး မဟာမိတ်အဖွဲ့ (**AGRA**)၏ လုပ်ဆောင်ချက်များကို လေ့လာသုံးသပ်သင့်သည်ဟု ယူဆပါသည်။

ဤနေရာ၌ အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေး မဟာမိတ်အဖွဲ့(**AGRA**)၏ လုပ်ဆောင်ချက်နှစ်ရပ်ကို တင်ပြလိုပါသည်။ ပထမတစ်ချက်မှာ သိုလှောင်ရုံအပ်လက်ခံစနစ် (**Warehouse Receipt System-WRS**)ဖြစ်ပါသည်။ တောင်သူလယ်သမားများသည် သီးနှံတို့ကို ရိတ်သိမ်းရာသီကုန်ဆုံးသည်အထိ သိုလှောင်ရုံများ၌အပ်၍ လိုအပ်ပါက အပ်နှံထားသော သီးနှံတို့ကို အပေါင်ပစ္စည်းသဖွယ်ထားလျက် ချေးငွေရယူကြပါသည်။ ဤကဲ့သို့သော သိုလှောင်ရုံအပ် လက်ခံစနစ်ဖြင့် ချေးငွေထုတ်ပေးခြင်းကို ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းပုံသဏ္ဌာန်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဒုတိယတစ်ချက်မှာ လုပ်ကွက်ငယ် လယ်သမားတို့အတွက် ချေးငွေထုတ်ပေးသော စနစ်ဖြစ်ပါသည်။ အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့ (**AGRA**) က လုပ်ကွက်ငယ်လယ်သမားတို့အတွက် အာမခံချက်ပေး၍ ပုဂ္ဂလိကဘဏ်တို့က အဆိုပါအာမခံပမာဏ၏ ဆယ်ဆအထိ လုပ်ကွက်ငယ် လယ်သမားတို့အား ချေးငွေထုတ်ပေးပါသည်။ အထက်ပါအချက်နှစ်ချက် စလုံး၌ စီးပွားရေးအရ အကျိုးအမြတ်ရှိစေရန် အာဖရိကတိုက် အစိမ်းရောင် တော်လှန်ရေးမဟာမိတ်အဖွဲ့ (**AGRA**)က စီစဉ်ဆောင်ရွက်ထားပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ အခြေအနေနှင့် အလားတူသော အခြေအနေမျိုးတွင် အောင်မြင်စွာဆောင်ရွက်ခဲ့သော အာဖရိကတိုက် အစိမ်းရောင်တော်လှန်ရေးမဟာမိတ်အဖွဲ့၏ လုပ်ဆောင်ချက်များကို လေ့လာသုံးသပ်ပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# စတုတ္ထအကြိမ် စာကြည့်တိုက်မှူးများညီလာခံ ဖေဖော်ဝါရီလကုန်တွင် ကျင်းပမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံတစ်ဝန်း၌ အမျိုးသားစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်များ၊ တက္ကသိုလ်စာကြည့်တိုက်များ၊ ဌာနဆိုင်ရာအသီးသီးရှိ ရည်ညွှန်းစာကြည့်တိုက်များ၊ သံရုံးများက ဖွင့်လှစ်ထားသော စာကြည့်တိုက် အများအပြားရှိသည်။

ယင်းတို့အနက် နိုင်ငံတစ်ဝန်းရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များကို အခြေခံ၍ အမှန်တကယ် ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်နေကြသည့် စာကြည့်တိုက်မှူးများကိုဖိတ်ကြားပြီး ၎င်းတို့၏ အောင်မြင်တိုးတက်မှုများကို အားနည်းနေသောရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များအား ပြန်လည်မျှဝေပေးနိုင်စေရန် ရည်ရွယ်၍ ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာကျင်းပမည့် စတုတ္ထအကြိမ် စာကြည့်တိုက်မှူးများ ညီလာခံကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါညီလာခံကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းတို့က ပူးပေါင်းစီစဉ်ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်မှူး ၃၀၀ ခန့် တက်ရောက်မည်ဖြစ်သည်။ ညီလာခံကျင်းပရာတွင် စာကြည့်တိုက်မှူးများ အချင်းချင်း စာကြည့်တိုက်ဆိုင်ရာ အတွေးအမြင်များနှင့် အတွေ့အကြုံများဖလှယ်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ အမှန်တကယ် ရှင်သန်အောင်မြင်နေသော စာကြည့်တိုက်များ၏ အောင်မြင်ဖွံ့ဖြိုးတိုးတက်မှုများကို အောင်မြင်မှုအားနည်းနေသော စာကြည့်တိုက်များအား ပြန်လည်မျှဝေပေးရန်၊ စာကြည့်တိုက်များ၌ ကြုံတွေ့နေရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို သိရှိနားလည်၍ ကျော်လွှားနိုင်မည့် နည်းလမ်းများကို ပူးပေါင်းရှာဖွေရန်၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်မှူးများအချင်းချင်း ရင်းနှီးချစ်ကြည်၍ စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထင်သာမြင်သာပြုပြင်စရာ

# မြစ်ငယ်တံတားထိပ် ၁၂ မိုင်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် မီးပွိုင့်လိုအပ်နေ

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အတွင်းရှိ မြစ်ငယ်တံတား ၁၂ မိုင်ကားမှတ်တိုင်သည် ရန်ကုန်-မန္တလေး ကားလမ်းနှင့် မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းဆုံရာ လမ်းဆုံလမ်းသုံးခွနေရာ ဖြစ်သည့်အတွက် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားခဲ့ပြီး ဖြစ်ပွားတိုင်း အသက်သေဆုံးခြင်းများရှိနေခဲ့၍ လမ်းဖြတ်ကူးသူ ကျောင်းသား၊ ဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် လမ်းမကျယ်ကြီးကို ကူးနေရပြီး ယာဉ်မောင်းများမှာလည်း လမ်းကူးနေသည်ကို မြင်တွေ့ပါလျက်နှင့် အရှိန်လျှော့ခြင်းမရှိဘဲ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း အားနည်းခြင်းများရှိနေ၍ လမ်းကူးသူများ အပြေးအလွှား လမ်းကူးနေရသည်။ ထို့အပြင် ယာဉ်ကြောပိတ်ဆို့မှုများလည်း များရှိနေ၍ သက်ဆိုင်ရာ ယာဉ်ထိန်းနှင့် မီးပွိုင့် လိုအပ်နေကြောင်း သိရသည်။



“ယာဉ်ထိန်းနဲ့မီးပွိုင့် မရှိသေးတဲ့အတွက် စစ်ကိုင်းကလာတဲ့ယာဉ်နဲ့ ရန်ကုန်-မန္တလေးကားလမ်းပေါ်က လာတဲ့ယာဉ်တွေ မကြာခဏ ထိပ်တိုက်တွေ့ပြီး တိုက်မိတဲ့အခါ အသေအပျောက်တွေရှိတယ်။ ယာဉ်တွေကလည်း နေ့စဉ်ထောင်ချီဖြတ်သန်းနေတော့ လမ်းဖြတ်ကူးသူတွေအနေနဲ့ အသက်စွန့်ပြီး လမ်းကို ပြေးပြေးလွှားလွှားကူးနေရတယ်။ လမ်းဖြတ်ကူးတဲ့ ပြည်သူတွေအတွက် မီးပွိုင့်သာရှိရင် အန္တရာယ်မဖြစ်တော့ဘူး”ဟု ၁၂ မိုင် ခရီးသွားမှတ်တိုင်များမှ ပြည်သူများက ပြောကြားသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၅-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၅/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၈ . ၇ |
| ထိုင်း | တစ်ဘတ် | ၃၈ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ . ၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၃၀၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရှေ့ဖုံးမှ*

ပြစ်မှုကျူးလွန်သူ ကြည်လင်း(ခ) ဖိုးထူးမှာ ၁၉၈၅ ခုနှစ်တွင် ဘုရားခိုးမှုဖြင့် ထောင်ဒဏ် ၇ နှစ်ကျခံခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ရှေးဟောင်းပစ္စည်းနှင့် ဘုရားခိုးမှုဖြင့် ထောင်ဒဏ် ၂၇ နှစ် ပြစ်ဒဏ်ချမှတ်ခံရကာ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူဖြစ်သည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ အောင်ဝင်းခိုင်သည် ၂၀၁၄ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ နုတ်ထွက်လာပြီးနောက် ယခင်တပ်မတော်အတွင်း ရင်းနှီးခဲ့သူ ဇေယျာဖြိုးနှင့် ပြန်လည်တွေ့ဆုံကာ ဇေယျာဖြိုးမှ စီးပွားရေး အတူလုပ်ရန် ကမ်းလှမ်းချက်အရ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရောင်ဝါဖြိုးကုမ္ပဏီအား ပူးပေါင်းတည်ထောင်ကာ အောင်ဝင်းခိုင်က MD အဖြစ် လည်းကောင်း၊ ဇေယျာဖြိုး၏ ဇနီးဖြစ်သူ မသီတာလွင်နှင့် ညီဖြစ်သူ ရဲဟိန်းတို့က ဒါရိုက်တာများအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာဖြိုးသည် ၂၀၁၆ ခုနှစ် ဧပြီလဆန်းခန့်တွင် အောင်ဝင်းခိုင်၊ လင်းဇော်ထွန်းတို့နှင့် တာမွေမြို့နယ်ရှိ မော်ဒန်လက်ဖက်ရည်ဆိုင်၌ မကြာခဏ တွေ့ဆုံစဉ် လူမှုကွန်ရက်များတွင် တွေ့နေရသည့်



မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်း ရှင်းလင်းပြောကြားစဉ် (သတင်းစဉ်)

ပြောကြားခဲ့သည်။

ဇေယျာဖြိုးနှင့် အောင်ဝင်းခိုင်တို့သည် ဦးကိုနီအား ရှင်းပစ်ရန် တိုင်ပင်ခဲ့ကြကာ အောင်ဝင်းခိုင်က အောင်ဝင်းဇော်ထံ ဦးကိုနီအား သတ်ရန် ကြိုတင်ငွေအဖြစ် ၂၀၁၆ ခုနှစ် ဧပြီလတွင် ငွေကျပ်သိန်း ၄၀၀ ပေးခဲ့ပြီး ဇေယျာဖြိုးက အောင်ဝင်းခိုင်အား ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်ခဲ့သည်ဟု သိရသည်။

ဇေယျာဖြိုးမှာ ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် ၃၈ သို့ တက်ရောက်အောင်မြင်ခဲ့ပြီး တပ်မတော်သတင်းစုဆောင်းရေး အတတ်သင်ကျောင်း၌ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်နေစဉ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် အငြိမ်းစားပေးခြင်း ခံခဲ့ရသည်။ ဇေယျာ

အောင်ဝင်းဇော်ဆိုသူမှာ ၁၉၈၉ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် ၃၄ သို့



ကြည်လင်း(ခ)ဖိုးထူး

တက်ရောက်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် ဗိုလ်အဆင့်ဖြင့် တာဝန်ထမ်းဆောင်နေစဉ် တပ်မတော်အက်ဥပဒေပုဒ်မ ၄၃ (ဃ)

မြောက်လာသူတစ်ဦးဖြစ်ကြောင်း။

အောင်ဝင်းဇော်သည် ၂၀၁၆ ခုနှစ် မေလခန့်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ နဂါး(ခ)အောင်ကြည်လင်း(ခ) အောင်ကြည်စိုး(ခ)အောင်နိုင်မြင့် ထံ ဆက်သွယ်၍ ဦးကိုနီအား ဓား သို့မဟုတ် စကေဘာဖြင့် ထိုးသတ်ရန် ညှိနှိုင်းခဲ့ပြီး နဂါးက ငွေကျပ်သိန်း ၂၀၀ နှင့် လိုင်စင်မဲ့ကားတစ်စီးဖြင့် သတ်ပေးရန် သဘောတူညီခဲ့သော်လည်း နောက်ပိုင်းတွင် နဂါးမှာ တိမ်းရှောင်သွားသဖြင့် အဆင်မပြေခဲ့ကြောင်း။

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် အင်းစိန်မြို့နယ်နေ အောင်စိုးအား သွားရောက်တွေ့ဆုံ၍ သံတမန်တစ်ဦးအား သတ်ဖြတ်



အောင်ဝင်းဇော်

ပေးရန်နှင့် အခကြေးငွေပေးမည်ဟု ကနဦး ညှိနှိုင်းခဲ့သော်လည်း အောင်စိုးက ငြင်းဆိုသဖြင့် ဆောင်ရွက်နိုင်မှုမရှိခဲ့ကြောင်း ရဲချုပ်၏ ရှင်းလင်းပြောကြားချက်တွင် ပါရှိသည်။

အောင်ဝင်းဇော်က ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ကြည်လင်းအား ဦးကိုနီ၏ ဓာတ်ပုံအား ပြသ၍ လုပ်ကြံသတ်ဖြတ်ရန် ညှိနှိုင်းခဲ့ရာ ငွေကျပ်သိန်း ၂၀၀ တန် ကားတစ်စီးရပါက ဆောင်ရွက်ပေးမည်ဟု ကြည်လင်းက သဘောတူခဲ့ကြောင်း၊ ကြည်လင်းအား အောင်ဝင်းဇော်က ငွေကျပ် ၂၄ သိန်းခန့် ကြိုတင်ပေးခြင်း၊ ၉ မမ ပစ္စတိုတစ်လက်နှင့် ကျည် ၁၁ တောင့်၊ ငါးလုံးပြူးသေနတ်တစ်လက်နှင့် ကျည်လေးတောင့်တို့ကို ငွေကျပ် ၅၅ သိန်းဖြင့် ဝယ်ယူခြင်း၊ ဦးကိုနီ နေထိုင်သည့် ၃၇ လမ်း၊ ၄၂ လမ်း၊ ဗိုလ်အောင်ကျော်လမ်းရှိ နေအိမ်များသို့ ခုနစ်ကြိမ်ခန့် လိုက်လံချောင်းမြောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၉ ရက် ညနေ ၄ နာရီ ၅၉ မိနစ်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal – 1 ဂိတ်အမှတ်(၆) အပြင်ဘက် မော်တော်ယာဉ်ရပ်နားရာ နေရာတွင် ကလေးချီလျက် ရပ်နေသည့် ဦးကိုနီ၏ နောက်စေ့ကို ကြည်လင်းက သေနတ်ဖြင့် ချိန်ရွယ်၍ အနီးကပ်တစ်ချက်ပစ်ခတ်ပြီး ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြည်လင်းအား ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီကျော်ခန့်တွင် လေဆိပ်

ယာဉ်ရပ်နားကွင်းအနီးရှိ ပြည်သူများ၊ အငှားယာဉ်မောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဖမ်းဆီးရမိခဲ့ပြီး အောင်ဝင်းဇော်အား ဇန်နဝါရီ ၃၀ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် ကရင်ပြည်နယ် သံလွင်တံတား(ဘားအံ) စစ်ဆေးရေးဂိတ်၌ ကရင်ပြည်နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကာ ဇေယျာဖြိုးကို ဖေဖော်ဝါရီ ၃ ရက်တွင် ရန်ကင်းမြို့နယ် ကျောက်ကုန်းရပ်ကွက်ရှိ ကျောက်ကုန်း ပရိယတ္တိစာသင်တိုက်၌ တပ်မတော်က ဖမ်းဆီး၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

အမှုနှင့်ပတ်သက်၍ ကြေညာချက်များ ထုတ်ပြန်ပြီးနောက်ပိုင်း အောင်ဝင်း



အောင်ဝင်းခိုင်

ခိုင်၏ ဓာတ်ပုံများ၊ အပတ်စဉ်တူအဖွဲ့များ စုစည်းရိုက်ထားသည့် ဓာတ်ပုံများ၊ ဟောင်ကောင်တွင် မိုင်းဖြတ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလင်းဇော်ထွန်း၊ ဟောင်ကောင်ကောင်စစ်ဝန်ချုပ် ဦးဇော်ဇော်စိုး၊ သံမှူး ဦးကျော်ဇေယျာလင်းတို့နှင့် တွဲရိုက်ထား



ဇေယျာဖြိုးနေအိမ်မှ သိမ်းဆည်းရမိသည့် ICOM လက်ကိုင်စကားပြောစက်
ဓာတ်ပုံ-မင်းထက်

သည့် ဓာတ်ပုံများ၊ အောင်ဝင်းခိုင်နှင့် စီးပွား၊ ကုမ္ပဏီလုပ်ငန်းဆက်စပ်သူ ဇေယျာဖြိုး၏ ပုံများသည် ဖော်ပြချက်၊ ယူဆချက် အရေးအသားအမျိုးမျိုးဖြင့် လူမှုကွန်ရက်များတွင် ပျံ့နှံ့လာခဲ့ကြောင်း၊ ဖော်ပြသည့် ဓာတ်ပုံများနှင့်ပတ်သက်၍ ပုံပါဝင်သူများကို စိစစ်မေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး ဦးလင်းဇော်ထွန်း၊ ဦးဇော်ဇော်စိုး၊ ဦးကျော်ဇေယျာလင်း တို့ကို ခေါ်ယူ၍ တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊

လုပ်ငန်းတူ ၊ အပတ်စဉ်တူများဖြစ်ပြီး ဂေါက်ရိုက်ပြိုင်ပွဲ၊ ညစာစားပွဲအစီအစဉ်များ၊ အလှူအတန်းပြုအစီအစဉ်များ၊ ဟောင်ကောင်သို့ အလည်အပတ်သွားစဉ် တွေ့ဆုံသည့် အသိမိတ်ဆွေများနှင့် အမှတ်တရရိုက်ထားသည့် ပုံများသာ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပြီး အမှုဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးပေါ်ပေါက်မှုမရှိကြောင်း ရဲချုပ်ဇော်ဝင်း၏ ပြောကြားချက်များအရ သိရှိရသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက "ဒီအမှုဖြစ်စဉ်နဲ့ပတ်သက်ပြီး မိမိတို့ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ထိုက်သင့်



ဇေယျာဖြိုး

တဲ့ စုံစမ်းဖော်ထုတ်မှုများကို ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သော်လည်း ဆက်လက်စုံစမ်းစစ်ဆေးမှုများကို ရပ်တန့်သွားမှာမဟုတ်ဘဲ စစ်ဆေးတွေ့ရှိတဲ့ သတင်းအချက်အလက်များအပေါ် ဆက်လက်ဖော်ထုတ်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲ အပြီးတွင် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးနှင့် ရဲချုပ် ဇော်ဝင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။
**(သတင်းစဉ်)**




တရားခံ ကြည်လင်းအား ပြည်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ ဝိုင်းဝန်းဖမ်းဆီးစဉ် ဓာတ်ပုံ-မင်းထက်

ဦးကိုနီ၏ ပြောဆိုလုပ်ကိုင်ဆောင်ရွက်နေမှုများကို ပြောဆိုဆွေးနွေးခဲ့ကြပြီး အမျိုးသားရေးစိတ်ဓာတ်များ ပြင်းထန်စွာဖြစ်ပေါ်လာကာ လူငယ်သဘာဝအရ ပုဂ္ဂိုလ်ရေးမကျေနပ်မှုများ ဖြစ်ပေါ်လာခဲ့ခြင်းမှ အစပြု၍ ယခုကဲ့သို့ လုပ်ကြံမှုဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲချုပ်က


ဖြိုးသည် ZYP Co; Ltd, AIS Co; Ltd , 38 Group ကုမ္ပဏီနှင့် ရောင်ဝါဖြိုးကုမ္ပဏီတို့ကို တည်ထောင်လုပ်ကိုင်နေသူဖြစ်သည်။

အောင်ဝင်းခိုင်က သူ၏အစ်ကို အောင်ဝင်းဇော်နှင့်တိုင်ပင်ပြီး ယခုဖြစ်စဉ်ကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊

ဖြင့် ထောင်ဒဏ် ၂ နှစ် တစ်ကြိမ်၊ ထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ဘုတလင်မြို့နယ်၌ ကြည်လင်း(ခ)ဖိုးထူးနှင့်အတူ ဘုရားခိုးမှု သုံးမှုဖြင့် ထောင်ဒဏ် ၂၇ နှစ် တစ်ကြိမ် ပြစ်ဒဏ်ချမှတ်ခံရကာ ၂၀၁၄ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်



ကြည်လင်းအသုံးပြုသည့် ကျောပိုးအိတ်၊ မောင်းချဓားနှင့် ဆိုင်ကယ်သော့




အောင်ဝင်းဇော် လေဆိပ်ဂိတ်(၆) ပြည်ပဆိုက်ရောက်အတွင်း ဖုန်းပြောနေစဉ်




အောင်ဝင်းခိုင် လေဆိပ်သို့ ရောက်လာစဉ် အသုံးပြုသည့် မော်တော်ယာဉ်

# အရည်အချင်းပြည့်ဝသော ပညာရှင်ဝန်ထမ်းများအဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ရေး ကြိုးပမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလာလျက်ရှိသော နည်းပညာများကို မျက်ခြည်မပြတ်စေဘဲ လေ့လာမှုနှင့် တီထွင်ဆန်းသစ်မှုများ ပေါင်းစပ်ပြီး အရည်အချင်းပြည့်ဝသော ပညာရှင်ဝန်ထမ်းများအဖြစ် မားမားမတ်မတ်ရပ်တည်နိုင်ရေး ကြိုးပမ်းအားထုတ်ကြရန်၊ နိုင်ငံနှင့်အဝန်း နေရာဒေသအလိုက် မတူကွဲပြားသော အခြေအနေအမျိုးမျိုးတွင် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားကြရာ၌ မိမိတို့လေ့လာသင်ယူထားသော ပညာရပ်များအပြင် လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံများအပေါ် အခြေခံသုံးသပ်ပြီး အကောင်းဆုံးအဖြေရှာ ဖြေရှင်းဆောင်ရွက်ကြရန်နှင့် မိမိတို့ကိုယ်စီတာဝန်ယူထားသော လုပ်ငန်းများ၏ တာဝန်ဝတ္တရားများအပေါ် တန်ဖိုးထားပြီး စိတ်ရင်းစေတနာမှန်ဖြင့် ကြိုးစားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၁ နာရီက ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲသို့ ရောက်ရှိကြပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုဆိုင်ရာ သုတေသနလုပ်ငန်းများ၊ သင်တန်းများဖွင့်လှစ်ပို့ချပေးနေမှုများကို ကြည့်ရှုအားပေးစဉ် ထိုကဲ့သို့ပြောကြားခြင်းဖြစ်သည်။ **(အပေါ်ယာပုံ)**



အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲအတွင်းရှိ သင်တန်းခန်းမများ၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ ဓာတ်ခွဲခန်းများ၊ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဘက်စုံစာသင်ခန်းမနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲအနေဖြင့် ၁၉၈၉ ခုနှစ်မှ ၂၀၁၇ ခုနှစ် မတ်လအထိ ဆည်ရေစီမံခန့်ခွဲမှုသင်တန်း (၁၁၈)ကြိမ်တွင် သင်တန်းသား ၄၉၅၂ ဦးကို ပို့ချပေးနိုင်ခဲ့ပြီး၊ ဌာနတွင်းသင်တန်း(၃၀၇)ကြိမ်မှ သင်တန်းသား ၁၀၃၅၈ ဦးကို ဘာသာရပ်ဆိုင်ရာ နည်းပညာရပ်များ ပို့ချပေးနိုင်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၏ အနောက်ဘက်ရှိ မဇင်းရေလှောင်တမံသို့ ရောက်ရှိကြပြီး တမံအတွင်း ရေသိုလှောင်ထိန်းသိမ်းထားနိုင်မှု၊ ဒေသသောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ပဲခူးမြို့ပတ်ဝန်းကျင်တွင် မိုးတွင်း ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မဇင်းရေလှောင်တမံကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၏ အနောက်ဘက် ကပ်လျက်စီးဆင်းနေသော မဇင်းချောင်းနှင့် ကြက်သောင်းချောင်းတို့ဆုံရာအထက်တွင် တည်ဆောက်ထားပြီး တမံအမြင့် ပေ ၆၀၊ တမံအလျား ပေ ၄၁၀၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ကာ အကျယ် (၄ × ၆)ပေ၊ အရှည်ပေ ၁၇၀ ရှိ သံကူကွန်ကရစ်အမျိုးအစား ရေထုတ်ပြွန်တစ်ခုပါရှိသည်။ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၆၁၈၆ ဧကပေရှိပြီး အကျယ် ပေ ၃၀၊ အလျား ၂၈၅ ပေရှိ ရေပိုလွှဲတပ်ဆင်ထားသည်။ တူးမြောင်းမကြီး တစ်ခု၊ လက်တံမြောင်း ၁၆ ခုတို့မှ စိုက်ပျိုးရေနှင့် ပဲခူးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥပဒေပညာရှင် ပါမောက္ခ ဒေါက်တာတင်အောင်အေး ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ငွေကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

(၁၁)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆု(၂၀၁၆)ဆုပေးပွဲတွင် သုတပဒေသာ(အင်္ဂလိပ်)ဘာသာရပ်၌ “Constitutions and Constitutional Courts of the Nations ” စာအုပ်ဖြင့် စာပေဆုရရှိသူ ဥပဒေပညာရှင် ပါမောက္ခ ဒေါက်တာတင်အောင်အေးက အဆိုပါဆုချီးမြှင့်ငွေအား ရန်ကုန်မြို့ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ယနေ့ နံနက်ပိုင်းက လာရောက်လှူဒါန်းသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ငွေအား ပဒေသာပင်အလှူငွေကျပ် ၁၂ သိန်းနှင့် အာဟာရဒါန ကျွေးမွေးခြင်း အလှူတော်မင်္ဂလာပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

“စာရေးသက် နှစ် ၆၀ ကျော်အတွင်း ကျမ်းကြီးပေါင်း ၂၀ ကျော် ရေးသားပြီးပါပြီ။ စာပေခရီးစဉ်တစ်လျှောက် ၁၉၈၆ ခုနှစ်က စာပေဗိမာန်စာမူဆု၊ ၂၀၀၆ ခုနှစ်က ဆရာဝန်တင်ရွှေဆု၊ အခု ၂၀၁၆ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆု အပါအဝင် သုံးဆုရခဲ့ပါတယ်။ အခုက ထွန်းဖောင်ဒေးရှင်းက ချီးမြှင့်တဲ့ဆုငွေကို ဘိုးဘွားရိပ်သာပဒေသာပင်အဖြစ် လှူဒါန်းတာပါ။ သူငယ်ချင်းမိတ်ဆွေတွေကိုလည်း ဖိတ်ကြားပြီး တွေ့ဆုံခဲ့ပါတယ်” ဟု ပါမောက္ခ ဒေါက်တာတင်အောင်အေးက ပြောကြားသည်။

အလားတူ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ စေတနာ့ဝန်ထမ်းများအား နှစ်စဉ် ပုံမှန်ဂုဏ်ပြုသည့်အခမ်းအနားကိုလည်း မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကို ၁၉၃၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ရာ ယခုအချိန်တွင် ၈၄ နှစ် တိုင်ခဲ့ပြီဖြစ်ပြီး လက်ရှိအချိန်တွင် အဘိုး ၅၈ ဦး၊ အဘွား ၁၂၅ ဦး စုစုပေါင်းဦးရေ ၁၈၃ ဦးရှိသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ရာသက်ပန်အလှူရှင်များနှင့် ပြင်ပအလှူရှင်များ လာရောက်လှူဒါန်းလျက်ရှိရာ လှူဒါန်းလိုသူများသည် အမှတ်(၂၁) ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နှင့် ဖုန်း -၅၄၁၇၉၆၊ ၅၄၁၇၉၇၊ လိုင်းခွဲ - ၄၀၇/၄၀၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီ**

**ဓာတ်ပုံ - ရဲထွဋ်**




**ဥပဒေပညာရှင် ပါမောက္ခ ဒေါက်တာတင်အောင်အေး ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်ငွေကျပ် ၁၂ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းစဉ်** (သတင်းစဉ်)

# ရန်ကုန်စာအုပ်လမ်း၌ ဝတ္ထုထဲမှ ဇာတ်ကောင်များနှင့် စကားပြောခြင်း အစီအစဉ် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ပွင့်လင်းရာသီအပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်တိုက်စက်ရုံရှေ့၌ ဖွင့်လှစ်သည့် ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ယနေ့ အဋ္ဌမပတ်(၁၅)ရက်မြောက်နေ့အဖြစ် နံနက် ၉ နာရီက စတင်ဖွင့်လှစ်ရောင်းချရာ ညနေ ၆ နာရီအထိ ရောင်းသူဝယ်သူများဖြင့် စည်ကားခဲ့ကြောင်း တွေ့ရသည်။

ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းနှင့်အတူ “စာမဖတ်သူပပျောက်ရေး”အစီအစဉ်ရည်ရွယ်ချက်ဖြင့် စာရေးဆရာ မြတ်ခိုင် စီစဉ်သည့် “ဝတ္ထုထဲမှ ဇာတ်ကောင်များနှင့် စကားပြောခြင်း” အစီအစဉ်ကို သုံးပတ်မြောက်အဖြစ် ညနေ ၃ နာရီတွင် စာအုပ်ဈေးတန်း ဝန်ကြီးများရုံးအရှေ့ဘက်ခြမ်း၌ ကျင်းပသည်။

ယင်းအစီအစဉ်တွင် စာပေ၊ ဇာတ်သဘင်နှင့် ရုပ်ရှင်အနုပညာရှင်များ ဖြစ်ကြသည့် ချစ်ဦးညို၊ နန်းဝင်း၊ ပြေတီဦး၊ နန်းခင်မွေး၊ အေးမြတ်သူနှင့် ထွန်းလွင်အောင်တို့က ဝတ္ထုများ၌ ဇာတ်ကောင်များဖန်တီးမှု၊ သရုပ်ဆောင်အဖြစ် ပီပြင်စွာ သရုပ်ဆောင်မှု စသည့်အနုပညာအတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ “ဝတ္ထုထဲမှ ဇာတ်ကောင်များနှင့် စကားပြောခြင်း” အစီအစဉ်ကို ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း၌ အပတ်စဉ် စနေနေ့တိုင်း ညနေ ၃ နာရီမှ စတင်ကာ စာရေးဆရာများ၊ ရုပ်ရှင်၊ သဘင်၊ အနုပညာရှင်များက ၎င်းတို့၏ အနုပညာဖန်တီးမှု အတွေ့အကြုံများကို ပြောကြားကြမည်ဖြစ်ကြောင်း အခမ်းအနားမှူး မောင်မျိုး(ကြောင်နှစ်ကောင်)ထံမှ သိရသည်။

“ဒီလိုအစီအစဉ်မျိုး ဒီစာအုပ်ဈေးတန်းမှာရှိတာ သဘာဝကျပါတယ်။ ရေးသူ၊ ဖတ်သူနဲ့ ရုပ်ရှင်၊ သဘင်၊ အနုပညာရှင်တွေ တိုက်ရိုက်ထိတွေ့ သိရှိရလို့ရယ်၊ သူတို့ရဲ့ အနုပညာလှုပ်ရှားမှု ပီပီပြင်ပြင်ဖြစ်ဖို့ ဘယ်လောက်ထိ ကြိုးစားသရုပ်ဆောင် လှုပ်ရှားကြရတယ်ဆိုတာကို သိခွင့်ရလို့ ချီးကျူးမိပါတယ်။ အပတ်စဉ်လာရောက် နားထောင်သွားမှာပါ” ဟု ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်နေ စာပေဝါသနာရှင် ကိုမောင်မောင်သက်က ပြောသည်။

**သတင်း-ကိုချစ်**

**ဓာတ်ပုံ-တင်အေး(ပြန်/ဆက်)**




○ *ရှေ့ဖုံးမှ*

သံလမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ရထားများ မိုင်နှုန်းတိုးမြှင့်မောင်းနှင်နိုင်မည်ဖြစ်ကြောင်း၊ ဘူတာများ သန့်ရှင်းပြီး မိုးလုံလေလုံဖြစ်ရမည်ဖြစ်ကြောင်း ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး အကောင်းဆုံးဝန်ဆောင်မှုများပေးရန်လိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ဘူတာများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဘူတာခြောက်ခုမှာ အဆင့်မြှင့်တင်ပြီးစီးသွားပြီဖြစ်သည်။

“မြို့ပတ်ရထားလမ်းစနစ်ထဲမှာ RBE ရထားတွေ ရောက်လာပြီးတဲ့နောက် ရထားအတက်အဆင်း အဆင်ပြေစေဖို့ ပလက်ဖောင်းတွေရဲ့အမြင့်ကို မူလသံလမ်းမှ ၂၇ လက်မအမြင့် မြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ အခုလောလောဆယ်မှာတော့ ဘူတာခြောက်ခု အဆင့်မြှင့်တင်ဆောင်ရွက်ပြီးသွားပြီဖြစ်ပါတယ်။ မြို့ပတ်ရထားလမ်းရှိ ဘူတာအားလုံး အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘူတာ ၃၇ ဘူတာရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထဲမှာ အပြီးဆောင်ရွက်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်” ဟု အလုံလမ်းဘူတာ တည်ဆောက်ရေးလုပ်ငန်းခွင်မှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးမောင်ချိုက ပြောသည်။

အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးသွားသော ဘူတာများမှာ လမ်းမတော်ဘူတာ၊ ပြည်လမ်းဘူတာ၊ ရှမ်းလမ်းဘူတာ၊ အလုံလမ်းဘူတာ၊ လှိုင်လမ်းဘူတာနှင့် ဟံသာဝတီလမ်းဘူတာများဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့ပတ်ရထားစီးနင်းသူ ခရီးသွားများ တစ်နေ့တခြား များပြားလာလျက်ရှိရာ RBE ရထား ၁၃ စီးဖြင့် ၂၆ ဆိုင်းပြေးဆွဲလျက်ရှိသည့်အပြင် ခေါက်ရေအားဖြင့် ၂၂၅ ခေါက် နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယင်းမှာ ယခင်ကထက်ပိုမိုပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့၌ ၆ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့နှင့် ဟားခါးမြို့တို့၌ ၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးအားကစားပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၆-၂၀၁၇ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂေါက်သီးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ဂေါက်ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆုချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် လိုင်းနှင့် အနီးဆုံးရိုက်ချက် ဆုရရှိသူများ၊ ကျင်းနှင့် အနီးဆုံးရိုက်ချက် ဆုရရှိသူများ၊ အဝေးဆုံးရိုက်ချက် ဆုရရှိသူများ၊ တစ်ဦးချင်း (အကျော့ပေး) ပြိုင်ပွဲနှင့် တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲများတွင် အကောင်းဆုံးဆုရရှိသူများ၊ Par များဆုံးဆု၊ Birdie အများဆုံးဆု၊ Eagle အများဆုံးဆု၊ တစ်ချက်တည်း ကျင်းဝင်ဆုရရှိသူများ၊ တစ်ဦးချင်း (အကျော့ပေး)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများ၊ တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(လေ)အသင်းတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(လေ)အသင်းနှင့် အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ)အသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) အသင်းနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့အား တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမရရှိသည့်အသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့်အဖွဲ့ အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်းသို့ လှူဒါန်း

**ကျောက်တံခါး ဖေဖော်ဝါရီ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အင်းပါတ်လည်ကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာအနီး ရန်ကုန်-နေပြည်တော် အမြန်လမ်းဘေးတွင်ရှိသော (YGW) အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း မိဘမဲ့ကလေးနှင့် ပညာရေးချို့တဲ့ကလေးများစောင့်ရှောက်ရေးကျောင်းတွင် လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီးနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများမှ (YGW)အဝါရောင်မျိုးဆက်သစ် မိဘမဲ့ကလေးများ စောင့်ရှောက်ရေးပရဟိတကျောင်းသို့ ဆန် ၁၅ အိတ်၊ ဆီ ၃၂ ပိဿာ၊ ယမ်းယမ်းခေါက်ဆွဲခြောက် လေးဖာနှင့်အတူ မုန့်မျိုးစုံ အချိုရည်နှင့် သက်နီးထည့်ထားသော ဆွဲခြင်း ခုနစ်ခြင်း၊ လှူဒါန်းငွေကျပ် သိန်း ၅၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များ အဝါရောင်မျိုးဆက်သစ် လူငယ်ပရဟိတအသင်း၌ ကလေးငယ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

❖ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် နည်းဗျူဟာမှန်ကန်မှုအပြင် ကစားပုံပိုကောင်းလာသောကြောင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ရခိုင်အသင်းမှာမူ ခံစစ်ပိုင်းနှင့် ဂိုးသမားအမှားများခဲ့သောကြောင့် ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲတွင် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး နိုင်ငံခြားသားတိုက်စစ်မှူး နှစ်ဦးဖြစ်သည့် ခရစ္စတိုဖာနှင့် ကင်မ်တို့ကို တစ်ပြိုင်နက်အသုံးပြုခဲ့သည်။ ရှုံးပွဲမရှိသေးသည့် ရခိုင်အသင်း ခံစစ်ပိုင်းကို ဖိအားပေးနိုင်ရန် ရှမ်းယူနိုက်တက်အသင်း ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၆ မိနစ်တွင် တိုက်စစ်မှူး ခရစ္စတိုဖာက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ခရစ္စတိုဖာသည် ယခုရာသီတွင် ငါးဂိုးမြောက်သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်း ချေပဂိုးပြန်ရရန် တိုက်စစ်အား မြှင့်လာခဲ့သော်လည်း ရှမ်းယူနိုက်တက် နောက်တန်း အမှားမရှိခဲ့ပေ။ ရှမ်းယူနိုက်တက်အသင်းသည် ခံစစ်ကို စနစ်တကျပိတ်ဆို့ပြီး ဂိုးရရှိရန် ရခိုင်နောက်တန်း အမှားကိုစောင့်ကာ တိုက်စစ်ဆင်ခဲ့သည်။ မိနစ် ၇၀ တွင် ထိုက်ထိုက်အောင်က ရှမ်းယူနိုက်အသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြီး ၈၇ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပယ်နယ်တီကို ကွင်းလယ်လူ မက်ဆီမင်က သွင်းယူခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

တောင်ငူကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ၃၉ မိနစ်တွင် နောက်ခံလူ မိုကာလူးနှစ်ဝါတစ်နီဖြင့် အထုတ်ခံရသော်လည်း အဝေးကွင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ရန်ကုန်အတွက် အနိုင်ဂိုးများကို ၁၅ မိနစ်တွင် မိုကာလူး ၅၅၊ ၈၆ မိနစ်တွင် အီမီကာတို့က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၆ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့် Southern၊ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်နှင့် မကွေး၊ သုဝဏ္ဏကွင်း၌ GFA နှင့် ဇွဲကပင်၊ ပုသိမ်ကွင်း၌ ရောဝတီနှင့်နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

❋ *ကျောဖုံးမှ*

ဆောင်ရွက်တဲ့ပွဲ ဖြစ်ပါတယ်။ My Yangon My Home ဆိုတာကတော့ ဒါတို့မြို့တော်၊ ဒါတို့အိမ်ဆိုတဲ့ အမည်လေးပါပဲ။ ကိုယ့်မြို့ကိုယ့်ရွာကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်မလဲဆိုတာ အသိပေးခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူတွေဟာ ကိုယ့်မြို့ကိုယ့်ရွာတွေကို ချစ်မြတ်နိုးတတ်သူတွေဖြစ်ပါတယ်။ အခုဆိုရင် ပြည်သူတွေကိုယ်တိုင် ကိုယ့်မြို့ ကိုယ့်ရွာကို ဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးခွင့်ရရှိနေပြီဖြစ်ပါတယ်''ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

ဒုတိယအကြိမ်မြောက် တို့ရန်ကုန် တို့အိမ်ရာ အနုပညာပွဲတော်တွင် ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၄၃ ဦးက ပိုစတာများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပထမအကြိမ် ပိုစတာ ၆၀ ပါဝင်ပြသခဲ့ကြောင်း သိရသည်။ ပိုစတာများမှာ ရန်ကုန်မြို့ပြ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ၊ အရာဝတ္ထုပစ္စည်းများ ပါဝင်ပြသခဲ့ကြောင်း။

ယင်းပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁၂ ရက်အထိ ရန်ကုန်မြို့၏ အများပြည်သူများနှင့် သက်ဆိုင်သော နေရာများတွင် ဆက်လက်ခင်းကျင်းပြသမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အခမ်းအနားတွင် ပိုစတာဆုရရှိသူများအား ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ရှမ်းပြည်နယ် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ နှစ်သစ်မင်္ဂလာ မိတ်ဆုံစားပွဲကျင်းပ

**လားရှိုး ဖေဖော်ဝါရီ ၂၅**

လားဟူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၏ နှစ်သစ်မင်္ဂလာ မိတ်ဆုံစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ လားဟူတိုင်းရင်းသားရိုးရာ ဖူးပလွေအကဖြင့် ကပြ ဖျော်ဖြေကာ အခမ်းအနားဖွင့်လှစ်ခဲ့ပြီး ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးယောနက နှစ်သစ်မင်္ဂလာကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ထံမှပေးပို့သည့် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ နှစ်သစ်မင်္ဂလာ မိတ်ဆုံစားပွဲသဝဏ်လွှာကို ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ဖတ်ကြားသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်းထွဋ်၊



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်စိုး၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းတို့ တက်ရောက်ကြကာ နှစ်သစ်မင်္ဂလာအမှာစကားများ ပြောကြားသည်။

ထို့နောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်မင်္ဂလာ အမှတ်တရလက်ဆောင်ပစ္စည်းများကို အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များကို ပေးအပ်ခဲ့ကြပြီး ပွဲတော်ကျင်းပရေး အတွင်းရေးမှူး ဦးကျာချိဖိလစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကာ လားဟူတိုင်းရင်းသားရိုးရာ အိုးစည်အကဖြင့် ကပြဖျော်ဖြေမှုပြုခဲ့ကြောင်း သိရသည်။

**အောင်ကောင်းမွန် (လားရှိုး)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# သုတေသနနှင့် အနုပညာ

## တက်စိုး(ယဉ်ကျေးမှုဗေဒ)

မကြာခင်ကာလက ရန်ကုန်တက္ကသိုလ် သမိုင်းဌာနအတွက် ကျောင်းသားသစ် လျှောက်ထားခြင်းမရှိဆိုပြီး အုတ်အော် သောင်းတင်း ဖြစ်သွားခဲ့ပါတယ်။ အဲဒီအတွက် ကိုယ်သိ သလောက် လေ့လာထားတာကို ရေးသင့်တယ်ထင်လို့ ဒီဆောင်းပါးကို ရေးဖြစ်တာပါ။

သမိုင်းဆိုတာ အတိတ်အကြောင်းအရာတွေကို မှတ်တမ်းတင်ခြင်း၊ အနာဂတ်အတွက် သုတေသနပြုပြန်လည်ရေးသားခြင်းတို့ဖြစ်ပါတယ်။ အဓိကက အနာဂတ်အတွက် အသုံးချနိုင်မှုပညာရပ်ဟာ ပိုပြီးအသက်ဝင်မှာပါ။ သမိုင်းအတွက် သုတေသနဟာ ပိုပြီးအရေးပါတယ်လို့ထင်ပါတယ်။ အခု မြန်မာနိုင်ငံ ပညာရပ်နယ်ပယ်အတွက် လူပြောသူပြောများနေတာက သုတေသနဆိတ်သုဉ်းနေတယ်လို့ ဆိုကြပါတယ်။

ကျွန်တော် ဒီဆောင်းပါးမှာ အယူအဆသစ်တစ်ခုကို တင်ပြလိုပြီး တစ်ဦးတစ်ယောက်မှ အသုံးပြုထားခြင်းမရှိသေးတဲ့ အထောက်အထားတစ်ခု အယူအဆသစ်ထုတ်ယူခြင်း၊ သီအိုရီဖြင့် နှိုင်းယှဉ်ခြင်းဆိုတဲ့ သုတေသနနည်းလမ်းကို တင်ပြလိုရင်း ဖြစ်ပါတယ်။ ဒီနေရာမှာ သုတေသနလုပ်ရာမှာ အသစ်ဖြစ်တဲ့ ရှုထောင့်ကို ရှာဖွေတွေ့ရှိခြင်းဟာ အနုပညာတစ်ခုဆိုတာကိုလည်း ထောက်ပြလိုပါတယ်။

လွန်ခဲ့တဲ့ ငါးနှစ်ကျော်ကျော်လောက်က ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အထင်ကရ ပန်းချီပညာရှင်ကြီး(ကွယ်လွန်)ရဲ့ ပန်းချီပြပွဲလုပ်ပါတယ်။ ကျွန်တော်လည်း တက်ရောက်ခဲ့ပါတယ်။ ပန်းချီနဲ့ပတ်သက်လို့ သိပ်နားမလည်တဲ့အတွက် ပန်းချီဆရာကြီးဖြစ်မယ်ထင်တဲ့တစ်ယောက်ကို ချဉ်းကပ်ပြီး မေးမြန်းဖြစ်ပါတယ်။ သူက မှတ်ဆိတ်နဲ့ အဝတ်အစားခပ်နွမ်းနွမ်းဆိုတော့ အနုပညာသမား ဖြစ်ဟန်တူတယ်လို့ ခန့်မှန်းခဲ့ပါတယ်။ နောင်မှသိတာက သူလည်း ဆရာ့ဆရာကြီးတစ်ယောက်ပါ။ သူ့ရဲ့ ရှင်းပြမှုက ကျွန်တော့်အတွက် ကြီးမားတဲ့စဉ်းစားမှုကို ဖြစ်ပေါ်စေပြီး ဉာဏ်သစ်လောင်းလိုက်သလို ဖြစ်စေခဲ့ပါတယ်။ ရှင်းပြချက်ကတော့ အခုပြပွဲကျင်းပတဲ့ ပန်းချီဆရာကြီး နိုင်ငံခြားမှာ ပန်းချီပညာလေ့လာရင်း ရေးဆွဲခဲ့တဲ့ပန်းချီကားတွေက နိုင်ငံတကာအဆင့်မီပါတယ်တဲ့။

မြန်မာပြည်ပြန်ရောက်ပြီးမှ ဆွဲတဲ့ပန်းချီကားတွေက ချာတူးလန်တွေတဲ့။ အဲဒီလိုပြောပြီး ထွက်သွားခဲ့ပါတယ်။ အဲဒီအဖြေကိုသိဖို့ စဉ်းစားရင်း နောင်မှာ နားလည်လာတာက ရေဒီယိုကနေ မိန့်ခွန်းပြောကြားရာမှာ လွတ်လပ်ရေးမရမီက ဘီအေများဟာ အရည်အချင်းပြည့်မီပြီး လွတ်လပ်ရေးရပြီး ဘီအေများဟာ အရည်အချင်းမပြည့်ဟု မည္သာမတာ နှိုင်းယှဉ်ပြောဆိုထားပါတယ်။

ဒီနောက်ပိုင်းပညာရေး ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပါတယ်။ ပြည်တော်သာ စီမံကိန်းနဲ့အတူ ဘဝသစ်ပညာရေး

**ပညာတတ်ဆိုတာ နည်းစနစ်ကျွမ်းကျင်သူ၊ စံသတ်မှတ်ချက်အရ ပညာတတ်မြောက်ထားသူကို ဆိုလိုပါတယ်။ ပညာရှင်ဆိုတာ ခွဲခြမ်းစိတ်ဖြာရှုမြင်တတ်ပြီး ရှုထောင့်သစ်နဲ့ တင်ပြနိုင်သူဖြစ်ရပါမယ်။ စိတ်ပိုင်းဆိုင်ရာ စုစည်းမှုအားကောင်းပြီး အနုစိတ်ရှုမြင်ပြီး တင်ပြမှုအသစ်ကို ဖော်ထုတ်သူ၊ အနုပညာဉာဏ်ရှိသူလို့ ဖွင့်ဆိုရပါမယ်**

အတတ်ပညာနဲ့ အနုပညာကွဲပြားမှုပဲ ဖြစ်မယ်ထင်ပါတယ်။ ရှုထောင့်သစ်တစ်ခု ရှာမတွေ့ရင် လက်မှုပညာအဖြစ်သာ သတ်မှတ်နိုင်မှာဖြစ်ပြီး ရှုထောင့်သစ်တစ်ခုတင်ပြနိုင်မှ အနုပညာဖန်တီးမှုဖြစ်တယ်ဆိုတာ ကောင်းကောင်းသဘောပေါက်လာခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာလည်း သုတေသနပြုသူတွေဟာ ရှုထောင့်သစ်ရှာမတွေ့နိုင်တဲ့ ဘွဲ့ရနည်းစနစ်ကျွမ်းကျင်သူများသာ ဖြစ်ကြပါတယ်။

သုတေသန နမူနာတစ်ခုကို တင်ပြလိုပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုရဲ့ ရေဒီယိုမိန့်ခွန်းကို ကိုးကားပြီး အဆိုသစ်တစ်ခု ထုတ်ပြချင်တာပါ။

၁၉၅၃ ခုနှစ်က တက္ကသိုလ်များရဲ့ စာသင်ချိန်ပြောင်းလဲရန် ဆောင်ရွက်ရာမှာ ကျောင်းသားအရေးအခင်းဖြစ်ပွားခဲ့ပါတယ်။ အဲဒီအချိန်က တက္ကသိုလ်အဓိပတိဖြစ်တဲ့ ဦးနုက ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ စမ်းသပ်ဆဲကာလမှာပဲ တိုင်းပြည်ဆူပူသောင်းကျန်းပြီး အာဏာသိမ်းလိုက်ပါတယ်။ မူလကျဆင်းနေတဲ့ပညာရေးဟာ ဆက်တိုက်ကျဆင်းမှုကြုံရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပညာရေးနိမ့်ကျမှုမှာ လွတ်လပ်ရေးရပြီးခေတ်မှစခဲ့တာကို အထက်ပါ အထောက်အထားအရ လေ့လာတွေ့ရှိရပါတယ်။ ပညာရေးတိုးတက်ပြောင်းလဲအောင် လုပ်ဆောင်တဲ့နေရာမှာ ဒီအဆိုကို ထည့်သွင်းစဉ်းစားရင် အဖြေတစ်မျိုးထွက်လာနိုင်ပါတယ်။

ပညာရေးနိမ့်ကျရခြင်းကို သီအိုရီအရ ချဉ်းကပ်တင်ပြလိုပါတယ်။ ကိုလိုနီခေတ်က ပညာရေးသီအိုရီမှာ Classical Education Theory ဖြစ်ပါတယ်။ စာပေမှတစ်ဆင့် ဘာသာစကား၊ သဒ္ဒါ၊ အတွေးအခေါ်တို့ကို သင်ကြားခြင်းဖြစ်ပါတယ်။ ထိုမှတစ်ဆင့် ဥပဒေ၊ အုပ်ချုပ်ရေးဆိုင်ရာ ဝိဇ္ဇာဘာသာရပ်များကို သင်ကြားပါတယ်။


ကိုလိုနီပညာရေးစနစ်ရဲ့ အလုပ်ဖြစ်ပုံကို အားလုံးအသိဖြစ်ပါတယ်။ ဘာသာစကားစာပေဘက်မှာ ကျွမ်းကျင်မှုခေတ်ပေါ်လောကဓာတ်ပညာရေးကို လေ့လာရာမှာ အထောက်အကူပြုပါတယ်။ စာဖတ်စွမ်းအားနည်းသူများကို လောကဓာတ်ပညာများ အတင်းခွံ့ကျွေးတဲ့အတွက် ပညာရေး နိမ့်ကျရခြင်းသဘောကို သိနားလည်ဖို့လိုပါမယ်။

လွတ်လပ်ရေးရပြီးခေတ်မှာ ကိုလိုနီပညာရေးသီအိုရီကို ရှုတ်ချပြီး လောကဓာတ်ပညာဦးစားပေးတဲ့ ခေတ်သစ်ပညာရေးစနစ်ကို မပြည့်မစုံသင်ကြားခြင်းကြောင့် လိုရာမရောက် ဟိုဘက်လည်းမရောက် ဒီဘက်လည်း လက်လွတ်ဖြစ်သွားခဲ့ရခြင်းဖြစ်ပါတယ်။ (၂၀)ရာစု ပညာရေးမှာ သီအိုရီအများအပြားပေါ်ထွန်းပြီး နေရာဒေသအလိုက် ကွဲပြားစွာကျင့်သုံးနေကြပါတယ်။ ပညာရေးသီအိုရီကို ကောင်းစွာနားလည်ပြီးမှ အကောင်အထည်ဖော်မယ့် နည်းလမ်းရွေးချယ်ရမှာ ဖြစ်ပါတယ်။

မျက်မှောက်အခြေအနေမှာ တက္ကသိုလ်ကောလိပ်မြောက်မြားစွာရှိပြီး သမိုင်းအဓိက ကျောင်းသားအများအပြားရှိသော်ငြား မျက်မှောက်မြန်မာစာပေနယ်မှာ ဦးဆောင်ဦးရွက်ပြုမှု၊ ကိုယ်စားပြုမှုနည်းပါးတာကို တွေ့ရှိရပါတယ်။ ထိုသို့ဖြစ်ရခြင်းက သမိုင်းသုတေသနပြုလုပ်ရာမှာ ရှုထောင့်သစ်မှုရှုမြင်မှု အားနည်းခြင်းကြောင့်လို့ ယူဆပါတယ်။ ပုံနှိပ်ထုတ်ဝေမှုမပြုနိုင်တဲ့ ဌာနတွင်းကျမ်းများအဖြစ်သာ ရေးသားပြုစုနေကြခြင်းကြောင့် ဖြစ်ပါတယ်။

ပညာရပ်နယ်ပယ်ရဲ့ဓလေ့တစ်ခုကို ထောက်ပြလိုပါတယ်။ ပညာတတ်ဆိုတာ နည်းစနစ်ကျွမ်းကျင်သူ၊ စံသတ်မှတ်ချက်အရ ပညာတတ်မြောက်ထားသူကို ဆိုလိုပါတယ်။ ပညာရှင်ဆိုတာ ခွဲခြမ်းစိတ်ဖြာရှုမြင်တတ်ပြီး ရှုထောင့်သစ်နဲ့ တင်ပြနိုင်သူဖြစ်ရပါမယ်။ စိတ်ပိုင်းဆိုင်ရာ စုစည်းမှုအားကောင်းပြီး အဏုစိတ်ရှုမြင်ပြီး တင်ပြမှုအသစ်ကို ဖော်ထုတ်သူ၊ အနုပညာဉာဏ်ရှိသူလို့ ဖွင့်ဆိုရပါမယ်။ နယ်ပယ်အသီးသီးမှာ အနုပညာဉာဏ်ကွန့်မြူးသူကို တန်ဖိုးထားဖော်ထုတ်ရန် လိုအပ်ပါတယ်။ အနုပညာကို အမျိုးသားရေးလှုပ်ရှားမှုအသွင်နဲ့ အားပေးဖို့လိုအပ်နေပြီဖြစ်ပါတယ်။

သုတေသနပြုလုပ်မယ့် လူငယ်များအတွက် တစ်ဆင့်ခံစာအုပ်များကို ဖတ်ရှုလေ့လာကူးရေးတာမျိုးမဟုတ်ဘဲ မူရင်းအထောက်အထားစာရွက်စာတမ်းတစ်ခုမှ အယူအဆသစ်ရှုထောင့်သစ်ရှာဖွေသင့်ကြောင်း အကြံပြုလိုပါတယ်။



## ကယားပြည်နယ် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နေရာသစ်ရှာဖွေ

**လွိုင်ကော် ဖေဖော်ဝါရီ ၂၅**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်တာဝန်ရှိသူများသည် ဖေဖော်ဝါရီ၂၄ ရက် နံနက် ၁၀ နာရီခွဲက ကယားပြည်နယ်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်တိုးချဲ့ရန် ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာအနီးရှိ ထီးပရူနူလိုဏ်ဂူသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ထီးပရူနူလိုဏ်ဂူ၏ ထူးခြားချက်သည် ဒေသခံများနှင့် နိုင်ငံခြားခရီးသွားများ စူးစမ်းလေ့လာချက်များအရ ထီးပရူနူလိုဏ်ဂူမှရေများသည် ဒီးမော့ဆိုမြို့နယ် ကွိုင်ငံကျေးရွာအနီးရှိ ကွိုင်ငံရေထွက်သို့ စီးဆင်းနေခြင်း၊ လိုဏ်ဂူဝတွင် သဘာဝရေတံခွန်ဖြစ်ပေါ်နေခြင်း၊ မြေအောက်မြစ်၊ မြေအောက်ဂူ နှစ်မျိုးတွဲနေပြီး နှစ်ဖက်ပွင့် မြေအောက်ဂူဖြစ်နေခြင်း၊ ထီးပရူနူလိုဏ်ဂူမှ အတွင်းဘက်တစ်မိုင်ကျော်၌ လိုဏ်ဂူမျက်နှာပြင်ပေ၂၀၀ ကျော် ကျယ်ဝန်းခြင်း၊ လက်ရှိ ထီးပရူနူလိုဏ်ဂူမှ အတွင်းဘက် နှစ်မိုင်ကျော်အထိ သွားရောက်စူးစမ်းလေ့လာနိုင်ခြင်း၊ ငွေတောင်ဆည်ရေစီးဝင်မှုအရင်းအမြစ် ဖြစ်ခြင်း၊ လိုဏ်ဂူအတွင်း သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေတံခွန်များနှင့် ကျောက်စက်ပန်းဆွဲများဖြင့် လှပစွာတည်ရှိနေခြင်းတို့ဖြစ်သည်။

အဆိုပါလိုဏ်ဂူသည် လွိုင်ကော်မှ ဖရူဆိုမြို့သို့ ၂၁ မိုင်၊ ဖရူဆိုမြို့မှ ထီးပရူနူလိုဏ်ဂူသို့ ၁၀ မိုင်ကျော် ခရီးအကွာအဝေး၌သာ တည်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစွာ သွားလာနိုင်ခြင်း၊ ဘူမိဗေဒအနေအထားကိုပြည်တွင်း၊ ပြည်ပခရီးသွားများနှင့် ပညာရှင်များ လေ့လာစူးစမ်းနိုင်ခြင်းတို့ကြောင့် ကယားပြည်နယ်၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ်တိုးချဲ့နိုင်ရေးအတွက် နေရာသစ်အဖြစ် ဖော်ထုတ်ဆောင်ရွက်သွားရန် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဒေသခံများအား မှာကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ပြည်ကြီးမဏ္ဍိုင်မြို့ ချောင်းမွန်ကျေးရွာ၌ သက်တမ်းရင့် ရေတံခွန်တစ်ခုတွေ့ရှိ

**ပြည်ကြီးမဏ္ဍိုင် ဖေဖော်ဝါရီ ၂၅**


တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ရှစ်မိုင်ခန့်ဝေးကွာသော ထောင်ငါးသိုင်းကျေးရွာအုပ်စု ချောင်းမွန်ငါးကျေးရွာအနောက်တောင်ဘက်အရပ်ရှိ ငါးမိုင်ခန့် ဝေးကွာသောနေရာ၌ သက်တမ်းရင့်ရေတံခွန်တစ်ခု တည်ရှိနေကြောင်း သိရသည်။

အဆိုပါရေတံခွန်သည် နှစ်ပေါင်းတစ်ရာကျော်ခန့် သက်တမ်းကြာမြင့်ပြီဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းသုံးရာသီစလုံး ရေခန်းခြောက်ခြင်းမရှိ ရေများစီးဆင်းလျက်ရှိသည်။ ယင်းရေတံခွန်သည် အဆင့်သုံးဆင့်တည်ရှိပြီး ပထမအဆင့်မှာ အမြင့် ၄၅ ပေ၊ ဒုတိယ အဆင့်မှာ ၁၅ ပေအမြင့်၊ တတိယအဆင့်မှာ ခုနစ်ပေခန့် မြင့်မားကြောင်း ခန့်မှန်းခြေအရ သိရှိရသည်။

ပထမအဆင့်ရေတံခွန်မှာ နွေရာသီ၌ပင် အလျားပေ ၅၀၊ အနံ ၃၅ပေ၊ အနက် ၁၈ ပေခန့်၊ ဒုတိယအဆင့်ရေတံခွန်မှာ အလျားပေ ၄၀၊ အနံ ၂၅ ပေ၊ အနက် ၁၂ ပေ ခန့်မှန်းခြေအရ သိရှိရသည်။

မိုးရာသီစီးဆင်းသော ရေသံမှာ ကျယ်လောင်လွန်းလှ၍ အဆိုပါရွာမှ ပင်ကြားရကြောင်း၊ ရေတံခွန်မှစီးဆင်းနေသောရေအားကြောင့် ရေအားလျှပ်စစ်ထုတ်ယူရရှိနိုင်ပြီး ထောင်ငါးသိုင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအားလုံးသို့ ရေများပေးဝေ ဖြန့်ဖြူးနိုင်သည့် အဆင့်၌ရှိကြောင်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



# ဖလမ်းမြို့တည် နှစ် (၁၂၅)နှစ်ပြည့်၊ ပြည်သူ့ဆေးရုံနှစ်(၁၀၀)ပြည့်နှင့် မြို့နယ်ခန်းမ နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပ

ဟားခါး ဖေဖော်ဝါရီ ၂၅

**ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့တည်နှစ် (၁၂၅)နှစ်ပြည့်၊ ဖလမ်းမြို့ ပြည်သူ့ဆေးရုံနှစ်(၁၀၀)ပြည့်နှင့် ဖလမ်းမြို့မြို့နယ် ခန်းမ နှစ်(၁၀၀)ပြည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ရာပြည့်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးတို့က ဖလမ်းမြို့တည် နှစ် (၁၂၅)နှစ်ပြည့် အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခမ်းအနားကို စတင်ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဆလိုင်းရီယန်ဖဲလ်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ချင်းပြည်နယ်ရှိ ပါတီများမှ ခေါင်းဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဖလမ်းမြို့ပေါ်ရှိ ရပ်ကွက်များမှ မြို့မိမြို့ဖများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး သဘာပတိက အမှာစကားပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကာ ရိုမန်ကက်သလစ် အသင်းတော်မှ ဆရာတော်တစ်ပါးက ကောင်းချီးမင်္ဂလာဆုတောင်းပေး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**




# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လက်ပံတောင်းဒေသခံများ တွေ့ဆုံညှိနှိုင်း

**မုံရွာ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လက်ပံတောင်းဒေသခံများသည် ဖေဖော်ဝါရီ ၂၅ ရက်က သီးနှံနစ်နာကြေးကိစ္စကို ပထမဦးဆုံးအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် လယ်ယာလျော်ကြေး ရယူထားခြင်းမရှိသော တောင်သူကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် အပါအဝင် တာဝန်ရှိသူများဖြင့် တိုင်းဒေသကြီး အစိုးရရုံးအစည်းအဝေးခန်းမ၌ လေးနာရီနီးပါးခန့် အချိန်ယူတွေ့ဆုံညှိနှိုင်းခဲ့ကြခြင်း ဖြစ်သည်။

ဆွေးနွေးပွဲတက်ရောက်သူ လက်ပံတောင်းဒေသခံ မစန္ဒာအား ဆွေးနွေးခဲ့မှုကို မေးမြန်းကြည့်ရာ "၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်က လက်ပံတောင်းဒေသခံတွေနဲ့ သီးနှံလျော်ကြေးပေးဖို့ တွေ့တုန်းက ဝမ်ပေါင်ကုမ္ပဏီအနေနဲ့ လက်ရှိအစိုးရက ပေးပါဆိုရင် ပေးပါမယ်လို့ ပြောပါတယ်။ အခု ဒီတွေ့ဆုံပွဲမှာ ဝန်ကြီးချုပ်ကို အဲဒီအကြောင်း ပြောပြလိုက်တယ်။ အစိုးရကသာ ဖြေရှင်းပေးပါ။ ဝန်ကြီးချုပ်က ဝမ်ပေါင်နဲ့တွေ့မယ်။ သီးနှံနစ်နာကြေးပေးဖို့ ပြောပေးမယ်လို့ ကတိစကားရခဲ့ပါတယ်။ ငါးရက်အတွင်း ဖြေရှင်းပေးမယ်လို့လည်း ပြောပါတယ်"ဟု မီဒီယာများကို ပြောသည်။

၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်း ခြံစည်းရိုးကာရံမှုများ ဆောင်ရွက်ခဲ့ကြပြီး ငါးနှစ်တာကာလအတွင်း မြေဧရိယာဧက ၁၉၀၀ ခန့် မြေယာနစ်နာကြေး မယူသူများ ကျန်ရှိနေသေးကြောင်း သိရသည်။ ၂၀၁၆ ခုနှစ်အတွင်းက ဝမ်ပေါင်တာဝန်ရှိသူများနှင့် ဆက်ဆံရေးရုံး၌ တွေ့ဆုံစဉ် သီးနှံနစ်နာကြေးအနေဖြင့် တစ်ဧက ခုနစ်သိန်းနှုန်းတောင်းပြီး လက်ရှိအထိ မြေယာလျော်ကြေး လုံးဝမယူသူများလည်း ရှိနေသေးကြောင်း။

ဝမ်ပေါင်မှ တောင်သူများက သီးနှံနစ်နာကြေးကို တောင်းဆိုနေခြင်းဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် တုံတောကျောင်းကျေးရွာနေ မစန်းနွဲ့ထံမှ သိရသည်။ တစ်ဧကကို လက်ရှိကာလပေါက်စျေးက ငွေကျပ် ခုနစ်သိန်းနှင့်ဆိုလျှင် ကုလားပဲစိုက်မည်ဆိုပါက တစ်ဧကကို တင်း ၂၀ ထွက်သောကြောင့် တစ်တင်းကို ငါးသောင်းစျေးနှင့် တွက်လျှင် ငွေကျပ် ၁၀ သိန်းရရှိရာ စိုက်စရိတ်ငွေကျပ် သုံးသိန်းနုတ်လျှင် ခုနစ်သိန်းရကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# ရန်ကုန်မြို့၌ တမန်တော်နေ့အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

(၁၄၉၁)ကြိမ်မြောက် တမန်တော်နေ့အခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ Strand ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တမန်တော်နေ့အခမ်းအနားတွင် ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဟာဂျီဦးကျော်ခင်၊ ဗဟိုကော်မတီနာယက ဒေါက်တာဦးလှအောင်ကိုယ်စား နာယက ဦးလှမောင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစိန်ဝင်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားခြင်း၊ တမန်တော်နေ့ ကျင်းပရေးဗဟိုကော်မတီဝင်များက ဓမ္မစကားများပြောကြားခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး ကျေးဇူးတင်စကားပြောကြားကာ ဆုမွန်ကောင်းတောင်း၍ (၁၄၉၁)ကြိမ်မြောက် တမန်တော်နေ့အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**(သတင်းစဉ်)**

# ဆေးပညာဆက်လက်သင်ကြားရေး CME ဆွေးနွေးပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) လစဉ်ပုံမှန် ဆေးပညာဆက်လက်သင်ကြားရေးအစီအစဉ်အရ ကောင်းသော ဆေးကုသမှုကျင့်စဉ် Good Medical Practice အကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီခွဲအထိ မြန်မာနိုင်ငံ ဆရာဝန် အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ပညာရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရှိန်မြင့်တို့ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲဦးဆောင်သူများအဖြစ် ဆေးတက္ကသိုလ်မန္တလေးမှ ပါမောက္ခ ဒေါက်တာရန်လင်းမြင့် (ပါမောက္ခဌာနမှူးဆေးပညာဌာန)၊ ပါမောက္ခ ဒေါက်တာအောင်မျိုးထွန်း၊ ပါမောက္ခဌာနမှူး ဥပဒေရေးရာ ဆေးပညာဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်ဦးတို့က ဆောင်ရွက်ကြပြီး တက်ရောက်ခဲ့ကြသော အသင်းဝင်ဆရာဝန် ၂၀၀ ခန့်တို့က မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ သွေးတိုးရောဂါနှင့် ပတ်သက်သည့် Symposium on Hypertension အကြောင်းကို မန္တလေးတောင်ခြေရှိ Mandalay Hill Resort Hotel ၌ အထွေထွေရောဂါကုဆရာဝန် ၁၀၀ ခန့်အား စပိန်နိုင်ငံ ပါမောက္ခဌာနမှူး Professor Dr. Alexandre Roca Cusachs နှင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံမှ နှလုံးရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသန်းသန်းကြိုင်တို့က ဟောပြောပို့ချကြောင်းနှင့် သွေးတိုးရောဂါ၊ နှလုံးရောဂါအတွက် ခေတ်ပေါ်ဆေးဝါးများဖြင့် ကုထုံးအသစ်များ အကြောင်းကိုလည်း ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# နှစ်ရက်ဆက်တိုက်မီးလန့်မှု လှိုင်သာယာ၌ဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရာသီဥတုသိသာစွာ ပူပြင်းလာချိန် လူဦးရေထူထပ်သည့် လှိုင်သာယာမြို့နယ်၌ ဖေဖော်ဝါရီ ၂၅ ရက်က ရွှေလင်ပန်းစက်မှုဇုန်၊ Golden Delta ကုမ္ပဏီနှင့် တပင်ရွှေထီး ကားလမ်းမကြီးနံဘေး ကျူးကျော်တဲများအနီး၌ရှိသော ရိုးပြတ်များဖုံးနေသော လယ်ကွင်း၌ ကလေးငယ်များ ရိုးပြတ်ခြောက်များကို မီးမွှေး၍ အနီးရှိရေအိုင်များမှ ဖမ်းမိသော ငါးများကို မီးကင်စားရာမှ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လှိုင်သာယာ၌ နှစ်ရက်ဆက်တိုက် မီးလန့်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးမှူးနှင့် ရွှေလင်ပန်းမီးသတ်တပ်ဖွဲ့နှင့်အတူ ရပ်ကွက်၊ ကျေးရွာတို့မှ အရန်တပ်ဖွဲ့ဝင် ၇၀ ခန့်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၄ ရက်က အနောက်ပိုင်းတက္ကသိုလ်နှင့် ရိုးကြီးရွာကြားရှိ ရိုးပြတ်လယ်ကွင်း မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်တပ်ဖွဲ့က အချိန်မီငြိမ်းသတ်နိုင်ခဲ့ရာ မီးကူးစက်လောင်မှုကို တားဆီးနိုင်ခဲ့သည်။ "လှိုင်သာယာမှာ တစ်ရပ်ကွက်ကို မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးစီ နံနက် ၁၁ နာရီကနေ ညနေ ၃ နာရီခွဲ အထိ စက်ဘီးနဲ့ပတ်ပြီး မီးရေး၊ ထင်းရေး အခြေအနေကို စစ်ခိုင်းပါတယ်။ အသိပေး၊ သတိပေးတာတွေလည်း လုပ်ပါတယ်။ လူများရင် ပစ္စည်းများမယ်၊ ပစ္စည်းများရင် ဘေးအန္တရာယ်များလာတယ်။ ရာသီဥတုလည်း ပူလာတော့ ပိုပြီးဂရုစိုက်ရပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက ပြောကြားသည်။

**သတင်း-သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-မျိုးမင်းသိန်း**

# လက်နက်ချ အလင်းဝင်ရောက်လာသူများအား ထောက်ပံ့ပေးအပ်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက လက်နက်ချ အလင်းဝင်ရောက်လာသူများနှင့် မိုင်းထိမှန်သူ ဒေသခံတစ်ဦးအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၁ နာရီခွဲက မြို့နယ်ထွေ/အုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ကယ်ဆယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းထွဋ်က အမှာစကားပြောကြားပြီး မိုင်းထိမှန်သူ ဒေသခံတစ်ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်ကလည်းကောင်း လက်နက်ချ အလင်းဝင်ရောက်သူကိုယ်စား ဗိုလ်ကြီးစောစိုးစိုးအားလည်းကောင်း ပြည်နယ်ကယ်ဆယ်ရေးညွှန်ကြားရေးမှူး ဦးလင်းထွဋ်တို့က ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရခိုင်တိုင်းရင်းသားပိုင် အထည်ချုပ်စက်ရုံဖွင့်လှစ်




ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အထည်ချုပ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်

**စစ်တွေ ဖေဖော်ဝါရီ ၂၅**

ဒေသတွင်းပြန်လည်နေရာချထားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် ရှေ့ပြေးအထည်ချုပ်စက်ရုံ(စမတ်အထည်ချုပ်စက်ရုံ) ဖွင့်ပွဲအခမ်းအနားကို စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက် စိုင်းတင်ရေအားလျှပ်စစ်စီမံကိန်းရုံးဟောင်းနေရာ၌ ဖေဖော်ဝါရီ ၂၅ ရက်နံနက် ၈ နာရီက ကျင်းပသည်။

ရခိုင်ပြည်နယ်မှလူငယ်များအတွက် ယခုကဲ့သို့အထည်ချုပ်စက်ရုံဖွင့်လှစ်တည်ထောင်ပေးသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီဖြစ်ကြောင်း၊ ပြည်နယ်အတွင်းမှ လူငယ်များနှင့် အလုပ်ရှာဖွေနေသူများ ပြည်မနှင့်ပြည်ပ၌ များစွာရှိနေပါကြောင်း၊ ယခုအထည်ချုပ်စက်ရုံတစ်ရုံမှသည် မြောက်မြားစွာ တိုးတက်လာအောင် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ လူငယ်များနှင့်နယ်မြေခြား၌ အလုပ်လုပ်ကိုင်နေကြသူများ မိမိဒေသမိမိရပ်ရွာနှင့်အိုးမကွာအိမ်မကွာ နေထိုင်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်များပြားလာအောင် အားလုံးပူးပေါင်းကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။

ယင်းနောက် စမတ်အထည်ချုပ်စက်ရုံပိုင်ရှင် ဦးမင်းဇော်က စက်ရုံဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အထည်ချုပ်စက်ရုံကို ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် အထည်ချုပ်စက်ရုံပိုင်ရှင် ဦးမင်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စမတ်အထည်ချုပ်စက်ရုံ၌ အလုပ်လုပ်ကိုင်သူ ပုဏ္ဏားကျွန်းမြို့မှ မသန်းဌေးက စစ်တွေမြို့၌ အထည်ချုပ်စက်ရုံဖွင့်လှစ်မည်ဟု ကြော်ငြာများတွင်တွေ့ရသဖြင့် ဆက်သွယ်ပြီး လာရောက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်အထည်ချုပ်စက်ရုံနှင့်အခြားအလုပ်ရုံများ၌ အလုပ်လုပ်ကိုင်နေကြသည့် ရခိုင်သား/သူများစွာရှိသဖြင့် မိမိဒေသတွင် ယခုကဲ့သို့ စက်ရုံများ တည်ထောင်ပေးမည်ဆိုပါက လာရောက်လုပ်ကိုင်လိုသူများစွာရှိကြောင်း ပြောပြသည်။ ယနေ့ဖွင့်လှစ်သည့် အထည်ချုပ်စက်ရုံ၌ လုပ်သား ၈၀ ခန့် အလုပ်အကိုင်များ ရရှိသွားပြီဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မလေးရှားနိုင်ငံက ပေးပို့လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်လှူဒါန်း

**မောင်တော ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများသို့ မလေးရှားနိုင်ငံက ပေးပို့လှူဒါန်းသည့် စားသောက်ကုန်ရေနှင့် အသုံးအဆောင်ပစ္စည်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် စီမံခန့်ခွဲမှု ကော်မတီများမှ တာဝန်ရှိသူများ၊ UN၊ UNHCR မှ ဌာနေဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကျီးကန်းပြင်၊ ဝါးပိတ်၊ မောင်နှမ၊ စံပြဖားဝပ်ချောင်း၊ ငန်းချောင်း၊ လောင်းဒုံးကျေးရွာများအရောက် ယနေ့နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းသည်။



ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက “ဒီနေ့ လာရောက်လှူဒါန်းတဲ့ ပစ္စည်းတွေကို နိုင်ငံတော်အဆင့်က လက်ခံရယူပြီး ရခိုင် ပြည်နယ်အစိုးရအဖွဲ့ကို တစ်ဆင့်လွှဲပြောင်းပေးအပ်ကာ အခုလို စနစ်တကျ လာရောက်ပေးအပ်ခြင်း ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုဟာ များစွာအရေးပါပါတယ်။ တည်ငြိမ်အေးချမ်းမှုရရှိစေဖို့ ဒေသခံတွေကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှသာလျှင် အောင်မြင်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကိုလည်း လေးစားလိုက်နာဖို့ လိုအပ်ပါတယ်”ဟု ပြောကြားခဲ့သည်။ ထို့နောက် UN၊ UNHCR နှင့် တာဝန်ရှိသူ အဆင့်ဆင့်တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်းပြီး လည်းကောင်း၊ ပစ္စည်းများ လက်ခံရရှိမှု စာရင်းဇယားပြုစုထားရှိမှုနှင့် ဆက်လက်ဖြန့်ဝေသွားမည့် အစီအစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

မောင်တောခရိုင် စစ်တွေ၊ ပေါက်တော၊ မြေပုံမြို့နယ်များအတွက် မလေးရှားနိုင်ငံက ပေးပို့လှူဒါန်းသည့် ပစ္စည်းများမှာ ဆန်အိတ် ၆၀၀၀၊ ခေါက်ဆွဲ ၁၀၄၆ ဖာ၊ ရေသန့် ၉၇၅ ဖာ၊ သွားတိုက်ဆေး ဖာ ၁၀၀၊ သွားတိုက်တံ ၃၆ ဖာ၊ မျက်နှာ သုတ်ပဝါ ၉၄ ဖာ၊ ပရုတ်ဆီ ၃၅ ဖာ၊ ဆပ်ပြာမှုန့် ၅၆၂ ဖာ၊ ဆပ်ပြာခဲ ၂၂ ဖာ၊ ဘီး ရှစ်ဖာ၊ အမျိုးသမီးသုံးပစ္စည်း ၁၃၉ ဖာ၊ မုတ်ဆိတ်ရိတ်ဓားဖာ ၅၀၊ လက်သည်းညှပ် ကိုးဖာ၊ ဖိနပ်အထုပ် ၅၀ ဖြစ်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# ဝက်သက်ရောဂါအကြောင်း အသိပညာပေးရှင်းလင်း

**ကျောက်ဖြူ ဖေဖော်ဝါရီ ၂၅**

ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီက လတ်တလောဖြစ်ပွားနေသော ဝက်သက်ရောဂါအကြောင်း အသိပညာပေးရှင်းလင်းပွဲ ကျင်းပရာ ကျောက်ဖြူခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲလွင်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ပြည်နယ်ပိုလီယိုအရာရှိ ဒေါက်တာစံလင်းက ဝက်သက်ရောဂါအကြောင်း အသိပညာပေးဟောပြောခဲ့ရာ ဝက်သက်ရောဂါသည် ကြီးငယ်မရွေး ဖြစ်ပွားနိုင်သော ရောဂါဖြစ်နိုင်ကြောင်း၊ ဝက်သက်ရောဂါကာကွယ်ဆေးသည် အသက် ကိုးလတွင် ပထမအကြိမ်ထိုးရမည်ဖြစ်ကာ အသက်တစ်နှစ်ခွဲတွင် ဒုတိယအကြိမ်ထိုးရမည်ဖြစ်ကြောင်း၊ ဝက်သက်ရောဂါသည် နှာချေခြင်း၊ ချောင်းဆိုးခြင်းများမှ ကူးစက် တတ်ပါကြောင်း၊ ကူးစက်တတ်သော ရောဂါဖြစ်သောကြောင့် ရောဂါဖြစ်ပွားပါက သက်ဆိုင်ရာဆေးမှူးများ၊ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ရန်နှင့် မိမိအိမ်၌ လေကောင်းလေသန့်ရရှိသောနေရာတွင် နေရန်၊ ဝက်သက်ဖြစ်ဖူးသူ၊ ကာကွယ်ဆေးထိုးထားသူများကသာ လူနာကို စောင့်ရှောက်ရန်၊ လက်ကိုစင်ကြယ်အောင် ဆေးကြောရန်၊ ယခုကျောက်ဖြူမြို့၌ ဇန်နဝါရီလက နှစ်ဦးတွေ့ရှိရပါကြောင်း ပြောကြားသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အမျိုးသမီးရေးရာအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ခရိုင်ဆရာဝန်ကြီးနှင့် ပြည်နယ်ပိုလီယိုအရာရှိတို့က ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ဇဟန်းမြို့နယ်၌ ပြခန်းယာဉ်ဖြင့် မူခင်းအသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဇဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော တပ်ဖွဲ့ဝင် ၁၅ ဦး၊ ယာဉ်ထိန်း တပ်ဖွဲ့စု(၄၆)မှ ဒုရဲမှူး မျိုးအောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၆)မှ ရဲအုပ်သိန်းဌေး၊ မူးယစ်တပ်ဖွဲ့စု(၄၂)မှ ရဲအုပ် ရဲမြတ်ဟိန်းနှင့် တပ်ဖွဲ့ဝင်များက ဇဟန်းမြို့နယ် ကြားတောရရပ်ကွက်၊ ကြားတောရလမ်း၊ ကြေးသွန်းဘုရားကြီးရှေ့၌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မူခင်းပညာပေးပြခန်း ယာဉ်ဖြင့် ရှင်းလင်းပြသခဲ့ရာ လာရောက်ကြည့်ရှုသူ ၃၀၀ ခန့်အား မူခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးပိုစတာနှင့် ဆိုင်းဘုတ်များ အားရှင်းလင်းပြသခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မေသန္တာ**

# ရောဝတီမြစ်အတွင်း ကျောက်စုပ်ရန်နေရာချထားမှုကို ဒေသခံရေလုပ်သားများ ကန့်ကွက်တားမြစ်

**ပြည် ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ရွာသာယာအုပ်စု ရွာသစ်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်း၌ ကျောက်စရစ်များထုတ်လုပ်ရန် အကွက်နေရာသတ်မှတ်ပေးမှုကို ဒေသခံရေလုပ်သားများက ကန့်ကွက်တားမြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသတ်မှတ်မှုကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ သွားရောက်ပြီး ကျောက်စုပ်လုပ်ငန်းအတွက် နေရာသတ်မှတ်ပေးခဲ့ခြင်းဖြစ်ကာ အဆိုပါ နေရာသတ်မှတ်ခြင်းကို ရွာသစ်ကျေးရွာမှ ဒေသခံရေလုပ်သားများက ကန့်ကွက်တားမြစ်ခဲ့ခြင်းဖြစ်သည်။

တားမြစ်ရခြင်းနှင့်ပတ်သက်၍ ဒေသခံရေလုပ်သားများက မြစ်ကြောင်းအတွင်း ကျောက်စရစ်များ ထုတ်ယူမှုကြောင့် တစ်ဖက်၌ ချိုင့်ခွက်ကြီးဖြစ်ပြီး တစ်ဖက်၌ မြေစာပုံကြီးဖြစ်သွားသည့် အတွက် ယင်းနေရာများ၌ ငါးဖမ်းပိုက်များ ဆွဲယူပါက ဆွဲယူ၍မရသည့်အပြင် ၎င်းတို့၏ပိုက်များမှာ စုတ်ပြတ်သွားသည်အထိ ပျက်စီးမှုများရှိသည့်အတွက် ငါးရရှိမှုထက် ဆုံးရှုံးမှုကပိုမိုနေခြင်းကြောင့် ဖြစ်သည်။ ထို့အပြင် ငါးရှာဖွေခြင်းကို အဓိကစီးပွားရေးအဖြစ်ဆောင်ရွက်လုပ်ကိုင်ကြရသူများအနေဖြင့် ၎င်းတို့၏ စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့လာနိုင်သည့်အတွက် တားမြစ်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ကန့်ကွက်တားမြစ်မှုကြောင့် ကျောက်စုပ်ရန်လာသည့် မော်တော်မှာ ပြန်လှည့်သွားခဲ့ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ ဆက်လက်လုပ်ဆောင်နေပါက ဆန္ဒထုတ်ဖော်တောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဇော်ဟိန်းက ၎င်းတို့အနေဖြင့်



ကျောက်ထုတ်ယူရန် လုပ်ကွက်ချထားသည့်နေရာ

လုပ်ကွက်အမှတ်(၃၉၅)ကို နေရာသတ်မှတ်ခြင်းဖြစ်ပြီး လုပ်ကွက်အမှတ်(၃၉၅)မှာ ပြည်မြို့နယ်မှချထားပေးသည့်လုပ်ကွက်ဖြစ်ကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စုပ်ယူရမည့် နေရာကို ဗောများနှင့် သတ်မှတ်ပေးထားခြင်းဖြစ်ရာ ဒေသခံများက ၎င်းတို့၏အခက်အခဲများကို တင်ပြကြကြောင်း၊ ထို့ကြောင့် ၎င်းတို့ တင်ပြမှုကိုမှတ်သားပြီး ဆက်လက်တင်ပြသွားမည်ဟုပြောကြားခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ကလေးများအတွက် သိထားသင့်သော ရောဂါနှစ်မျိုးအကြောင်း

**တွေ့ဆုံမေးမြန်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ယခုအခါ ဆောင်းကုန်၍ နွေရာသီသို့ ကူးပြောင်းလာပြီဖြစ်၍ ကလေးများ ရာသီအကူးအပြောင်းကာလတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့်စပ်လျဉ်းပြီး ကလေးမိဘများ ရှောင်ရန်၊ ဆောင်ရန်များ သတိပြုမိနိုင်စေရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရန်ကင်းကလေးဆေးရုံကြီးမှ ပါမောက္ခဒေါက်တာ ကျော်ဇင်ဝေနှင့် သွားရောက်တွေ့ဆုံမေးမြန်းကာ စုစည်းတင်ပြလိုက်ပါသည်။**

လတ်တလော ဖြစ်ပွားနေတာတွေကတော့ ထုံးစံအတိုင်းပဲ။ တစ်ကမ္ဘာလုံးမှာဖြစ်နေတဲ့ ဝမ်းလျှောဝမ်းပျက်နဲ့ နမိုးနီးယားကတော့ အများဆုံးဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေကလည်း မကြာခဏပြောပြီးသားဖြစ်နေလို့ သိပ်အများကြီးတော့ မဖြစ်ပေမယ့် ကြုံကြား၊ ကြုံကြားဖြစ်နေတဲ့ ရောဂါနှစ်ခုအကြောင်း မိဘပြည်သူတွေသိရှိနိုင်ဖို့ ပြောပြချင်ပါတယ်။



အဲဒီရောဂါနှစ်ခုကတော့ ဂျပန်ဦးနှောက်ရောင်ရောဂါနဲ့ ဝက်သက်ရောဂါအကြောင်းဖြစ်ပါတယ်။ ဦးနှောက်ရောင်ရောဂါက နှစ်မျိုးနှစ်စားရှိပါတယ်။ ဦးနှောက်အမြှေးပါးရောင်တာနဲ့ ဦးနှောက်ကြီးတစ်ခုလုံးရောင်တာဆိုပြီး နှစ်မျိုးရှိပါတယ်။ ဦးနှောက်အမြှေးပါးရောင်ရောဂါကျတော့ ဦးနှောက်ကြီးတစ်ခုလုံးရောင်တာမဟုတ်ဘဲနဲ့ အပေါ်ယံအမြှေးပါးရောင်တာဖြစ်တယ်။ သူက ဘက်တီးရီးယားကြောင့် ဖြစ်တယ်။ သူ့ကိုကာကွယ်လို့ရတဲ့အတွက် ကာကွယ်ဆေးတွေရှိတယ်။ အခုလက်ရှိမှာလည်း ကာကွယ်ဆေးထိုးနေတဲ့ အထဲမှာ ပါနေပြီးသားဖြစ်တယ်။ ကာကွယ်ဆေးမထိုးမိလိုက်လို့ ဖြစ်ဖြစ်၊ တကယ်လို့ဖြစ်သွားခဲ့ရင် ကုသဖို့ Antibiotic လို့ခေါ်တဲ့ ပိုးသတ်ဆေးတွေရှိတယ်။ ဒါကတော့ အကြာဆေးအနေနဲ့ အနည်းဆုံး ၁၀ ရက်ကနေ ၁၄ ရက်လောက် ထိုးရတယ်။ အဲဒါက ဦးနှောက်အမြှေးပါးရောင်ရောဂါဖြစ်တယ်။

အခု ကျွန်တော်ပြောမယ့် ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese B encephalitis) ကျတော့ ဗိုင်းရပ်ကြောင့်ဖြစ်တယ်။ အဲဒီဗိုင်းရပ်ကြောင့်ဖြစ်တဲ့ ဦးနှောက်ရောင်တာက ဦးနှောက်အသားကြီးတစ်ခုလုံးရောင်တာ၊ ဦးနှောက်တစ်ခုလုံးရောင်တာဖြစ်တဲ့အတွက် ပိုပြီးဆိုးတယ်။ ဘယ်လောက်အထိဆိုးသလဲဆိုရင် အသက်အန္တရာယ်ဆုံးရှုံးတဲ့အထိဆိုးပါတယ်။ ကုသလို့ မသေခဲ့ရင်တောင်မှ တစ်သက်လုံး လူစဉ်မမီဖြစ်သွားတဲ့အထိဖြစ်သွားနိုင်ပါတယ်။ သူတစ်ပါးကို မှီခိုရတဲ့အထိ မသန်မစွမ်းအနေအထားမျိုး ရောက်ရှိသွားနိုင်ပါတယ်။

ဗိုင်းရပ်ဖြစ်တဲ့ အတွက်ကြောင့် ကာကွယ်ဆေးတော့ ရှိတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိကာကွယ်ဆေးထိုးအစီအစဉ်ထဲမှာတော့ မပါသေးဘူး။ ဒါပေမယ့် ဖြစ်ပွားတဲ့နေရာလေးတွေမှာကြုံကြားကြုံကြားထိုးပေးနေတာရှိတယ်။ အစိုးရအနေနဲ့ကတော့ အခု ၂၀၁၇ ခုနှစ် အကုန်၊ ဒါမှမဟုတ် နောက်အကျဆုံး ၂၀၁၈ ခုနှစ်ထဲမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကာကွယ်ဆေးထိုးပေးတော့မယ်လို့ သိရှိထားပါတယ်။ အရေးအကြီးဆုံးအချက်ကတော့ သူ့မှာ ဗိုင်းရပ်ဖြစ်တဲ့အတွက် ပိုးသတ်ဆေးမရှိပါဘူး။ ရောဂါသက်သာအောင်သာကုသပေးနိုင်မှာသာ ဖြစ်ပါတယ်။ ဒီရောဂါက သေရင်သေ၊ မသေရင် မသန်မစွမ်းဘဝဖြစ်သွားနိုင်ပါတယ်။ ဒီလိုပြောနေတာက အလွန်ဆိုးရွားစွာဖြစ်ပွားနေတယ်လို့ ပြောလိုခြင်းမဟုတ်ပါဘူး။ ကြုံကြား ကြုံကြားဖြစ်ပွားနေတဲ့အတွက် စိုးရိမ်ရလို့ သတိပေးခြင်းသာဖြစ်ပါတယ်။ နောက်တစ်ခုက ဝက်သက်ရောဂါဖြစ်ပါတယ်။ ဝက်သက်ရောဂါကလည်း ဗိုင်းရပ်စ်ကြောင့် ဖြစ်ပါတယ်။ သူ့ရဲ့လက္ခဏာတွေကတော့ အဖျားကြီးတယ်။ ဆေးရုံကိုရောက်လာတဲ့ ကလေးတွေဆိုရင် အပူချိန် ၁၀၃၊ ၁၀၄၊ ၁၀၅ လောက်ရှိတယ်။ မျက်လုံးတွေ နီတယ်။ နှစ်ရက် သုံးရက်လောက်မှာ နားနောက်ကအနီစက်တွေ ထွက်လာတယ်။ အနီစက်တွေ ပိန်ပြီး ရောဂါပျောက်သွားတတ်ပါတယ်။ ဝက်သက်ရောဂါဟာ ဘာဖြစ်လို့ကလေးတွေကို ဒုက္ခပေးရတာလဲဆိုရင် ဖြစ်ပြီးပျောက်သွားချိန်မှာ နောက်ဆက်တွဲရောဂါတွေနဲ့ တွဲနေလို့ ဖြစ်ပါတယ်။ ကိုယ်ခံအားကျဆင်းသွားချိန်မှာ နမိုးနီးယား အပြင်းစားဖြစ်ပွားနိုင်ပါတယ်။ ဒီကနေ တစ်ဆင့် ဝမ်းပျက်ဝမ်းလျှောလည်း ဖြစ်ပွားနိုင်ပါတယ်။ အသက်ဆုံးရှုံးနိုင်တဲ့ အနေအထားအထိ ဖြစ်နိုင်ပါတယ်။ ဝက်သက်ကို မြန်မာနိုင်ငံမှာ ၁၉၈၀ ပြည့်လွန်နှစ်တွေကတည်းက ထိုးနှံပေးလျက်ရှိပါတယ်။ အခုအခါမှာတော့ ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး ငါးမြို့နယ်မှာ အသက်ကိုးလမှ ငါးနှစ်အောက်ကလေးတွေကို ကာကွယ်ဆေးထိုးပြီး ဖြစ်စေ၊ မထိုးရသေးသူဖြစ်စေ ထိုးပေးလျက်ရှိပါတယ်။ သာကေတ၊ ကြည့်မြင်တိုင်၊ တွံတေး၊ လှိုင်သာယာနဲ့ အင်းစိန်မြို့နယ်တွေမှာ စီမံချက်နဲ့ ဝက်သက်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မကြာသေးမီက ဆောင်ရွက်ခဲ့ပါတယ်။ ဝက်သက်ကာကွယ်ဆေးကို အသက်ကိုးလမှာ ဝက်သက်နဲ့ ဂျိုက်သိုးရောပြီး ထိုးနှံပေးပါတယ်။ တစ်နှစ်ခွဲလောက်မှာ ဝက်သက်ကာကွယ်ဆေး သက်သက်ပြန်ထိုးပေးပါတယ်။ အပြင်ပုဂ္ဂလိကဆေးရုံတွေမှာ ဝက်သက်၊ ဂျိုက်သိုးနဲ့ ပါးချိတ်ရောင်ကာကွယ်ဆေး သုံးမျိုးစပ် ဆေးထိုးပေးတာလည်း ရှိပါတယ်။ ဒါကြောင့် ဒီရောဂါနှစ်မျိုးကတော့ ကလေး မိဘတွေအနေနဲ့ ပိုပြီးသတိထားသင့်ပါတယ်။ ကာကွယ်ဆေးကို ထိုးကြဖို့လိုပါတယ်။ ကလေးတွေအတွက် တစ်ရက်တစ်မနက်အချိန်ပေးပြီး ကာကွယ်ဆေးထိုးလိုက်မယ်ဆိုရင် ဆေးရုံပေါ်မှာ ၁၀ ရက်လောက်ဆေးထိုးရမှာ သက်သာသွားမှာ ဖြစ်ပါတယ်။ ဆိုးရွားတဲ့ အသက်အန္တရာယ်ဘေးကလည်း လွတ်မြောက်နိုင်မှာဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တာကတော့ ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်း၏ (Pervention is better than  Care) ဆိုတာပါပဲ။

လက်ရှိအချိန်တွင် ရန်ကင်းကလေးဆေးရုံကြီး၌ ဖြစ်ပွားမှုရောဂါအများဆုံးမှာ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ဝက်သက်ရောဂါများဖြစ်ပြီး ကလေးနှလုံးရောဂါဖြစ်ပွားမှုကိုလည်း ကုသပေးလျက်ရှိကြောင်း သိရသည်။

## လူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပင်လောင်း ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နန်းပုလင်းကျေးရွာအုပ်စု သစ်ပင်မဲကျေးရွာတွင် ကျေးရွာပြည်သူများ အသိပညာတိုးပွားရေးအတွက် နောင်တရားနယ်မြေရဲစခန်း၊ နောင်တရားမီးသတ်တပ်ဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၂၄ ရက်က အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် နောင်တရားနယ်မြေရဲစခန်းမှ ရဲအုပ်အောင်ဝေလင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း နောင်တရား မီးသတ်တပ်ဖွဲ့တာဝန်ခံ ဦးဟိန်းထက်အောင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို ပညာပေးဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေး နံရံကပ်စာစောင်၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ပြီး မီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်ရေးသရုပ် ပြသခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မီးရထားအန္တရာယ်ကင်းရှင်းရေး ပညာပေး

**ဖြူး ဖေဖော်ဝါရီ ၂၅**

ဖြူးမြို့နယ် ဇေယျဝတီဘူတာ အမှတ်(၁) စကြံ့တွင် ဖေဖော်ဝါရီလ တတိယပတ်က မြန်မာနိုင်ငံ မီးရထားရဲတပ်ဖွဲ့အမှတ်(၁၁) တပ်ခွဲ၊ တပ်စုမှူး ဒုတိယရဲမှူး သန်းထွန်း၏ ကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဖြူးဘူတာ၊ ရထားရဲတပ်ဖွဲ့ တပ်စုမှူးရဲအုပ် စိုးနိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များမှ ရထားစီးခရီးသည်များ၊ ဘူတာ အနီးရထားသံလမ်းဘေးရှိ ရပ်ကွက်နေပြည်သူများ၊ တိရစ္ဆာန်များနှင့်သံလမ်းဖြတ်ကူးယာဉ်များ၊ ရထားနှင့် ထိခိုက်သေဆုံးမှုအန္တရာယ်ကင်းရှင်းရေး ပညာပေးဟော ပြောပွဲကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ဖြူးဘူတာ ရထားတပ်စုမှူး ရဲအုပ် စိုးနိုင်ဝင်းက မီးရထားစီးခရီးသည်များ လိုက်နာရန်၊ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် မီးရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ၊ နည်းဥပဒေများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**



## ရေပူစမ်း ရေချိုးကန်များနှင့်ရေလှုံတွင်းများကို အခြေပြု၍ ဟန်လင်းဒေသပိုမိုဖွံ့ဖြိုးရန် ဖော်ထုတ်သင့်

**ဝက်လက် ဖေဖော်ဝါရီ ၂၅**

ရေပူစမ်းရေချိုးကန် ခုနစ်ကန်နှင့်ရေပူစမ်းရေလှုံတွင်း ၁၀၀ ကျော်ရှိသော ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းဒေသကို ရေပူစမ်းများ၏ အထောက်အကူဖြင့် ခရီးသွားဒေသတစ်ခု ဖြစ်ပေါ်လာရန် ဖော်ထုတ်ပါက ဒေသဖွံ့ဖြိုးရေးအတွက် ဝင်ငွေရရှိလာစေမည် ဖြစ်ကြောင်း ဟန်လင်းဒေသသုတေသီ ဦးမြင့်စိုးအောင်က ပြောသည်။



"ရေပူစမ်းတွင်းတွေက နွေ၊ မိုး ဆောင်း ထူးထူးခြားခြားမပြောင်းလဲပဲအမြဲ စီးဆင်းနေတာပါ။ ရေပူစမ်းလုပ်ငန်းကို ခရီးသွားအထောက်အကူပြုဝန်ဆောင်မှုအဖြစ်ပြုလုပ်ပြီး ဆွဲဆောင်မှုရှိအောင်ဆောင်ရွက်မယ်ဆိုရင် ဒေသဖွံ့ဖြိုးရေးအတွက် ဝင်ငွေရပြီး အထောက်အကူပြုလာမှာပါ။ ဒီအချက်ကို သက်ဆိုင်ရာက အကောင်အထည်ပေါ် လာအောင် ထောက်ပံ့ပေးဖို့တော့ လိုပါတယ်" ဟု ၎င်းက ပြောပြသည်။

ဟန်လင်းဒေသ ရေပူစမ်းများမှ သဘာဝအလျောက် ပျော်ဝင်ပါရှိနေသော ဆိုဒီယမ်ကလိုရိုက်နှင့် ဆိုဒီယမ်ဆာလဖိတ်တို့သည် ရေပူစမ်းထွက်ရှိမှုအချိန်မှ စတင်၍ ယနေ့အထိ ရေပူစမ်းများနှင့်အတူ ပျော်ဝင်ထွက်ရှိနေပြီး ဟန်လင်းဒေသ ရေပူစမ်းများမှ ရေတွင် အင်နိခာတ်ပါဝင်မှု ၁ ဒသမ ၅ ရေပူစမ်းများနှင့်အနိမ့်ဆုံး အင်နိခာတ်ပါဝင်မှု ၀ ဒသမ ၂၀၊ ၀ ဒသမ ၃ နှင့် ၀ ဒသမ ၅ အထိ ပျော်ဝင်ပါရှိသော ရေပူစမ်းများ ထွက်ရှိခြင်းနှင့်အတူ မြေပြင် အလွှာထက် ဆားငန်ခာတ်ဖြစ်ပေါ်စုဝေးမှုမှာ အစဉ်အဆက်ဖြစ်ကြောင်း သိရသည်။

ဟန်လင်းရေပူစမ်းမှ ရေအရည်အသွေးသည် pH 5 မှ 6 ရှိသလို pH 7 မှ 8 ရှိပြီး အပူချိန်မှာ၃၂ ဒီဂရီစင်တီဂရိတ်မှ ၅၁ ဒီဂရီစင်တီဂရိတ်အထိပူကာ ရေတွင်းအနက်မှာ သုံးပေမှ ၄၉ ပေအထိရှိပြီး ရေအင်နိခာတ်ပါဝင်နှုန်းသည် ၀ ဒသမ ၂ နှင့် ၀ ဒသမ ၃ ရှိကြောင်း သိရသည်။

ဟန်လင်းဒေသ ရေပူစမ်းများ အနက် သုံးပေသာရှိသော ကြက်ဥကျက်တွင်းသည် အပူချိန် ၅၁ ဒီဂရီစင်တီဂရိတ်ရှိပြီး ထင်ရှားသောရေပူတွင်းနှင့် ရေပူကန် ၁၀ခုမှာ ကြက်ဥကျက်တွင်း၊ သီရိမင်္ဂလာတွင်း၊ ဦးတင်သောင်းတွင်း၊ တိုက်သစ်ဘုန်းတော်ကြီးတွင်း၊ မအေးတုန်တွင်း၊ အမျိုးသမီးရေကန် အထက်တွင်း၊ မောင်စကားကွင်းနှင့် မောင်ဘီလားတွင်း ဦးခင်မောင်စိန်တွင်း၊ တွင်းမကြီးတွင်းတို့ဖြစ်ပြီး နွေမိုးဆောင်းရေပူများထွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## အုတ်တွင်းမြို့နယ်၌ ဝက်သက်သံသယတွေ့ရှိ ဝက်သက်ဂျိုက်သိုး ကြိုတင်ကာကွယ်ဆေးထိုးနှံ

**အုတ်တွင်း ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ မိခင်နှင့်ကလေးကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းကာ ပဲခူးလမ်းရပ်ကွက်အတွင်း ဝက်သက်သံသယရှိ လူနာတစ်ဦးတွေ့ရှိရသဖြင့် ကာကွယ်ဆေးထိုးနှံခြင်းမရှိသေးသော ကိုးနှစ်မှ ၁၅ နှစ်အောက် ကလေး ၉၄ ဦးအား ဝက်သက်ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဖေဖော်ဝါရီ ၂၃ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။ "ဖြစ်မှကုသတာထက် မဖြစ်ခင်က ကြိုတင်ကာကွယ်ဆေးတွေ လာရောက်ထိုးနှံကြဖို့လိုပါတယ်။ အချို့ကလည်း ကျန်းမာရေးအသိပညာအားနည်းတာလည်း ပါတာပေါ့"ဟု ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲသို့ နာမည်ကြီး သတင်းမီဒီယာများ ဝင်ရောက်ခွင့်မရ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

ယမန်နေ့က အမေရိကန်နိုင်ငံ အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲသို့ နာမည်ကြီး သတင်းမီဒီယာအများစု ဝင်ရောက်ခွင့်မရခဲ့ကြောင်း ယင်းအချက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မီဒီယာများအကြား တင်းမာမှုပိုမိုဖြစ်လာစေခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ စပိုက်ဆာ၏ ယမန်နေ့က ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲသို့ ဝင်ရောက်ခွင့်မရခဲ့သည့် အမေရိကန်သတင်းဌာနများမှာ စီအင်န်အင်န်၊ နယူးယောက်တိုင်းမ်၊ လော့စ်အိန်ဂျလိစ်တိုင်းမ်နှင့် ပေါ်လစ်တီကိုစသောနာမည်ကြီးသတင်းမီဒီယာများနှင့် ဗြိတိန်မှ ဘီဘီစီ၊ ဘတ်ဇ်ဖိဒ်၊ ဟေးလ်၊ ဟပ်ဖင်တန်ပို့စ်၊ ဒေးလီးမေးလ် စသည်တို့ဖြစ်ကြသည်။

ထိုသို့ သတင်းမီဒီယာများဝင်ရောက်ခွင့်မရမှုကို တုံ့ပြန်သည့်အနေဖြင့် အေပီနှင့် တိုင်းမ်မဂ္ဂဇင်းတို့က ယင်း



သတင်းစာရှင်းလင်းပွဲကို သပိတ်မှောက်ခဲ့ကြကြောင်း သိရသည်။

အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲမတိုင်မီ အစောပိုင်းက အမေရိကန်သမ္မတထရန့်က အမေရိကန်အကြီးတန်းမီဒီယာများသည် ၎င်း၏အစိုးရနှင့် ပတ်သက်၍ မမှန်မကန်သတင်းများရေးသားမှုကို ရှောင်ရှားကြရန် ကွန်ဆာဗေးတစ်နိုင်ငံရေးလှုပ်ရှားမှု ညီလာခံမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ထို့အပြင် စီအင်န်အင်န်နှင့် နယူးယောက်တိုင်းမ် သတင်းဌာနများအပါအဝင် အမေရိကန်မီဒီယာငါးခုအား အမေရိကန်ပြည်သူများ၏ ဆန့်ကျင်ဘက်သတင်းဌာနများအဖြစ် အမည်တပ်ခဲ့သည်။

ရွေးကောက်ပွဲကာလအတွင်း ထရန့်၏ စည်းရုံးရေးအဖွဲ့များနှင့် ရုရှားတို့အကြား ဆက်သွယ်မှုများအပေါ် အက်ဖ်ဘီအိုင်၏ စစ်ဆေးမှု ပေါ့လျော့ခြင်းအပေါ် သတင်းမီဒီယာများစွာက ရေးသားခဲ့ပြီးနောက် ယခုသီတင်းပတ်အတွင်း ထရန့်နှင့် မီဒီယာများအကြား ထိပ်တိုက်တွေ့ခဲ့ကြကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ကုန်သွယ်ရေးဆွေးနွေးရန် ဝီဒိုဒို ဩစတြေးလျသို့ထွက်ခွာ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၅**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့်ဇနီးအီရီယာနာဝီဒိုဒိုတို့သည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီသို့ နှစ်ရက်ကြာခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၂၅ ရက်က ရောက်ရှိလာခဲ့သည်။ ၂၀၁၅ ခုနှစ် အစောပိုင်းက ဩစတြေးလျနိုင်ငံသားနှစ်ဦးကို မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ခေါင်းဖြတ်ကွပ်မျက်လိုက်သည့်ကိစ္စနှင့်ပတ်သက်ပြီး ဩစတြေးလျနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံသည် ဆက်ဆံရေးအနည်းငယ် တင်းမာနေခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဩစတြေးလျအစိုးရက သံရုံးဝန်ထမ်းများကို အင်ဒိုနီးရှား နိုင်ငံမှ ရွှေ့ပြောင်းမှုပြုလုပ်ခဲ့သည်။

နောက်ပိုင်းတွင် နှစ်နိုင်ငံလုံးအနေဖြင့် ဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန်နှင့် ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး သမ္မတဝီဒိုဒို၏ ခရီးစဉ်တွင် နှစ်နိုင်ငံကုန်သွယ်ရေး တိုးမြှင့်ရန်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

## အီရတ်တပ်ဖွဲ့များ မိုဆူးလ်မြို့အနောက်ဘက်သို့ ချီတက်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၅**

အစောပိုင်းရက်က အီရတ်ရှိ အိုင်အက်စ်နောက်ဆုံး အဓိကခြေကုပ်စခန်းကို ထိုးစစ်ဆင်မှုများ ပြုလုပ်ပြီးနောက် အမေရိကန်ထောက်ခံ အီရတ်တပ်ဖွဲ့များသည် ဖေဖော်ဝါရီ ၂၅ ရက်က မိုဆူးလ်မြို့အနောက်ဘက်သို့ ဆက်လက်ထိုးစစ်ဆင်မှုများ ပြုလုပ်ခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အစိုးရတပ်များနှင့် မဟာမိတ်တပ်များသည် လွန်ခဲ့သောလက အီရတ်နိုင်ငံ မြောက်ပိုင်း မြို့တော်အရှေ့ဘက်ရှိ အိုင်အက်စ်များကို ရှင်းလင်းသုတ်သင်ပြီးနောက် ထိုးစစ်ဆင်မှုတစ်ရပ်အနေဖြင့် မိုဆူးလ်သို့ ဆက်လက်ချီတက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြို့တော်ဘဂ္ဂဒက်တွင် ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အက်ဒယ်အယ်လ်ဂျူဘာသည် အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အာဘာဒီနှင့် ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ဆုံခဲ့သည်။ ဆွန်နီမွတ်စလင်ဦးဆောင်သော ဆော်ဒီအာရေဗျနှင့် ရှီးယိုက်ဦးဆောင်သော အီရတ်တို့ကြား ထိုတွေ့ဆုံမှုသည် ဆယ်စုနှစ်တစ်နှစ်ကျော်အတွင်း ရှားပါးသည့် ပထမဆုံးတွေ့ဆုံမှုဖြစ်သည်။ မိုဆူးလ်အနောက်ဘက်ထိုးစစ်များသည် ပိုမိုခက်ခဲနိုင်ခြေရှိကြောင်း အဘယ်ကြောင့်ဆိုသော် တင့်ကားများနှင့် သံချပ်ကာကားများသည် လမ်းပန်းဆက်သွယ်သွားလာရေးခက်ခဲမှုများကြောင့် ဖြစ်ကြောင်း တပ်မှူးများက ခန့်မှန်းထားကြသည်။ **(ရိုက်တာ)**



# အိုင်အက်စ်နှင့် ဆက်သွယ်ရန်ကြိုးစားသည့် ချက်နိုင်ငံသားအား ပြည်နယ်တရားရုံးက ထောင်ဒဏ်သုံးနှစ် သုံးလချမှတ်

**ပရက်ဂ် ဖေဖော်ဝါရီ ၂၅**

ဆီးရီးယားရှိ အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်ရန်ကြိုးစားသည့် ချက်နိုင်ငံသားတစ်ဦးဖြစ်သူ ဂျန်ဆီလော့စ်ကီအား ပလက်ဇန်ပြည်နယ် တရားရုံးက ထောင်ဒဏ် သုံးနှစ်နှင့်သုံးလ ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၂၅ ရက်က ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဆီလော့စ်ကီသည် အိုင်အက်စ်နှင့်ဆက်သွယ်လိုသည့်အတွက် တရားစွဲခံရသော ပထမဆုံး ချက်နိုင်ငံသားတစ်ဦးဖြစ်သည်။ ၎င်းကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက အစ္စတန်ဘူလ်လေဆိပ်၌ တူရကီရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဆီးရီးယားနယ်စပ်အနီး တူရကီနိုင်ငံ ဂါဇီယန်တပ်မြို့သို့ သွားရောက်မည့် လက်မှတ်အား ကိုင်ဆောင်ထားစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် အင်တာနက်မှတစ်ဆင့် အချိတ်အဆက်ပြုကာ ဆီးရီးယားနိုင်ငံ ဂျာရာဘူလက်မြို့သို့ သွားရောက်ပြီး အိုင်အက်စ်အဖွဲ့နှင့် ဆက်သွယ်မည့်သူဖြစ်ကြောင်း တူရကီရဲတပ်ဖွဲ့ထံ ဖြောင့်ချက်ပေးခဲ့ကြောင်း သိရသည်။

အိုင်အက်စ်များနှင့် ဆက်သွယ်သဖြင့် အပြစ်ရှိသည်ကို သိရှိကြောင်း၊ အိုင်အက်စ်များအား သတ်ဖြတ်ရန်အတွက် ဆီးရီးယားသို့ သွားရောက်ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းကိုယ်တိုင်အရှုံးများနှင့် ရင်ဆိုင်ခဲ့ရကြောင်း တရားရုံး၌ ပြောကြားခဲ့သည်။ ၎င်းအား တရားရုံးက ပြင်ပလူနာအဖြစ် စိတ်ပိုင်းဆိုင်ရာဆေးကုသမှုခံယူရန် လတ်တလောတွင် အမိန့်ချမှတ်ထားသည်။

၎င်း၏အမှုအား ဂျူရီအဖွဲ့၏ဆုံးဖြတ်ချက်ခံယူရန် တရားရုံးချုပ်သို့ ဆက်လက်တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# တရုတ်နိုင်ငံတွင် ဟိုတယ်တစ်လုံးမီးလောင်၊ ၁၀ ဦးထက်မနည်းသေဆုံး

**ပေကျင်း ဖေဖော်ဝါရီ ၂၅**

တရုတ်နိုင်ငံ ကျန်ဇီပြည်နယ်အရှေ့ပိုင်း မြို့တော်နန်ချန်တွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက ဟိုတယ်တစ်ခုမီးလောင်ကျွမ်းခဲ့ရာ လူ ၁၀ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မီးသတ်သမားများက ပြောခဲ့သည်။

ဟွန်ဂူတန်ခရိုင်ရှိ အိတ်ချ်အင်န်အေ ပလက်တီနန်မစ်ဇ်ဟိုတယ်သည် နံနက် ၈ နာရီတွင် မီးလောင်ကျွမ်းခဲ့ပြီးနောက် နံနက် ၉ နာရီ ၄၀ ဝန်းကျင်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်သည့်အချိန်တွင် ယင်းဟိုတယ် ဒုတိယထပ်တွင် ဆောက်လုပ်ရေးအလုပ်သမား ၁၀ ဦး ထက်မနည်း အလုပ်လုပ်နေကြောင်း သိရသည်။

ရုပ်အလောင်းခုနစ်လောင်းကို မီးလောင်အပျက်အစီးပုံများကြားတွင် မီးသတ်သမားများက တွေ့ရှိခဲ့သည်။ အခြားဒဏ်ရာရရှိသူ ၁၆ ဦးကို ဆေးရုံတင်ခဲ့ရာ သုံးဦးထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

လူ ၂၆၀ နေထိုင်သည့် အဆောက်အအုံနှင့် ကပ်လျက်ရှိ လေးထပ်ဟိုတယ် မီးလောင်နေချိန်တွင် ၎င်းတို့အား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်ပြီး လူခုနစ်ဦးအား ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ကနဦးစစ်ဆေးချက်များအရ အလှဆင်ပစ္စည်းများ ဖြတ်တောက်မှုကြောင့် မီးလောင်ကျွမ်းခဲ့ရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး တိကျသော စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ **(ဆင်ဟွာ)**



# တာဝန်ကျေသော နိုင်ငံသား သို့မဟုတ် ဂုဏ်ပြုထိုက်သော စွန့်ဝံ့သူ

**သတင်းဆောင်းပါး-မင်းသစ်**

**ဓာတ်ပုံ-နေလင်း**




အသက် သုံးလကျော် လသားအရွယ် ကလေးငယ်ကို တစ်ဖက်ကချော့သိပ်ရင်း အသက်ခုနစ်နှစ်အရွယ်နှင့် အသက်သုံးနှစ်ခွဲအရွယ် ကလေးငယ်နှစ်ဦးကို ကျောင်းသွားရန် ပြင်ဆင်ပေးနေသည့် အသက်၃၀ အရွယ် အမျိုးသမီးတစ်ဦး။

"သူမရှိတော့ လစ်ဟာသွားတာတွေက အများကြီးပဲ။ အခက်အခဲတွေလည်း ရှိတယ်။ လစ်ဟာသွားတဲ့နေရာ အစားထိုးလို့မရဘူး။ စီးပွားရေးကအစ၊ ကလေးတွေကျောင်းပို့တာကအစ အစစအရာရာ သူပဲလုပ်တာ"ဟု အိမ်နံရံတွင် ချိတ်ဆွဲထားသည့် သေဆုံးသူခင်ပွန်းသည်၏ ဓာတ်ပုံကိုကြည့်ရင်း မစုသက်ခိုင်က ပြောသည်။

မစုသက်ခိုင်၏ ခင်ပွန်းအသက် ၄၄နှစ်အရွယ် တက္ကစီယာဉ်မောင်း ဦးနေဝင်း(ခ) ဦးဝင်းလွင်သည် ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီဝန်းကျင်ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧရိယာအတွင်း ပြည်ပခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအကြံပေးဖြစ်သူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား အနီးကပ်သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သည့်သူအား တာဝန်သိပြည်သူတစ်ဦးအနေဖြင့် လိုက်လံဖမ်းဆီးရင်း သေနတ်သမား၏ ပစ်ခတ်မှုကြောင့် အသက်သေဆုံးခဲ့ရသည်။

လုံခြုံအေးချမ်း တည်ငြိမ်သော လူ့ဘောင်ကို တည်ဆောက်နိုင်ရေးတွင် နိုင်ငံတော်အစိုးရ၊ လုံခြုံရေးအဖွဲ့အစည်းများသာမက အများပြည်သူ ပူးပေါင်းပါဝင်မှုတို့လည်း လိုအပ်ရာ အများအကျိုးအတွက် လုံခြုံအေးချမ်းတည်ငြိမ်သော လူ့ဘောင်တည်ဆောက်ရေးအတွက် ပြည်သူထဲမှ ပြည်သူတို့၏ စွန့်လွှတ်မှု၊ ရဲရင့်မှု၊ အနစ်နာခံမှုတို့ဖြင့် ဦးနေဝင်းက အသက်ကို ပေးဆပ်ပြီး သက်သေပြခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတ စေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကို ရွေးချယ်၍ "ပြည်သူသို့ ကျေးဇူးတင်လွှာ" ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ဦးနေဝင်းကို ရွေးချယ်ခဲ့သည်။

"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ချီးကျူးဂုဏ်ပြုတယ်ဆိုတော့ ကိုနေဝင်းအတွက် ဂုဏ်ယူမိပါတယ်။ ကလေးတွေအတွက် ဂုဏ်ယူထိုက်တဲ့ ဖခင်ဖြစ်တဲ့အတွက်လည်း ရင်ထဲအမြဲ အမှတ်ရနေမှာပါ"ဟု ဦးနေဝင်း၏ဇနီးဖြစ်သူ မစုသက်ခိုင်က ပြောသည်။

"ကားမောင်းတဲ့သူ သေနတ်နဲ့ ပစ်ခံရတယ်ဆိုတာ မယုံဘူး။ စတာနောက်တာပဲ ထင်နေတယ်။ ယုံလည်းမယုံကြည်ခဲ့ဘူး။ ဖြစ်ရင်လည်း အပေါ်ယံလောက်ပဲဖြစ်မယ်ထင်တာ။ အခုလို အသက်ဆုံးရှုံးတဲ့ထိဖြစ်မယ်လို့ မယုံခဲ့ဘူး"ဟု ဦးနေဝင်း၏ ဇနီးဖြစ်သူ မစုသက်ခိုင်က ပြန်ပြောင်းပြောပြသည်။

ဆုံးပါးသွားသည့် ခင်ပွန်းသည်အတွက် ရည်စူးကာ ရွှေတိဂုံစေတီတော်တွင် ရွှေပြားကပ်လှူပူဇော်ခြင်း၊ နေအိမ်အနီး ဘုန်းတော်ကြီးကျောင်းတွင် ကုဋီနှင့် ရေချိုးခန်း ဆောက်လုပ်လှူဒါန်းခြင်း ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပေးခဲ့ကြောင်း မစုသက်ခိုင်က ပြောသည်။

ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်က ကိုနေဝင်းအတွက် ရည်စူးကာ သံဃာတော်များအား အရုဏ်ဆွမ်းနှင့်နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား စတုဒိသာကျွေးမွေး လှူဒါန်းခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်သွားမည်ဟု မစုသက်ခိုင်က ပြောသည်။

အိမ်ထောင်သက် ၁၀ နှစ်ကျော်ရှိပြီဖြစ်သည့် ဦးနေဝင်းသည် ၎င်းကွယ်လွန်ချိန်တွင် အသက်ခုနစ်နှစ်အရွယ် ဒုတိယတန်းကျောင်းသား၊ အသက်သုံးနှစ်ခွဲအရွယ် JSchool ကျောင်းသားနှင့် ၄၅ ရက် လသားအရွယ် ကလေးငယ်တစ်ဦးတို့ ကျန်ရှိခဲ့သည်။

ဦးနေဝင်းသည် မိသားစုစီးပွားရေးအတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည် ပို့ဆောင်ရေး ဆောင်ရွက်နေသည့် ပျံသန်းသောပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းသို့ လွန်ခဲ့သော ခြောက်လခန့်က ဝင်ရောက်ခဲ့ပြီး ယာဉ်မောင်း အလုပ်ကို လုပ်ကိုင်ခဲ့ကြောင်း အသင်းဥက္ကဋ္ဌက ပြောသည်။

"ကိုနေဝင်းက ပျော်ပျော်နေတတ်တယ်။ ပေါင်းသင်းဆက်ဆံရေးကောင်းပြီး အားလုံးကို ကူညီတတ်တယ်။ အသင်းသားတစ်ယောက် ဆုံးရှုံးသွားတဲ့အတွက် အားလုံးက စိတ်မကောင်းဖြစ်နေကြတယ်"ဟုအသင်းဥက္ကဋ္ဌက ဆက်ပြောသည်။

ထို့အတူ ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းမှ အသက် ၆၀ ကျော်အရွယ် ယာဉ်မောင်း အန်ကယ်ဟစ်(ခ)ဦးဉာဏ်ထွန်းက "ကိုနေဝင်းက ပရဟိတစိတ်ရှိတယ်။ ပရဟိတစိတ်ရှိလို့လည်း အခုလိုဖြစ်သွားတာပေါ့"ဟု ပြောသည်။

"ကိုနေဝင်းသေဆုံးသွားတဲ့အတွက် စိတ်တော့မကောင်းဘူး။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အခုလို ဂုဏ်ပြုလိုက်တော့ အသက်ကို ပဓာနမထားဘဲ သူစွမ်းဆောင်ခဲ့တဲ့အပေါ် လုပ်ဖော်ကိုင်ဖက်တစ်ဦးအနေနဲ့ ဂုဏ်ယူတယ်"ဟုအန်ကယ်ဟစ်(ခ)ဦးဉာဏ်ထွန်းက ပြောသည်။

ရန်ကုန်မြို့တွင် YBS ယာဉ်လိုင်းစနစ်သစ်စတင်ချိန်တွင် ရန်ကုန်လေဆိပ်တွင် ပြေးဆွဲနေသည့် ခရီးသည်တင်တက္ကစီအသင်းကားများ အခမဲ့ပြေးဆွဲပေးခဲ့ရာ ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းမှလည်း ပါဝင်ခဲ့ရာ အသင်းသား တစ်ယောက်ဖြစ်သူ ကိုနေဝင်းအနေဖြင့်လည်း ပရဟိတ စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီခဲ့သည်ဟု အသင်းဥက္ကဋ္ဌက ပြောသည်။

နိုင်ငံသားကောင်းတစ်ဦးအနေဖြင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ပြီး တာဝန်ကျေပွန်ခဲ့သည်သာမက နိုင်ငံသားတစ်ဦး၏ တာဝန်ကို အသက်ပေးပြီး ဆောင်ရွက်ခဲ့သည့် ဦးနေဝင်းအား နာရေးကူညီမှုအသင်း(ရန်ကုန်)ကလည်း ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သည်။

ကိုနေဝင်းအတွက် ပျံသန်းသော ပျံလွှားသယ်ယူပို့ဆောင်ရေးအသင်းက အသင်းသားများစုပေါင်းပြီး ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရေဝေးသုသာန်တွင် ပြုလုပ်ပေးထားသည့် အုတ်ဂူလေးက ယနေ့အချိန် ဖခင်ကွယ်လွန်ခဲ့သည်ကို မသိနိုင်သေးသည့် ၎င်း၏သားသမီးများအတွက် နောင်တစ်ချိန် အမှတ်ရဂုဏ်ယူစရာဖြစ်လာမည်ဖြစ်ရာ ဇနီးဖြစ်သူ မစုသက်ခိုင်က ကိုနေဝင်းက ကလေးတွေအတွက် ဂုဏ်ယူထိုက်တဲ့ ဖခင်ဖြစ်တဲ့အတွက် ရင်ထဲအမြဲအမှတ်ရနေမှာပါဟု ပြောသည်။



# မြစ်ကြီးနားတွင် ဧရာဝတီမြစ်ရေ ခုနစ်ပေခန့်မြင့်တက်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က ဧရာဝတီမြစ်ရေသည် ခုနစ်ပေခန့် မြင့်တက်လာကြောင်း သိရသည်။

"မြန်မာပြည်မြောက်ဖျားပိုင်း အနောက်ဘက်မှ တိုက်ခတ်လာသော လေစီးကြောင်းများမှ လွင့်မျောလာတဲ့ တိမ်မှတစ်ဆင့် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၄ ရက်အထိ ရွာချသည့် မိုးများကြောင့် ဧရာဝတီမြစ်ရေ မြင့်တက်လာရခြင်းဖြစ်တယ်"ဟု ကချင်ပြည်နယ် မိုးလေဝသနှင့်ဇလဗေဒဌာနကြားမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေသည် ပုံမှန်အားဖြင့် ၁၃၆ စင်တီမီတာရှိရာမှ ဖေဖော်ဝါရီ ၂၄ ရက် မွန်းတည့် ၁၂ နာရီအချိန် တိုင်းထွာချက်အရ ၃၈၇ စင်တီမီတာ ခုနစ်ပေခန့်အထိ မြင့်တက်ခဲ့ပြီး မြန်မာပြည်မြောက်ဖျားပိုင်းတွင် နောက်နှစ်ရက်ခန့် နေရာကွက်ကျားမိုးများ ဆက်လက်ရွာသွန်းနိုင်ကြောင်း ယင်းက ဆိုသည်။

အဆိုပါမိုးရွာသွန်းမှုကြောင့် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအနောက်ဘက် ဧရာဝတီမြစ်ကမ်းနံဘေးရှိ လုံဂဘာစားသောက်ဆိုင်သို့ ရေများ ဝင်ရောက်နစ်မြုပ်ခဲ့သည်။ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ၃၇၉ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ခုနစ်ပေခန့် မြင့်တက်ခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်)ရုံး၏ ၂၀၁၇ ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီ ထူးခြားမြစ်ရေ သတင်းထုတ်ပြန်ချက်အရ သိရသည်။


ကသာမြို့အနီး မြင့်တက်လာသော ဧရာဝတီမြစ်ရေအခြေအနေကို တွေ့ရစဉ် ဓာတ်ပုံ-ငွေအိုး(ကသာ)

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ၅ ပေမှ ၆ ပေခန့်၊ နောက်သုံးရက်မှ ခုနစ်ရက်အတွင်း သပိတ်ကျင်းမြို့ စစ်ကိုင်းမြို့ မန္တလေးမြို့ မြင်းမူမြို့ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၃ ပေမှ ၄ ပေခန့်၊ နောက်ခြောက်ရက်မှ ဆယ့်နှစ်ရက်အတွင်း ချောက်မြို့ မင်းဘူးမြို့ မကွေးမြို့ အောင်လံမြို့ ပြည်မြို့ ဆိပ်သာမြို့ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခွဲခန့်အထိ လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့် မြစ်ရေရုတ်တရက် တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ထားသည်။

အလားတူ ကသာမြို့နယ်အနီးရှိ ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၄ရက် နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ၁၇၀ စင်တီမီတာခန့် ရေတိုးလာခဲ့သည်။ ထို့နောက် အထက်ပိုင်းတွင် မိုးရွာသွန်းမှုကြောင့် မြစ်ကြီးနားမြစ်ရေတိုးခဲ့ပြီး ကသာမြို့မှာ ရေတိုးလာရာ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်း ၆ နာရီခွဲအချိန် ၂၅၃ စင်တီမီတာအထိ တိုးခဲ့ပြီး နောက်ရက်ခန့်မှန်းချက်မှာ ၂ ပေခန့် မြင့်တက်လာဖွယ်ရှိ၍ စိုးရိမ်ရသည့်အနေအထား မဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဇွဲကပင်တောင်ပေါ်မှခုန်ချသေဆုံးခဲ့သော ပြင်သစ်နိုင်ငံသား၏ ရုပ်အလောင်းအား ပြင်သစ်နိုင်ငံသို့ပြန်လည်ပို့ဆောင်မည်

**ဘားအံ ဖေဖော်ဝါရီ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်စုပေါင်းရုံးရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပြင်သစ်နိုင်ငံသား Mr. Yannick Normandin ၏ခန္ဓာကိုယ်နှင့် ခရီးဆောင်အိတ်တို့အတွင်းမှ တွေ့ရှိခဲ့သော ပစ္စည်းများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကြာညိုနှင့်တာဝန်ရှိသူများက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ ပြင်သစ်သံရုံးမှ ကိုယ်စားလှယ် ဦးဆန်းလင်းက လက်ခံခဲ့သည်။

ထို့နောက် ပြင်သစ်သံရုံးကိုယ်စားလှယ်က သေဆုံးသူ၏ ပတ်စ်ပို့စာအုပ်ပါသည့် ခရီးဆောင်အိတ်ပြန်လည်တွေ့ရှိခြင်းကြောင့် သက်ဆိုင်ရာပြင်သစ်သံရုံးအနေဖြင့်လည်း ဆက်လက်လုပ်ဆောင်ရသည့် လုပ်ငန်းများအား လျင်မြန်စွာဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံသား၏ ရုပ်အလောင်းအား ရန်ကုန်သို့ အအေးခန်းပါသည့် လူနာတင်ယာဉ်ဖြင့် သယ်ဆောင်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ရေခဲတိုက်တွင် ခေတ္တထားကာ ပြင်သစ်နိုင်ငံသို့ သယ်ဆောင်ရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းနှင့် လေယာဉ်တို့ကို စီစဉ်ဆောင်ရွက်ပေးပြီး ရန်ကုန်လေဆိပ်မှတစ်ဆင့် ပြင်သစ်နိုင်ငံသို့ ပြန်လည်သယ်ဆောင်၍ သင်္ဂြိုဟ်သွားရန်စီစဉ်ထားကြောင်း ဦးဆန်းလင်းထံမှ သိရသည်။

အဆိုပါပြင်သစ်နိုင်ငံသားမှာ ဖေဖော်ဝါရီ ၁၇ ရက် ည ၇ နာရီခန့်က ဇွဲကပင်တောင်၏ အမြင့်ဆုံးနေရာ ပေပေါင်း ၂၇၃၀ ကျော်မြင့်သည့် ဓမ္မစေတီနေရာအနီး၊ အများသုံး အိမ်သာခေါင်မိုးပေါ်မှ ခုန်ချခဲ့သဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၈ နာရီခွဲခန့်က ၎င်းကျန်ခဲ့သည့်ခရီး ဆောင်အိတ်ကို ဘားအံမြို့နယ် ဇွဲကပင်တောင် ကေဘယ်တိုင်အနီး၌ ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

**နေရာကွက်ကျား မိုးရွာနိုင်**

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ (မိုး/ဇလ)

# တောင်းရမ်းစားသောက်သည့် ကလေးများအား အရေးယူခြင်း မရှိသေး



**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့တွင် လမ်းပေါ်နေ တောင်းရမ်းစားသောက်သည့်ကလေးငယ်များ ပပျောက်ရေး ပညာပေးကာလအဖြစ် ယခုနှစ် ဇန်နဝါရီလကုန်အထိ ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီလမှစ၍ အရေးယူသည့်ကာလ ရောက်ရှိပြီဖြစ်သော်လည်း လက်ရှိအခြေနေတွင် အရေးယူထားခြင်းမရှိကြောင်း သိရသည်။

မန္တလေး ကလေးသူငယ်ရဲတပ်ဖွဲ့စုမှ ရဲအုပ်သိန်းဇော်က "ယနေ့အချိန်အထိတော့ အရေးယူထားတာ မရှိဘူး။ ပညာပေးကာလ တော်တော်လေး လုပ်ခဲ့တော့ လမ်းပေါ်နေကလေး ရှိတော့ရှိတယ်။ အတော်နည်းသွားတယ်။ အချို့နေရာတွေတော့ ရှိမှာပါ။ ရှိခဲ့ရင် အသိပညာပေးထားတဲ့အတိုင်း သက်ဆိုင်ရာတွေ အကြောင်းကြားပြီးတော့မှ ဒီကလေးတွေကို လမ်းပေါ်ကနေ အမြန်ဆုံး လွတ်အောင် ကယ်ထုတ်မှာပါ"ဟု ပြောကြားသည်။

ပညာပေးကာလတွင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် လမ်းပေါ်နေ တောင်းရမ်းစားသောက်သည့် ကလေးများနှင့် နောက်ကွယ်မှ စေခိုင်းသူများအား ပညာပေးမှုများ လုပ်ဆောင်ခဲ့ပြီး ယင်းကာလအတွင်း တွေ့ရှိသူများကို တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ ပို့ဆောင်ကာ ရောက်ရှိလာသူများအား လူမှုဝန်ထမ်းဦးစီးဌာနက ပညာပေးပြီး ခံဝန်ချက်ဖြင့် ပြန်လွှတ်ပေးကြောင်း၊ စောင့်ရှောက်မည့်သူ မရှိသည့် ကလေးငယ်များကို ယင်းဌာနရှိ ကျောင်းများသို့ အသက်ရွယ်အလိုက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

"အဘွားတွေဆို ဘိုးဘွားရိပ်သာ ပို့ပေးတယ်။ စောင့်ရှောက်မယ့်သူရှိရင်တော့ ခံဝန်ချက်နဲ့ ပြန်လွှတ်ပေးတယ်။ လမ်းပေါ်နေ တောင်းရမ်းစားသောက်တဲ့ကိစ္စက အများကြီး ရှင်းသွားတာမျိုး မဟုတ်ပါဘူး။ လုပ်တာတော့ လုပ်နေကြပါတယ်။ ဌာနကို ထပ်ပြီးရောက်လာတာ မရှိသေးဘူး။ တချို့မိဘက ပြန်မခေါ်လို့ ထားခဲ့တဲ့ကလေးတွေလည်း ရှိတယ်။ အသက်အရွယ်အလိုက် ဌာနက ကျောင်းတွေကို ပို့ပေးတယ်။ တစ်ဌာနတည်း လုပ်လို့မရပါဘူး။ ဌာနပေါင်းစုံပူးပေါင်းပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက ပြောသည်။

ကလေးသူငယ်ဥပဒေပုဒ်မ ၃၂ (က/ခ)အရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးများမှာ မိဘ သို့မဟုတ် အုပ်ထိန်းသူမရှိသည့် ကလေးများ၊ တောင်းရမ်းစားသောက်သူ ကလေးများ၊ မူယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေနိုင်သောဆေးဝါးများ သုံးစွဲသည့်ကလေးများဖြစ်ပြီး အများပြည်သူများအနေဖြင့် ယင်းကလေးများကို တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ သတင်းပေးတိုင်ကြားနိုင်ကြောင်း သိရသည်။

လမ်းပေါ်နေ တောင်းရမ်းစားသောက်သည့် ကလေးများ ပပျောက်ရေး ပညာပေးကာလ ပြီးဆုံးခဲ့ပြီး အရေးယူသည့်ကာလ ရောက်ရှိလာပြီဖြစ်သောကြောင့် ကလေးသူငယ်ဥပဒေပုဒ်မ ၆၅ (က/ခ)အရ ကလေးသူငယ်များအား အသက်အန္တရာယ်ဖြစ်စေနိုင်သော/ရောဂါဝေဒနာ စွဲကပ်စေနိုင်သော/ အကျင့်စာရိတ္တ ပျက်ပြားစေနိုင်သော အလုပ်များကို စေခိုင်းခြင်း/ လုပ်ကိုင်ခွင့်ပြုခြင်းများ ပြုလုပ်ပါက ထောင်ဒဏ်ခြောက်လ၊ ငွေဒဏ် ၁၀၀၀ ကျပ် (ဒဏ်နှစ်ရပ်လုံး)ကျခံစေရန် အရေးယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား အားဆေးနှင့် အာဟာရကျွေးမွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်မှ အင်အားဖြည့်အားဆေးနှင့် အာဟာရ ကျွေးမွေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းရှိ စားရိပ်သာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးစိုးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ဇနီး ဒေါ်နန်းအေးခိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော အလှူရှင်များ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဇနီးဒေါ်နန်းအေးခိုင်နှင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားကာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၁၉၈ ဦး အတွက် အင်အားဖြည့်အားဆေးများကို လည်းကောင်း၊ Giant Wave ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါ်နန်းမျိုးမြင့်မေက ငွေကျပ် လေးသိန်းကျော်တန်ဖိုးရှိ အာဟာရမုန့်များကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**



**ပူပြင်းသောနွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီ ၂၃ ရက်က ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)၌ ပြုလုပ်ခဲ့ရာ ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးရဲအောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ဝန်ထမ်းများက မီးသတ်ဆေးဘူးများသုံးစွဲကာ လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်စဉ်။**
(မော်လမြိုင်ကိုယ်ပွား)


## ငှားမည်(ပွဲစားမလို)

ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ (၆)ထပ်တိုက်၊ ငါးလွှာတွင်ရှိသော ပေ(၁၅×၆၀)ရှိ Hall Type အခန်းနှစ်ခန်း၊ ဘေးချင်းကပ်၊ Lift ပါရှိ၊ တစ်ခန်း ခုနစ်သိန်း၊ နှစ်ခန်းလုံးငှားပါက တစ်လ ၁၂သိန်းနှင့် ငှားမည်။

ရန်ကင်းမြို့နယ်၊ ဆီဒိုးနားအရှေ့ဘက်နှင့် မြန်မာပလာဇာ၏ မြောက်ဘက်အနီး၊ ပညာ့ဝတီရိပ်သာကွန်ဒို၊ (၁၅၀၀)စတုရန်းပေရှိ၊ ပထမထပ်အခန်း၊ MB(၁)၊ B(၃)၊ ဧည့်ခန်း၊ မီးဖို၊ အိမ်သာရေချိုးခန်း၊ အားလုံးပါကေး၊ အားလုံးခြင်လုံဆန်ခါ၊ သံပန်း၊ Air Con လေးလုံး၊ Lift၊ မြေညီကားပါကင်၊ ၁၇သိန်း(ညှိနှိုင်း)

ဖုန်း-၀၉-၉၇၇၆၆၆၅၅၄၊ ၀၉-၅၁၉၉၇၈၁

## အနုပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ အနုပညာဦးစီးဌာန၊ ဇာတ်ရုံဌာနခွဲရှိ အမိုးသွပ်အဟောင်းများနှင့် ပွဲကြည့်ထိုင်ခုံအဟောင်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၂-၂၀၁၇ရက်မှ ၃-၃-၂၀၁၇ရက်အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း ဇာတ်ရုံဌာနခွဲ၊ အမျိုးသားဇာတ်ရုံ(မန္တလေး)၊ ၆၆ လမ်း၊ ၂၀-၂၂လမ်းကြား၊ အနိုပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါမတင်သွင်းမီ မျက်မြင်အခြေအနေအတိုင်း ရောင်းချမည့် ပစ္စည်းအဟောင်းများအား ၂၇-၂-၂၀၁၇ရက်မှ ၃-၃-၂၀၁၇ရက်အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း အထက်ပါလိပ်စာသို့ လာရောက်ကြည့်ရှုနိုင်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါများကို ၆-၃-၂၀၁၇ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း အထက်ပါလိပ်စာရှိ တင်ဒါရောင်းချသည့် အဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရောင်းချမည်ဖြစ်ပါသည်။
၅။ ၃-၃-၂၀၁၇ရက် မွန်းတည့် ၁၂နာရီနောက်ပိုင်းတင်သွင်းသည့် အိတ်ဖွင့်တင်ဒါဖောင်များအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့**
**ဖုန်း-၀၂-၆၁၁၆၈**
**ဖုန်း-၀၉-၄၃၀၁၃၀၈၉၊ ၀၉-၇၉၇၂၂၃၂၀၇**

## စာအုပ်ထွက်ရှိကြောင်း သတင်းကောင်း

မန္တလေးမြို့က လက္ခဏာဆရာကြီး ပါမောက္ခဒေါက်တာထွန်းလင်း (ဘုတလင်)ဒုတိယအကြိမ် ရေးသားထုတ်ဝေသော **ကန္တာရခရီးလမ်းက ဂမ္ဘီရခရီးသည်** စာအုပ်အပါအဝင်

၁။ သင့်လက္ခဏာက ပြောသော သင့်ကျန်းမာရေး၊
၂။ သင့်လက္ခဏာက ပြောသော သင့်အချစ်ရေး၊
၃။ သင့်လက္ခဏာက ပြောသော သင့်အောင်မြင်ကျော်ကြားမှုများ၊
၄။ သင့်လက္ခဏာက ပြောသော သင့်အတွက် အန္တရာယ်ရှိ၊ မရှိ ပြသမှုများနှင့်
၅။ သင့်လက္ခဏာက ပြောသော သင့်အတွက် ကံကောင်းခြင်း စာအုပ်များကို စာအုပ်ဆိုင်များတွင် ရရှိနေပါပြီ။

လူ့လောကတွင် ဒါမျိုးတွေ တကယ်ရှိပါလားဟု အံ့သြဖွယ်ရာ ဖြစ်ရပ်ဆန်းများ၊ ဖြစ်ရပ်မှန်များနှင့် သင်ခန်းစာ ရရှိစေသော ဗဟုသုတများပါဝင်ပြီး အထူးစိတ်ဝင်စားစရာကောင်းသည့် မကြုံဖူးသော စာပေရသမျိုးဖြင့် ခံစားရသည့် စာအုပ်များဖြစ်ပါသည်။ ၄င်းအပြင် သင့်ဘဝ၏ အနာဂတ်အတွက် အလင်းတန်းများ ဖြစ်ပါသည်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ခ/၃၀၈၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်မျိုးသန်း ၇/ပခန(နိုင်)၁၈၉၈၀၃၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၂၂၈၂၄၄၄**

## 7Stars (ရာထူးဝန်သင်တန်းကြီး)
## PGDMA - 18

ဆရာ/ဆရာမ ဝင်ခွင့် တန်းခွဲများအားလုံး ခပြီ ။

သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးနှင့် အကောင်းမွန်ဆုံး ပြုစုထားသော မှတ်စုများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ရောင်းချပေးနေပါပြီ။

တိုက် (18/3B)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

09- 789 10 7733 , 09- 421052736 , 09- 799 860 155

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈၊ မြေကွက်အမှတ် ၉၄၅၊ မြေကွက်တည်နေရာအမှတ် ၉၄၅၊ မြတ်လေးလမ်း၊ ၁၉ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးစည်သူ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးခိုင်ဝင်း ၈/နမန(နိုင်)၁၆၁၅၇၅နှင့် ဒေါ်ဖြူဖြူသိန်း ၁၂/စအန(နိုင်)၁၈၉၉၂၂တို့မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ ၁၇ နေ ဦးဟေမာန်ဦး(ခ) ဦးတင်လှ ၉/မထလ(နိုင်)၂၆၅၄၁၇ မှာ တစ်ဦးတည်းဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးချမ်းအောင် ၁၂/ဥကတ(နိုင်)၁၆၄၂၁၂၏ CDC-64791 ရေကြောင်းအင်ဂျင်နီယာဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်(COP)များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၆၅၉၉၇**

# ကသာမြို့နယ်၌ မူးယစ်ဆေးဝါး ငွေကျပ်သိန်း ၁၀၀၀ ကျော်ဖိုး သိမ်းဆည်းရမိ

**ကသာ ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် လမ်းခွကျေးရွာအနီး မောင်းတံဂိတ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ တပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်နိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၄ ရက်က ကသာမြို့နယ် လမ်းခွကျေးရွာအနီး ကသာ-အင်းတော်သွားကားလမ်း (၈)မိုင်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ထွန်းရင်စီးနင်းလာသော ဆိုင်ကယ်အား မသင်္ကာ၍ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ၁၁၁၁ ဂရမ်၊ တန်ဖိုးငွေကျပ် ၁၁၁၁ သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ တန်ဖိုးငွေကျပ်သိန်း ၂၀၀ အား ရှာဖွေတွေ့ရှိသဖြင့် ၎င်းအားစစ်မေးရာ အဆိုပါ မူးယစ်ဆေးဝါးများကို ကြည်စိုးဆိုသူက ဝယ်ယူခိုင်းကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ထွန်းရင်နှင့် ကြည်စိုးတို့အား ဥပဒေအရအရေးယူပေးရန် ဒုရဲမှူးမြင့်နိုင်ဦးက တရားလိုပြုလုပ်ကာတိုင်ကြားထားသောအမှုဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါး လက်ဝယ်ကိုင်ဆောင်သူ ထွန်းရင်နှင့် ကြည်စိုးတို့အား ကသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)၊ ဓာတ်ပုံ -ကိုရဲ**



# ဆီဘောက်ဆာယာဉ်မှ ဒီဇယ်ဆီများ လှယ်ယူစဉ် မီးလောင်မှုဖြစ်ပွား

**မိုးကောင်း ဖေဖော်ဝါရီ ၂၅**

မိုးကောင်းမြို့ ကျွန်းတောရပ်ကွက် ဖိုးချစ်ကုန်းအုပ်စုရှိ ဒေါ်ခင်မာရွှေ၏ ဇင်ယော် စက်သုံးဆီရောင်းဝယ်ရေးဆိုင်၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီကျော်ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ စက်သုံးဆီဆိုင်အတွင်းရှိ ၁၈ ဘီး ဆီဘောက်ဆာယာဉ်အတွင်းမှ ဒီဇယ်ဆီများအား အလုပ်သမားဖြစ်သူ မောင်ရီဝေက ပီပါအတွင်းသို့ထည့်ရာ ဆီထည့်သည့်ဂေါက်နှင့် ပြောင်းထည့်စဉ် ဆီပီပါနှုတ်ခမ်းနှင့်ပွတ်တိုက်မိရာမှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



အဆိုပါမီးလောင်မှုကို မြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ပြီး ဆီပီပါများအား မီးအန္တရာယ်ကင်းလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဝဲ/ယာ ပေါင်ရင်းမှ ခြေဖျားထိ မီးကူးစက်လောင်ကျွမ်းခံရသူ မောင်ဝေမင်းကျော်သည် မိုးကောင်းဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ဇင်ယော်စက်သုံးဆီဆိုင်ပိုင်ရှင် ဒေါ်ခင်မာရွှေအား မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

# တာလေ-ကျိုင်းလပ်သွားလမ်း၌ မူးယစ်ဆေးဝါး ငွေကျပ် ၁၉၅ သိန်းခန့် သိမ်းဆည်းရမိ

**တာချီလိတ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ မိုင်းပါလျှိုးကျေးရွာအုပ်စု နမ့်ကိုင်းကျေးရွာအနီး၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲက ငွေကျပ် ၁၉၅ သိန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာလေ - ကျိုင်းလပ်သွားလမ်း နမ့်ကိုင်းကျေးရွာအနီး၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက မိုင်းပါလျှိုးနယ်မြေရဲစခန်းမှ ဒုရဲအုပ်အောင်မြင့်မြတ်ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် တာလေမြို့မှ ကျိုင်းလပ်မြို့ဘက်သို့ စောလုမောင်းနှင်လာပြီး နောက်မှ ယားအေလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ငွေကျပ် ၁၉၅ သိန်းခန့်တန်ဖိုးရှိ WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသည့် စောလုနှင့် ယားအေတို့အား မိုင်းပါလျှိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# လိုင်စင်မဲ့ယာဉ်ပေါ်မှ ကျောက်စိမ်းဖြတ်စများ တွေ့ရှိသိမ်းဆည်း

**သိန်းနီ ဖေဖော်ဝါရီ၂၅**

သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် ဖေဖော်ဝါရီ ၂၅ ရက်က မန္တလေးဘက်မှ မူဆယ်ဘက်သို့ ယာဉ်မောင်းနေလင်းဦး မောင်းနှင်လာသည့် လိုင်စင်မဲ့ယာဉ်နှင့် ယာဉ်မောင်း ရန်နိုင်ထွန်း မောင်းနှင်လာသည့် လိုင်စင်မဲ့ယာဉ်များကို ရပ်တန့်ရှာဖွေစစ်ဆေးရာ အဆိုပါယာဉ်များပေါ်၌ ကျောက်စိမ်းဟု ယူဆရသော ကျောက်ပြားအပိုင်း၊ လက်ကောက်အပိုင်း၊ ဖြတ်ပိုင်းအစများကို စစ်ဆေးတွေ့ရှိရသဖြင့် လိုင်စင်မဲ့ယာဉ်များနှင့် ကျောက်များအား လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ ယာဉ်မောင်းနှစ်ဦးအား သိန်းနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ချစ်လှ(ပြန်/ဆက်)**

# နေပြည်တော်အတွင်း ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ကျည်တောင်ကျေးရွာ လေ့ခွင်းတောင် တန်ခိုးကြီးဘုရားမုခ်ဦးအနီး၌ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီခွဲက မသင်္ကာဖွယ် လူငယ်နှစ်ဦး ဆိုင်ကယ်ရောင်းချနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ဇေယျာသီရိမြို့နယ် ကျဉ်တောင်အုပ်စု မွန်းတည့်ခွင်တောင်ရွာနေ တိုးကိုကို (ခ) တုတ်ကြီးနှင့် မာန်မွတ်(ခ) နေဇော်တို့နှစ်ဦးသည် နံပါတ်မပါ New Zhineng -125 တံဆိပ်ပါ အနက်ရောင်ဆိုင်ကယ်တစ်စီးကို ငွေကျပ် ၂၄၀၀၀၀ဖြင့် လိုက်လံရောင်းချနေကြောင်း သိရသဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားမှုဖြင့် ဇေယျာသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်က ကြီးကြပ်၍ ရေဆင်းနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲဝင်းထွန်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းနိုင်၊ နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစိတ်မှ ရဲအုပ်တင်ယုနှင့်အဖွဲ့တို့က သွားရောက်စစ်ဆေးရာ ယင်းဆိုင်ကယ်မှာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့မဈေးအနီးမှ ခိုးယူလာခဲ့ကြောင်းနှင့် ဆက်စပ်စစ်ဆေးရာတွင် နယ်မြေဒေသ အသီးသီးမှ ၎င်းတို့ခိုးယူလာခဲ့သော ဆိုင်ကယ်ကိုးစီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆိုင်ကယ်ခိုးယူသူ တိုးကိုကို(ခ) တုတ်ကြီးနှင့် မာန်မွတ်(ခ) နေဇော်တို့နှစ်ဦးကို ရေဆင်းနယ်မြေရဲစခန်းက ဥပဒေအရ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မေသုခ**




## ကျယ်ဝန်းသောခြံများ သက်သာသောဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ပြင်ဦးလွင်တွင် ဈေးသက်သာစွာဖြင့် ကိုယ်ပိုင်ခြံဝင်းဖြင့် မိသားစုလိုက် အပန်းဖြေအနားယူလိုသူများ၊ အေးချမ်းစွာနေထိုင်လိုသူများအတွက် အနီးစခန်းလေယာဉ်ကွင်းရှေ့၊ ပတ်ဝန်းကျင်ဆိတ်ငြိမ်၊ ရပ်ကွက်သန့်၊ လမ်းကျယ်၊ ကတ္တရာခင်းထားပြီး၊ လမ်းအဝင်အထွက်ကောင်း၊ (80'x80') ခြံစည်းရိုးအုတ်တံတိုင်းခတ်၊ သံတံခါးတပ်ပြီး၊ မြေပြင်ညီမြေကွက်များအား တစ်ကွက်ချင်းသော်လည်းကောင်း၊ မိသားစုဆွေမျိုးများတွဲလျက်သော်လည်းကောင်း၊ အပန်းဖြေနေထိုင်နိုင်ရန်အတွက် အရှုပ်အရှင်းကင်းခြံကွက်များ အမြန်ရောင်းမည်။ ဘုန်းကြီးကျောင်း၊ ရိပ်သာဆောက်လုပ်လှူဒါန်းလိုသူများအတွက် မြေကွက်လပ် (6.5)ဧက ရောင်းမည်။

**(80'x80') တစ်ကွက်= ကျပ်သိန်း( ၆၀၀)**

၂။ မော်ဘီမြို့နယ်၊ မြို့ချောင်းလမ်းမကြီးဘေး၊ မော်ဘီအစိုးရအုတ်စက်အနီး၊ မဟာဓာတ်အားလိုင်းနှင့်နီးသည်။ အထည်ချုပ်စက်ရုံ၊ အုတ်စက်ရုံ၊ သောက်ရေသန့်စက်ရုံ၊ ဆီဆိုင်၊ ဆန်စက်၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ စက်ယန္တရား အရောင်းပြခန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် ခြံမျက်နှာဝကျယ်လမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်း၊ ရေမီးကောင်းသည်။ မြေပြင်ညီသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ သီးပင်စားပင်များပါရှိသည်။ ကျောင်းရိပ်သာ ဝယ်ယူလှူဒါန်းလိုသူများအတွက် အလွန်ကောင်းမွန်သောနေရာ။

**(၁၀)ဧက= ကျပ်သိန်း ၃၀၀၀၊ ဧက(၂၀)=ကျပ်သိန်း ၆၀၀၀၊**
**(၂၈)ဧက= ကျပ်သိန်း -၈၀၀၀)**

၃။ ချောင်းသာတွင် အရင်းအနှီးနည်းနည်းဖြင့် ဟိုတယ်ဖွင့်လိုသူများ၊စီးပွားရေးလုပ်ချင်သူများအတွက် စကားဝါတောင်ခြေ၊ မြေဧရိယာ(5.35)ဧက အကျယ်မြေကွက်၊ ပိုင်ရှင်အမည်ပေါက် ဟိုတယ်မြေကျပြီး၊ မျက်နှာစာနှစ်ဖက်၊မျက်နှာဝ(607')၊ အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလို(၁)လုံးပါ။

**ကျပ်သိန်း(၈၀၀၀)**

**ဆက်သွယ်ရန် ဖုန်း- 09-5178979, 09-43022828, 09-420301091,09-451146685, 09-250165519, 09-43292929**



## ရောင်း/လဲမည်

မြေထိုးစက်
KOMATSU-D-6
-D-4
**Ph-09-259161058, 09-978996010**
ဝယ်မည့်သူသာ ဆက်သွယ်ပေးပါ။



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၁၈၅၊ ဧရိယာ ဝဒသမ ၀၅၅ဧကရှိ ဦးမြသိန်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးဆန်းစိန် ၇/ရတရ(နိုင်)၀၅၂၇၀၅ (ဘ)ဦးကျော်ဘိတ်မှ ပျဉ်းမနားမြို့ မြေတိုးချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုး ငွေသွင်းပြေစာမိတ္တူမှန်မှုရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း၊ ကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့တို့တွင် မြစ်ကြီးနားမြို့၌ နှစ်ရက်အတွင်း ခုနစ်ပေခွဲခန့်မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီလ ၂၅ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တစ်ရက်အတွင်း သုံးပေခန့် ပြန်လည်ကျဆင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ရက်မှနှစ်ရက်အတွင်း သုံးပေမှငါးပေခွဲခန့်အထိ မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်အတွင်း ကသာမြို့တွင် တစ်ပေခွဲခန့်၊ နောက်တစ်ရက်မှ လေးရက်အတွင်း သပိတ်ကျင်းမြို့ မန္တလေးမြို့ စစ်ကိုင်းမြို့ မြင်းမူမြို့ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှလေးပေခန့်နှင့် နောက်လေးရက်မှ ကိုးရက်အတွင်း ချောက်မြို့ မင်းဘူးမြို့ မကွေးမြို့ အောင်လံမြို့ ပြည်မြို့ ဆိပ်သာမြို့ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။ သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

## တားမြစ်ဆေးဝါးအလှကုန် ၂၅ မျိုး ဈေးကွက်မှပြန်သိမ်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေဖြင့် တားမြစ်ဓာတုဆေးဝါးများ ပါဝင်သော အလှကုန်ပစ္စည်းများကို ဥပဒေနှင့်အညီ ဈေးကွက်မှသိမ်းဆည်းပြီး ဖျက်ဆီးလျက်ရှိရာ ယခုအချိန်အထိ အမျိုးအစားပေါင်း ၂၅ မျိုးအထိ ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကျွန်မတို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေနဲ့ မှတ်တမ်းတင်ထားတဲ့ အလှကုန်ပစ္စည်းတွေရော၊ မှတ်တမ်းမတင်ထားတဲ့ အလှကုန်တွေပါ ဈေးကွက်ထဲကနေ ဝယ်ယူပြီး စစ်ဆေးပါတယ်။ ဒီလိုစစ်ဆေးလို့ တားမြစ်ထားတဲ့ မာကျူရီလို တားမြစ်ဓာတုဆေးတွေပါဝင်နေတယ်ဆိုရင်တော့ သတင်းစာ၊ မီဒီယာတွေကနေ သုံးစွဲရန်မသင့်ကြောင်း ကြေညာပေးပါတယ်။ တစ်ချိန်တည်းမှာပင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ FDA ရုံးတွေက ဈေးကွက်တွေထဲကနေ သုံးစွဲရန်မသင့်လို့ ကြေညာလိုက်တဲ့ အလှကုန်ပစ္စည်းတွေကို လိုက်လံသိမ်းဆည်းပါတယ်။ စီမံခန့်ခွဲရေး ဥပဒေအရဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီဥပဒေက တားမြစ်ဆေးဝါးပါတဲ့ အလှကုန်ပစ္စည်းတွေကို ဈေးကွက်ထဲကနေ ပြန်သိမ်းပြီး ဖျက်ဆီးတာဖြစ်ပါတယ်။ စတင်ဆောင်ရွက်တဲ့ ၂၀၁၄ ခုနှစ်ကနေ ယခုအချိန်အထိ အလှကုန်ပစ္စည်း ၂၅ မျိုးကို ဈေးကွက်ကနေပြန်သိမ်းပြီး ဖျက်ဆီးနိုင်ခဲ့ပြီဖြစ်ပါတယ်”ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သဇင်ရီလှိုင်က အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဘေးအန္တရာယ် ကင်းရှင်းရေးပြပွဲတွင် ပြောသည်။

တားမြစ်ဓာတုဆေးဝါးသုံး အလှကုန်ပစ္စည်းများအပါအဝင် သုံးစွဲရန်မသင့်သောပစ္စည်းများ ဖျက်ဆီးနိုင်မှုမှာ ရန်ကုန်မြို့တွင် တစ်ကြိမ်၊ မန္တလေးမြို့တွင် သုံးကြိမ်ရှိသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် အရည်အသွေး စစ်မှန်ကောင်းမွန်၍ ထိရောက်သည့် အကျိုးအာနိသင်ရှိပြီး ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းစေသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲရန် စနစ်တကျ ကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းမှာပင် အလှကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲနေကြသူများအနေဖြင့်လည်း အင်တာနက်ဝက်ဆိုက်များမှာ အလွန်ကောင်းမွန်ကြောင်း ကြော်ငြာထားသောဆေးဝါးများကို သတိပြုရှောင်ကြဉ်သင့်ကြောင်း ဆေးဝါးထုတ်လုပ်သည့်ရက်စွဲ၊ တင်သွင်းသည့်နိုင်ငံ၊ ပါဝင်သောပစ္စည်း၊ သတိပေးညွှန်ကြားချက်များကို သေချာစွာဖတ်ရှုပြီးမှ သုံးစွဲသင့်ကြောင်း အသိပေးတိုက်တွန်းထားသည်။

**မြင့်မောင်စိုး**

## ကျောက်တော်-ပလက်ဝ ကားလမ်း ပလက်ဝမြို့ထိ အသုံးပြုသွားလာနိုင်ရန် မြစ်ကူးတံတားတစ်စင်းလိုအပ်

**ပလက်ဝ ဖေဖော်ဝါရီ ၂၅**

ကျောက်တော်-ပလက်ဝ လမ်းပိုင်းသည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဟာမြတ်မုနိရုပ်ရှင်တော်ဘုရားအရှေ့ဘက် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်သည့်နေရာမှ စတင်ကာ မီးဝကျေးရွာအရှေ့ဘက် မီးချောင်းအထိ မိုင် ၂၀ ကို ရခိုင်ပြည်နယ်အပိုင်းဟုသတ်မှတ်ပြီး မီးချောင်းမှ ချင်းပြည်နယ် ပလက်ဝမြို့နယ် စိမ့်စမ်းကျေးရွာအနီး ပလက်ဝ-မတူပီကားလမ်းနှင့်ချိတ်ဆက်သည့်နေရာအထိ ၁၃ မိုင် ၅ ဖာလုံကို ချင်းပြည်နယ်အပိုင်းဟု သတ်မှတ်ဖောက်လုပ်ပေးခြင်းဖြစ်သည်။

ယခုအခါ လမ်းပိုင်းတစ်ခုလုံး ကျောက်ချောလမ်းအဖြစ်နှင့် တံတားများပါ ပြီးစီးသွားပြီဖြစ်၍ ယာဉ်လိုင်းများပါ ပြေးဆွဲအသုံးပြုနေပြီဖြစ်ရာ ယာဉ်လိုင်းများပြေးဆွဲအသုံးပြုရင်း လမ်းပိုင်းအချို့ လမ်းအဆင့်မြှင့်တင်မှုများကိုပါ ဆောင်ရွက်နေကြောင်း တွေ့ရသည်။ သို့သော် လမ်းပိုင်းတစ်ခုလုံးကို အသုံးပြုရာတွင် ပလက်ဝ-မတူပီကားလမ်းပိုင်းကို စိမ့်စမ်းကျေးရွာအနီးမှ ချိတ်ဆက်၍ လောင်းကဒူးကျေးရွာအရှေ့ဘက် ကုလားတန်မြစ်ကမ်းထိ နှစ်မိုင်ခန့်သာ အသုံးပြုသွားလာနိုင်မည်ဖြစ်ရာ ပလက်ဝမြို့သို့ ရောက်ရှိရန် ပလက်ဝ-လောင်းကဒူးကားလမ်းပိုင်း နှစ်မိုင်ကို မြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။ အဆိုပါမြစ်ကူးတံတား တည်ဆောက်ရန် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေများ လျာထားတင်ပြတောင်းခံထားရှိပြီး တိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

မြစ်ကူးတံတား တည်ဆောက်အသုံးပြုသွားလာနိုင်သည့် အခြေအနေသို့ မရောက်ရှိသေးမီ ကာလအတွင်းတွင် ကျောက်တော်မှ ကင်ဝကျေးရွာအရှေ့ဘက် ကင်ချောင်းဝအထိ အသုံးပြုသွားလာကာ ကင်ချောင်းဝမှပလက်ဝသို့ ပဲ့ထောင်စက်လှေဖြင့် ခက်ခဲစွာသွားလာနေရသဖြင့် ကုလားတန်မြစ်အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ကားကူးဇက်ရေယာဉ်များထားရှိ အသုံးပြုသွားလာနိုင်အောင် စီစဉ်ပေးမည်ဆိုပါက ပလက်ဝမြို့မှ အနယ်နယ်အရပ်ရပ်သို့ သွားလာကြရာတွင် အချိန်ကုန်သည့်အခက်အခဲကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကာ လိုအပ်နေသည့် မြစ်ကူးတံတားတစ်စင်းကို အမြန်တည်ဆောက်ပြီးစီးအသုံးပြုသွားလာနိုင်ရန် ဒေသခံပြည်သူများ မျှော်လင့်နေကြခြင်းဖြစ်ကြောင်း သိရသည်။ **မောင်မောင်ကျော့(ပလက်ဝ)**

## လားရှိုးမြို့ရှောင်လမ်းမကြီးတိုးဂိတ်၌ တရားမဝင်သစ်များ ဖမ်းမိ

**လားရှိုး ဖေဖော်ဝါရီ ၂၅**

လားရှိုးမြို့ရှောင်လမ်းမကြီး တိုးဂိတ်အနီးတွင် မန္တလေးဘက်မှ မူဆယ်သို့ မောင်းနှင်လာသည့် ၁၀ ဘီးယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာသော သစ်များအား ဖေဖော်ဝါရီ ၂၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ နံနက်က လားရှိုးမြို့ရှောင်လမ်းမကြီးတိုးဂိတ်တွင် မန္တလေးမှ မူဆယ်ဘက်သို့ ထွန်းဇော်မိုး မောင်းနှင်ပြီး သဲကိုတို့ လိုက်ပါလာသော ၁၀ ဘီးယာဉ်အား လားရှိုး သစ်တောဦးစီးအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော တမလန်းခွဲစာရွေ ၂၂ တုံး ဝ ဒသမ ၆၇၉၆ တန်၊ ကာလတန်ဖိုး သိန်း ၂၀၃၈၀၀ ခန့်၊ ပိတောက်ခွဲစာရွေအတုံး ၃၀၊ ၂ ဒသမ ၃၂၅၄ တန်၊ ကာလတန်ဖိုး သိန်း ၆၉၇၆၂၀၀ ခန့်နှင့် ပိတောက်သစ်လုံးခြောက်လုံး ၁ ဒသမ ၁၈၈၀ တန် ကာလတန်ဖိုး သိန်း ၂၉၇၀၀၀၀ ခန့်၊ စုစုပေါင်းတန်ဖိုး သိန်း ၁၁၉၈၅၀၀၀ ရှိ သစ်များအား ဖမ်းဆီးရမိခဲ့သည်။

အလားတူ လားရှိုးမြို့ ဟိုပိတ်ဘိနယ် မြို့ရှောင်လမ်းမကြီးတိုးဂိတ်တွင် ဖေဖော်ဝါရီ ၂၂ ရက်က မန္တလေးမှ မူဆယ်ဘက်သို့ ထွန်းဝင်းမောင်းနှင်လာသော ၁၂ ဘီးယာဉ်အား လားရှိုးမြို့နယ် သစ်တောဦးစီးဌာနနှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့မှ ပူးပေါင်းစစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ပိတောက်ခွဲစာရွေသစ် ၃၂ တုံး၊ ၃ ဒသမ ၄၅၀ တန်၊ ပိတောက်သစ်တုံးငါးလုံး၊ ဝ ဒသမ ၇၈၀၄ တန် ကာလတန်ဖိုးသိန်း ၁၂၆၉၁၈၀၀ တန်ဖိုးရှိ သစ်များကို ဖမ်းဆီးရမိခဲ့ရာ လားရှိုးမြို့မ ရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၁၆၄)

**ပရီမီယာလိဂ် ပွဲစဉ် (၂၆)**

| | | |
|---|---|---|
| ချယ်လ်ဆီး | ၃-၁ | ဆွမ်ဆီး |
| ပဲလေ့စ် | ၁-၀ | မစ်ဒယ်ဘရော့ |
| အဲဗာတန် | ၂-၀ | ဆန်းဒါးလန်း |
| ဟားလ်စီးတီး | ၁-၁ | ဘန်လေ |
| ဝက်စ်ဘရွန်း | ၂-၁ | ဘုန်းမောက် |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂၂)**

| | | |
|---|---|---|
| ဝုဖ်ဘတ် | ၁-၂ | ဝါဒါဘရီမင် |
| ဘိုင်ယန်မြူးနစ် | ၈-၀ | ဟမ်းဘတ် |
| လေဗာကူဆင် | ၀-၂ | မိန့်ဇ် |
| ဒမ်စတတ် | ၁-၂ | အော့စ်ဘတ် |
| ဖရိုင်းဘတ် | ၀-၃ | ဒေါ့မွန် |
| လိုက်ပ်ဇစ် | ၃-၁ | ကိုလုံး |

**စပိန်လာလီဂါ ပွဲစဉ် (၂၄)**

| | | |
|---|---|---|
| လက်စ်ပါးမက် | ၀-၁ | ဆိုစီဒက် |
| အလာဗက်စ် | ၂-၁ | ဗလင်စီယာ |
| ဘက်တစ် | ၁-၂ | ဆီဗီလာ |

**အင်္ဂလန် ချန်ပီယံရှစ် ပွဲစဉ် (၃၄)**

| | | |
|---|---|---|
| လိဒ် | ၁-၀ | ရက်ဖီးလ်ဝမ်း |
| အက်စ်တွန်ဗီလာ | ၁-၀ | ဒါဘီ |
| ဘန်စလေ | ၁-၁ | ဟက်ဒါဖီးလ် |
| ဘရန့်ဖို့ဒ် | ၄-၂ | ရီသာဟမ် |
| ကာဒစ်ဖ် | ၂-၂ | ဖူလ်ဟမ် |
| နယူးကာဆယ် | ၂-၂ | ဘရစ္စတိုး |
| ပရက်စ်တန် | ၂-၁ | ကျူပီအာ |
| ဝီဂန် | ၀-၀ | နော်တင်ဟမ် |

## သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး


**ဖောင်းကြွပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 1G/3903 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

**ရွှေပါရမီသေွးလှူဒါန်းပွဲ**

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၃၆)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မတ်လ (၅)ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို လာရောက်လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများအဆင်ပြေစေရန် ၁-၃-၂၀၁၇ နေ့မှ စတင်၍ ဖုန်း ၀၁-၃၇၂၇၅၃ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ပါသည်။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ကျွန်ုပ်၏မိတ်ဆွေသည် ပုသိမ်မြို့၊ အမှတ် (၂) နယ်မြေ၊ အမှတ် (၅၁)၊ ဗန္ဓုလလမ်းရှိ မြေစာရင်းဌာန၊ အကွက်အမှတ် (၄၅)၊ မကျီးပင်တန်းဂါတ်အကွက်၊ ဦးပိုင်အမှတ် (၁၁)၊ မြေဧရိယာ ၀ဒသမ၁၃၅ဧကရှိ အိမ်ရာမြေပိုင်မြေအတွင်း၌ရှိသော နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးနှင့် ယင်းအဆောက်အအုံတည်ရှိရာမြေနှင့် အကျိုးခံစားခွင့်ကို ခွဲစိတ်တိုင်းတာ၍ ပိုင်ရှင်ဒေါ်ညွှန့်ညွှန့် ၁၄/ပသန(နိုင်)၀၁၉၈၈၂ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးတင်မောင်ချစ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သန်း**
**အထက်တန်းရှေ့နေ(စဉ်-၁၂၆၅၀)**
**အမှတ် (၁၅)၊ မင်းရဲကျော်စွာလမ်း၊**
**အမှတ် (၆)ရပ်ကွက်၊ ပုသိမ်မြို့**
**ဖုန်း-၀၉-၄၂၂၅၄၉၀၄၈**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၀) ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ မြေကွက်အမှတ် (၁၀၂၆)၊ ဦးခင်မောင်ရင် (၁၂/ပဘတ(နိုင်)၀၁၆၅၁၇)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ အကျယ်အဝန်း (၄၅ပေ× ၆၀ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀) ဂရန်အမည်ပေါက်သူ ဦးခင်မောင်ရင်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက် အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးထိန်လင်းသန်း**
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဖုန်း - ၀၉၅၅၀၆၁၃၄၆ ၊ ၀၉၅၅၀၄၂၆၅

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/8250 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4F/1918 Nissan Vanette SK82TN P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဟန် ၁၂/ဥကတ(နိုင်)၀၆၅၄၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ကျွန်ုပ်မိတ်ဆွေ ဦးဝင်းနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ယုကေသွယ် ၁၂/တမန(နိုင်)၁၀၀၄၇၄ ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သာစုအိမ်ရာ၊ ဧ/တောင်ရပ်ကွက်၊ အမှတ် ၃၀၁၊ တိုက် ဘီ/၈၊ တတိယထပ်၏အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏ မိတ်ဆွေ ဦးဝင်းနိုင်က ၂၁-၂-၂၀၁၇ ရက်စွဲပါ နှစ်ဦးသဘောတူ စရန်ပေးကတိစာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများအနေဖြင့် ဤသတင်းစာကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုအပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်ဇော် LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၇၈/၁၆)**
**ဖုန်း-၀၉-၂၆၄၂၄၃၂၉၇**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/3333 Mercedes Benz GL 450 S/W (4 x 4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရည်လေးမွန် ၁၂/ပဇတ(နိုင်)၀၂၉၂၃၄ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ်(၈၇၇/ခ)၊ (၅၄ပေ×၁၈ပေ)ရှိ ၈ထပ်တိုက် အဆောက်အအုံမှ မြေညီထပ်တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သူထံမှ ကျွန်မ၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါပြီး ၁၄ရက်အတွင်း အထောက်အထားမူရင်းခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဝင်းမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)**
**အမှတ်-၁၁၀၀၊ ခရေလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၂၀၈၅၈**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၉/စ(တိုးချဲ့)ရပ်ကွက်၊ အမှတ် (၃၉၆)၊ အကျယ်အဝန်း (ပေ ၆၀×ပေ ၄၀)ရှိ မြေနှင့် အဆောက်အအုံအား လက်ရှိပိုင်ဆိုင်သူ ဦးဘွဲ့ကြုံနံ ၄/ဖလန(နိုင်)၀၀၂၀၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်းက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကိုကိုလွင် (စဉ်-၄၂၂၇၈)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၉၀၈၅၁၈၂၂**

**ဦးစိုင်းအောင်ခင် (စဉ်-၃၈၂၆/၈၆)**
**တရားလွှတ်တော်ရှေ့နေကြီး**
**ဖုန်း-၀၉-၂၆၂၅၉၆၇၅၉**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

၃၆။ အသိအမှတ်ပြု ဆရာဝန်တစ်ဦးဦးသည် သတ်မှတ်ထားသည့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါတစ်မျိုးမျိုး စွဲကပ်နေသည့် အလုပ်လုပ်နေသူ သို့မဟုတ် အလုပ်လုပ်ခဲ့သူကို ဆေးကုသလျှင် ထိုဆရာဝန်သည် ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ဂ) ပါ အချက်အလက်များ ဖော်ပြထားသည့် အစီရင်ခံစာကို သက်ဆိုင်ရာ အလုပ်ရှင်နှင့် သတ်မှတ်ထားသည့် သက်ဆိုင်ရာ ဦးစီးဌာနများသို့ ဆေးကုသမှု စတင်သည့်နေ့မှစ၍ ၄၈ နာရီအတွင်း အကြောင်းကြားရမည်။

၃၇။ (က) စစ်ဆေးရေး အရာရှိများသည် လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုများ၊ အန္တရာယ်ရှိသော ဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင် အဆိပ်သင့်မှုများ ဖြစ်ပွားကြောင်း သိရှိရပါက စုံစမ်းစစ်ဆေးရမည်။

(ခ) မည်သူမဆို ဖြစ်ပွားခဲ့သည့် လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုများ၊ အန္တရာယ်ရှိသော ဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင် အဆိပ်သင့်မှုများနှင့် သက်ဆိုင်သည့် ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများ၊ နေရာ အခင်းအကျင်းများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ စစ်ဆေးရေး အရာရှိချုပ်၏ ခွင့်ပြုချက် မရဘဲ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

(ဂ) ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်သည် အသက်အိုးအိမ်စည်းစိမ်၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သော လုပ်ငန်းများနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) စစ်ဆေးရေးအရာရှိချုပ်သည် လုပ်ငန်းခွင်ဆိုင်ရာရောဂါများ ဖြစ်ပွားဖွယ်ရှိသော သို့မဟုတ် လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးမှုများ ဖြစ်ပွားဖွယ်ရှိသော ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများနှင့် နေရာအခင်းအကျင်းကို ဖယ်ရှားခြင်း၊ ဖြုတ်သိမ်းခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း တို့ကိုဆောင်ရွက်ရန်အလုပ်ရှင်အား ခွင့်ပြုနိုင်သည်။

၃၈။ အမျိုးသားကောင်စီသည် အန္တရာယ်ရှိသောဖြစ်ရပ်များ ဖြစ်ပွားခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ ရောဂါဖြစ်ပွားခြင်းနှင့် ကြီးမားပြင်းထန်သော လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုများကို လိုအပ်ပါက စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးကော်မတီကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

၃၉။ ပုဒ်မ ၃၈အရ ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုနှင့် စပ်လျဉ်း၍ -

(က) ပုဒ်မ ၃၈ ပါ ကိစ္စအတွက် စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်ဖြင့်သာ စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သော နေရာသို့ ဝင်ရောက် စစ်ဆေးနိုင်ခွင့်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးရန် ဆင့်ဆိုခြင်း၊ စုံစမ်းမေးမြန်းခြင်းနှင့် စစ်ဆေးချက်များရယူခြင်းပြုနိုင်သည်။

(ဂ) လိုအပ်သည့် စာရွက်စာတမ်း၊ စာရင်းဇယား၊စာချုပ်၊ သက်သေခံ အထောက်ထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို ရယူနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်တို့ ပါဝင်သော အစီရင်ခံစာကို အမျိုးသားကောင်စီထံသို့ စုံစမ်းစစ်ဆေးပြီး ခုနစ်ရက်အတွင်း တင်ပြရမည်။

**အခန်း (၁၁)**

**စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ ၊ သင်တန်းပေးသူအဖြစ်ဆောင်ရွက်ခြင်း**

၄၀။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူအဖြစ် လည်းကောင်း၊ သင်တန်းပေးသူအဖြစ် လည်းကောင်း လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ကိုက်ညီပါက အသိအမှတ်ပြု လက်မှတ်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၁။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကို စိစစ်၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူ အဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့် မကိုက်ညီပါက ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်အခါဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြု လက်မှတ်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားသော စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူများကို မှတ်ပုံတင်ထားရမည်။

၄၂။ (က) ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ)အရ အသိအမှတ်ပြု လက်မှတ် ရရှိသူသည် အသိအမှတ်ပြု လက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်၍ လုပ်ကိုင်လိုသည့်အခါ အသိအမှတ်ပြုလက်မှတ်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့် အညီ အသိအမှတ်ပြု လက်မှတ်သက်တမ်း တိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး အသိအမှတ်ပြုလက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်မကိုက်ညီပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) အသိအမှတ်ပြု လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြု လက်မှတ်သက်တမ်းတိုးမြှင့်ပေးရမည်။

၄၃။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူသည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပြီးအန္တရာယ် ကင်းရှင်းကြောင်းတွေ့ရှိပါက အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ အလုပ်ရှင်အား ထုတ်ပေးရမည်။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူသည် ဦးစီးဌာနက သတ်မှတ်ပေးသော စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

**အခန်း (၁၂)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၄၄။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ ကြိုတင်ခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် ထုတ်ပေးထားသော ကြိုတင်ခွင့်ပြုချက် လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ လုပ်ငန်းလိုင်စင်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် လုပ်ငန်း ဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူအား အကြောင်းကြားစာ လက်ခံရရှိပြီး ခုနစ်ရက် အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဃ) ပုဒ်မ ခွဲ (ဂ)ပါ အလုပ်ရှင်၏ ဖြေရှင်းချက်အပေါ် ခိုင်လုံသော အကြောင်းပြချက်မရှိကြောင်း တွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

၄၅။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူက အောက်ပါ အချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာပေးပို့ရမည်-

(၁) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူ အဖြစ် ဆောင်ရွက်ခွင့်ရရှိရန် လျှောက်ထားရာတွင် မမှန်မကန် တင်ပြခဲ့ခြင်း၊

(၂) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆက်လက်လုပ်ကိုင်ရန် သင့်လျော်မှု မရှိတော့ခြင်း၊

(၃) ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအား အကြောင်းကြားစာ လက်ခံရရှိပြီး ခုနစ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဂ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူ၏ ပုဒ်မခွဲ (ခ)ပါ ဖြေရှင်းချက်အပေါ် ခိုင်လုံသော အကြောင်းပြချက် မရှိကြောင်း တွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော အသိအမှတ်ပြုလက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

**အခန်း(၁၃)**

**အယူခံခြင်း**

၄၆။ (က) စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိများက ပုဒ်မ ၂၀ အရ ထုတ်ဆင့်သည့် အမိန့်ကိုလည်းကောင်း၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ)အရ လုပ်ငန်း ဆက်လက်လုပ်ကိုင်ခြင်း မပြုရန် တားမြစ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် အဆိုပါ အမိန့်ချမှတ်သည့် သို့မဟုတ် တားမြစ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အမျိုးသားကောင်စီက ဖွဲ့စည်းပေးသည့် အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီ သည် ပုဒ်မခွဲ(က)အရ အယူခံမှုကိုစိစစ်ပြီး စစ်ဆေးရေး အရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ အမိန့် သို့မဟုတ် တားမြစ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၇။ (က) ပုဒ်မ ၄၄ အရ ဖြစ်စေ၊ ပုဒ်မ ၄၅ အရ ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း၃၀ အတွင်း အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ(က)အရ အယူခံမှုကို စိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၈။ အယူခံမှုများနှင့် စပ်လျဉ်း၍ အယူခံကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၄၉။ ညွှန်ကြားရေးမှူးချုပ်၏ ပုဒ်မ ၄၄ အရ ကြိုတင်ခွင့်ပြုချက် လက်မှတ်ကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်သည့် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ ပုဒ်မ ၄၅ အရ အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်သည့်ဆုံးဖြတ်ချက်ကိုဖြစ်စေ အယူမခံလျှင် ရက်ပေါင်း (၃၀) ပြည့်ပြီးနောက် ခုနစ်ရက်အတွင်း သို့မဟုတ် အယူခံသော်လည်း အယူခံကော်မတီက ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် ထုတ်ပေးထားသည့် ကြိုတင်ခွင့်ပြုချက်လက်မှတ်၊ လုပ်ငန်းလိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ကို ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း ဦးစီးဌာနသို့ ပြန်လည် အပ်နှံရမည်။

**အခန်း (၁၄)**

**တားမြစ်ချက်များ**

၅၀။ မည်သူမဆို-

(က) ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဤဥပဒေ၏ ရည်ရွယ်ချက် နှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုအတွက် အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း မပြုရ။

(ခ) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော လုပ်ငန်းလိုင်စင်မရှိဘဲ ဤဥပဒေနှင့် သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ။

(ဂ) ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ် မရှိဘဲ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၅၁။ မည်သည့် အလုပ်ရှင်မဆို-

(က) ပုဒ်မ ၂၀ အရ လုပ်ငန်းခွင် သို့မဟုတ် လုပ်ငန်းစဉ်အား ရပ်နားထားရန် ဖြစ်စေ၊ ပိတ်ရန်ဖြစ်စေ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေး အရာရှိများက ထုတ်ဆင့်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရ။

(ခ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ ) အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရ။

(ဂ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) အရ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေး အရာရှိက ထုတ်ပြန်သည့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရ။

(ဃ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)အရ သတ်မှတ်သည့်ကာလအတွင်း ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရန် ပျက်ကွက်ခြင်း မပြုရ။

(င) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (တ) အရ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အန္တရာယ်ရှိနိုင်သော လုပ်ငန်းများတွင် အလုပ်သမားများအား သတ်မှတ်ထားသည့် အလုပ်ချိန်ထက် ကျော်လွန်စေခိုင်းခြင်း မပြုရ။

(စ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ထ) အရ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကုန်ကျစရိတ်များကို တာဝန်ယူကျခံရန် ပျက်ကွက်ခြင်း မပြုရ။

၅၂။ မည်သူမဆိုပုဒ်မ ၃၇ ၊ ပုဒ်မခွဲ (ခ) အရ စစ်ဆေးရေး အရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ လုပ်ငန်းခွင်မတော်တဆထိခိုက်မှု၊ အန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ လုပ်ငန်းခွင် အဆိပ်သင့်မှုများနှင့် သက်ဆိုင်သည့် ပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ စက်ယန္တရားများ၊ နေရာအခင်းအကျင်းများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

၅၃။ ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်သည့် မည်သည့်ပုဂ္ဂိုလ်မျှ မိမိ၏ ရာထူးဆိုင်ရာ တာဝန်ဝတ္တရားများဆောင်ရွက်ရာ၌ သိရှိလာသည့် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက် တစ်ခုခုနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရာထူးတာဝန်ထမ်းဆောင်နေစဉ်တွင်သော်လည်းကောင်း၊ ရာထူးတာဝန်မှ အနားယူပြီးနောက်တွင်သော်လည်းကောင်း တရားရုံးတွင် သက်သေခံသည်မှအပ မည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်း မပြုရ။

**အခန်း(၁၅)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၅၄။ မည်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအရာရှိမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ၃ လ ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၁၀သိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၁၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) မှ (ဏ) အထိ ၊ ပုဒ်မ ၂၉နှင့် ပုဒ်မ ၃၁ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ၁၀ သိန်းမှ အများဆုံး သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။


၅၆။ မည်သည့် အလုပ်သမားမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (င) နှင့် (ဆ) မှအပ ကျန်ပုဒ်မခွဲများပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် ၃၀,၀၀၀ ထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၇။ မည်သည့် အလုပ်သမားမဆို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (င) နှင့် (ဆ) ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို တမင်ကြံရွယ် ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အများဆုံး ကျပ် ၁ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သည့် အလုပ်ရုံ၊ လုပ်ငန်းခွင်၊ စက်နှင့် စက်ပစ္စည်း ကိရိယာများ ဒီဇိုင်းပုံစံရေးဆွဲသူ၊ ထုတ်လုပ်သူ၊ တင်သွင်းသူ၊ တင်ပို့သူ၊ ရောင်းချသူ၊ တည်ဆောက်သူ၊ တပ်ဆင်သူနှင့် ဖြိုဖျက်သူမဆို ပုဒ်မ ၃၃ နှင့် ၃၄ တို့ပါ ပြဋ္ဌာန်းထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။


*ဆက်လက်ဖော်ပြပါမည်*
















# မြန်မာဝဏ္ဏဖွဲ့ပုံ (၂)

**မောင်ခင်မင်(ဓနုဖြူ)**

"ဝဏ္ဏဖွဲ့ပုံအကြောင်း ဆက်ပြောစရာရှိသေးတယ်။ ဝဏ္ဏတစ်ခုမှာ အစိတ်အပိုင်း သုံးပိုင်းရှိတယ်လို့ သတ်မှတ်နိုင်တယ်။ အစအစိတ်အပိုင်းရယ်၊ အလယ်အစိတ်အပိုင်းရယ်၊ အဆုံးအစိတ်အပိုင်းရယ်.."

"ဟုတ်ကဲ့ပါ"

"ဝဏ္ဏဖွဲ့ပုံအကြောင်းကို ပြောတဲ့အခါ အဲဒီအစိတ်အပိုင်းတွေကို ရည်ညွှန်းလေ့ရှိကြတယ်"

"ဘယ်လိုပါလဲဆရာ"

"ဝဏ္ဏရဲ့အစအစိတ်အပိုင်းက ဗျည်း၊ အလယ်အစိတ်အပိုင်းက သရ၊ အဆုံးအစိတ်အပိုင်းက ဗျည်းပေါ့။ ဒီတော့ ယေဘုယျအားဖြင့် ပြောရရင်ဝဏ္ဏတစ်ခုကို 'ဗျည်း+သရ+ဗျည်း' ဆိုတဲ့ ပုံစံနဲ့ဖွဲ့စည်းထားတယ်လို့ဆိုရမှာပေါ့"

"ဆရာ အရင်အပတ်ကပြောတဲ့ CVC ပုံစံပေါ့နော်"

"အေး... ဟုတ်တယ်။ ဒါပေမယ့် တချို့ဝဏ္ဏတွေမှာ အစအစိတ်အပိုင်းမရှိဘူး။ တချို့ကျတော့ အဆုံးအစိတ်အပိုင်း မရှိဘူး။ အဲ...အလယ်အစိတ်အပိုင်းကတော့ မရှိမဖြစ်ရှိရတဲ့ အစိတ်အပိုင်းပဲ"

"အဲဒီသဘောအရ အစအစိတ်အပိုင်းမရှိတဲ့ဝဏ္ဏကို OVC လို့ တချို့ပညာရှင်တွေက သင်္ကေတပြုတယ်။ O ဆိုတာ သုညပေါ့ကွယ်။ ဘာမှမရှိတဲ့သဘောပေါ့။ အင်္ဂလိပ်စကားသာဓကပြရင် at တို့၊ on တို့ပေါ့။ မြန်မာမှာအဆုံးဗျည်းသံရှိတယ်လို့ယူဆရင် 'အက်' 'အတ်' 'အွတ်' ဆိုတဲ့ဝဏ္ဏတွေပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ အဆုံးအစိတ်အပိုင်းမရှိတဲ့ဝဏ္ဏကို CVO လို့ သင်္ကေတပြုတယ်။ အင်္ဂလိပ်စကားမှာ go တို့၊ he တို့လို့ ဝဏ္ဏမျိုးတွေပေါ့။ မြန်မာစကားမှာ 'လူ'၊ 'နေ'၊ 'တော' ဆိုတဲ့ ဝဏ္ဏမျိုးတွေပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ...အစအစိတ်အပိုင်းရော၊ အဆုံးအစိတ်အပိုင်းရောမရှိရင်တော့ OVO လို့သင်္ကေတပြုတယ်။ 'အား၊ ဥ၊ အော်' ဆိုတဲ့ ဝဏ္ဏမျိုးတွေပေါ့"

"ဆရာ ဒီလိုဆိုရင် အရင်အပတ်က ဆရာပြောခဲ့တဲ့ မြန်မာဝဏ္ဏဖွဲ့ပုံတွေကို အဲဒီသင်္ကေတတွေနဲ့ ပြလို့ရတာပေါ့နော်"

"အေး...ရတာပေါ့။ မြန်မာစကားမှာ အဆုံးဗျည်းသံ မရှိဘူးဆိုတဲ့ အယူအဆအရဆိုရင် မြန်မာဝဏ္ဏက OVO နဲ့ CVO နှစ်မျိုးပဲရှိတာပေါ့။ အဆုံးဗျည်းသံရှိတယ်ဆိုတဲ့ အယူအဆအရဆိုရင်တော့ အဲဒီနှစ်မျိုးအပြင် OVC နဲ့ CVC လည်းရှိတယ်လို့ ယူဆရတာပေါ့။ အဲဒီလိုဆိုရင် ဝဏ္ဏဖွဲ့ပုံလေးမျိုးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ...လေ့ကျင့်ခန်းလုပ်ကြည့်ရအောင်၊ ဆရာပြောတဲ့ ဝဏ္ဏက ဘယ်လိုအမျိုးအစားလဲဆိုတာ သင်္ကေတနဲ့ပြောပြကြနော်"

"ဟုတ်ကဲ့ပါ"

"သြော်...ဝဏ္ဏလေးမျိုးလုံးပြလို့ရအောင် မြန်မာစကားမှာ အဆုံးဗျည်းရှိတယ်ဆိုတဲ့ အယူအဆအရပြောကြတာပေါ့"

"ဟုတ်ကဲ့ဆရာ"

" 'တောက်' က ဘယ်ဝဏ္ဏအမျိုးအစားလဲ"

"CVC ပါဆရာ"

"ဟုတ်ပြီ။ 'အေး' ကရော"

" OVO ပါဆရာ"

" 'အောက်' ကရောကွယ်"

"OVC ပါဆရာ"

" 'ပူ' ဆိုရင်ရော"

"CVO ပါဆရာ"

**ယေဘုယျအားဖြင့် ဝဏ္ဏတစ်ခုမှာ အစိတ်အပိုင်းသုံးပိုင်း ရှိတယ်လို့ပြောနိုင်ပေမယ့် အစအစိတ်အပိုင်းဖြစ်တဲ့ ဗျည်းကို ယနဲ့ဝတွဲနိုင်သေးတယ် မဟုတ်လား။ ဆရာပြောပြီးပြီလေ။ ရှေ့ကဗျည်းကို ယတွဲရင် 'မျ'တို့ 'ပျ'တို့ဖြစ်တယ်။ 'မြ၊ ပြ' လို့ရေးရင်လည်းရတယ်။ ယပင်းဖြစ်ဖြစ်၊ ရရစ်ဖြစ်ဖြစ် အသံက ယအသံပဲတွဲတာကိုး**

"ဟုတ်ပြီ... ဟုတ်ပြီ။ အခုပြောသလို ယေဘုယျအားဖြင့် ဝဏ္ဏတစ်ခုမှာ အစိတ်အပိုင်းသုံးပိုင်း ရှိတယ်လို့ပြောနိုင်ပေမယ့် အစအစိတ်အပိုင်းဖြစ်တဲ့ ဗျည်းကို ယနဲ့ဝတွဲနိုင်သေးတယ် မဟုတ်လား။ ဆရာပြောပြီးပြီလေ။ ရှေ့ကဗျည်းကို ယတွဲရင် 'မျ'တို့ 'ပျ'တို့ဖြစ်တယ်။ 'မြ၊ ပြ' လို့ရေးရင်လည်းရတယ်။ ယပင်းဖြစ်ဖြစ်၊ ရရစ်ဖြစ်ဖြစ် အသံက ယအသံပဲတွဲတာကိုး။ ဝတွဲရင်တော့ 'ကွ' တို့ 'ပွ' တို့ဖြစ်တာပေါ့။ အဲဒီလိုရှေ့ဗျည်းနောက်က လိုက်တွဲရတဲ့ဗျည်းကို 'အလယ်ဗျည်း' လို့လည်း ခေါ်ကြတယ်ကွဲ့။ 'မွ' ဆိုရင်တော့ 'ယ' ရော 'ဝ' ရောတွဲတာမို့ အလယ်ဗျည်းနှစ်ခုရှိမှာပေါ့။ ဒါပေမယ့် စာသုံးစကားမှာပဲ ရှိတာလေ။ အပြောစကားမှာတော့ ယဗျည်းနဲ့ ဝဗျည်းနှစ်မျိုး ပဲတွဲတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ဒီတော့ မြန်မာဝဏ္ဏဖွဲ့ပုံကို ပုံသေနည်းနဲ့ပြရင် ဒီလိုပြနိုင်တယ်"

"(အစဗျည်း(အလယ်ဗျည်း)) သရ+ တက်ကျသံ (ရပ်သံ/ နှာသံ) လို့ ပြနိုင်တာပေါ့"

"ကွင်းစကွင်းပိတ်တွေက ဘာအဓိပ္ပာယ်ပါလဲဆရာ"

"ဟုတ်တယ်။ အဲဒါအရေးကြီးတယ်။ ကွင်းစကွင်းပိတ်နဲ့ပြရင် 'မပါရင်လည်းဖြစ်တယ်'ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒီတော့ အစဗျည်းနောက်က အလယ်ဗျည်းပါရင်လည်းဖြစ်တယ်။ မပါရင်လည်းဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ (အလယ်ဗျည်း)လို့ ကွင်းခတ်ပြထားတာလေ။ တစ်ခါအစဗျည်းရော အလယ်ဗျည်းရောနှစ်ခုစလုံးမပါလည်းဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ (အစဗျည်း(အလယ်ဗျည်း)) ဆိုပြီး နှစ်ခုစလုံးကို ကွင်းခတ်ပြထားတာ"

"သရနဲ့တက်ကျသံကိုတော့ ကွင်းနဲ့မပြဘူးနော်ဆရာ"

"ဟုတ်တယ်နော်။ ဝဏ္ဏတစ်ခုမှာ သရနဲ့တက်ကျသံက မပါမဖြစ်ဘူး၊ ပါကိုပါရမယ်ဆိုတဲ့အဓိပ္ပာယ်ပေါ့"

"ဒါဆိုရင် ရပ်သံနဲ့နှာသံလည်းမပါရင်ဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့(ရပ်သံ/နှာသံ)လို့ ပြတာပေါ့နော်"

"ဟုတ်ပါတယ်။ ဝဏ္ဏဖွဲ့ပုံလေးမျိုးစလုံး ခြုံမိအောင်ပြထားတဲ့ပုံသေနည်းပါ။ ကွင်းခတ်တဲ့သဘောကို နားလည်ထားရင် ရှုပ်စရာမရှိပါဘူး။ ဒီပုံသေနည်းကိုကြည့်ရင် 'သရ+တက်ကျသံ' ပါတဲ့ ဝဏ္ဏဖွဲ့ပုံက ရှေ့ရောနောက်ရော ဗျည်းမပါဘဲ သရချည်းပါတာမို့ OVO ပုံစံပေါ့ကွယ်။ 'အာ၊ အူ၊ အေ' လို ဝဏ္ဏမျိုးပေါ့"

"ဟုတ်ကဲ့ပါ။ သရ + ရပ်သံပါတဲ့ ဝဏ္ဏပုံစံက OVC ပေါ့နော်ဆရာ။ 'အက်၊ အောက်၊အုတ်၊ အစ်' ဆိုတာမျိုးပေါ့"

"ဒီလိုဆိုရင် သမီးလည်း ပြောကြည့်မယ်။ သရ + နှာသံ ပါတဲ့ ပုံစံကလည်း OVC ပေါ့။ 'အိမ်၊ အောင်၊ အိုင်' ဆိုတဲ့ ပုံစံမျိုးပေါ့နော်။

"ဟုတ်ပါတယ် ဒီပုံသေနည်းအရ OVC လို့ပြောရမှာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါဆိုရင် ရှေ့မှာဗျည်းပါတဲ့ဝဏ္ဏပုံစံတွေလည်း နားလည်မှာပါ။ ရှေ့မှာ အစဗျည်းပဲပါရင် က၊ စ၊ ပ၊ န ဆိုတဲ့ဗျည်းမျိုးတွေနဲ့စမှာပေါ့။ အစဗျည်းရော၊ အလယ်ဗျည်းရောပါရင် ပျ၊ မြ၊ ကွ၊ လွ ဆိုတဲ့ ဗျည်းမျိုးတွေနဲ့ စမှာပေါ့။ နောက်က အစိတ်အပိုင်းတွေကတော့ အတူတူပဲပေါ့ကွယ်။ အဲဒီပုံသေနည်းကိုသာ မမေ့အောင် မှတ်ထားပေတော့"

"ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ် ဆရာ"

"ဆရာ တစ်ခုမေးပါရစေ"

"မေးလေ"

"ဆရာပြောတဲ့ ဗျည်းတွဲသာဓကတွေထဲမှာ 'မှ၊ နှ၊ ညှ၊ လှ တို့လို ဟ-ဗျည်းတွဲတဲ့ ဗျည်းတွဲတွေ တမင်ချန်ထားတာပါလားဆရာ"

"ဟေ...ဘယ်လိုလဲ မင်းမေ့သွားပြီထင်တယ်။ အရင်ဗျည်းတွဲတွေပြောတုန်းက 'မှ၊ နှ၊ ညှ၊ ငှ၊ လှ' ဆိုတာတွေက အရေးအနေနဲ့သာ ဟထိုးတွဲနေတာ၊ အသံအနေနဲ့ ဟသံနဲ့နောက်က အသံတွေတစ်သားတည်းပေါင်းသွားတာမို့ ဘာသာဗေဒ၊ သဒ္ဒဗေဒအမြင်အရ အဲဒီဗျည်းတွေဟာ ဗျည်းတွဲမဟုတ်ဘူး။ ရိုးရိုးဗျည်းတွေပဲဆိုတာ ပြောပြီးပြီလေ။ ပြန်စဉ်းစားပါဦး"

"ဟာ...ကန်တော့ဆရာ၊ ကျွန်တော်ရုတ်တရက်ရောသွားလို့ပါ"

"အခုလို မေးလိုက်တော့ ပိုရှင်းသွားတာပေါ့"

"ဒီလိုဆိုရင် 'ကျ၊ ချ၊ ဂျ' ဆိုတဲ့ဗျည်းတွေလည်း နောက်က ယဗျည်းတွဲတာမဟုတ်ဘဲ တစ်သားတည်းပေါင်းနေတဲ့ အသံတွေမို့ ဗျည်းတွဲထဲမထည့်တာပေါ့နော်။ ဆရာအရင်ပြောထားတာမှတ်မိပါတယ်"

"ဒီနေရာမှာတော့ သမီးကသာသွားပြီ။ အခုအလယ်ဗျည်းလို့ပြောတဲ့နောက်ကတွဲရတဲ့ ဗျည်းတွေထဲမှာ တစ်ချိန်တုန်းကတော့ လဗျည်းရယ်၊ လျှာလိပ်သံနဲ့ဆိုရတဲ့ ရဗျည်းရယ်ပါတာပေါ့။ ဒါပေမယ့် အဲဒီလဗျည်းတွဲတာက အခုထားဝယ်ဒေသိယစကားမှာပဲ ထင်ထင်ရှားရှားရှိတော့တယ်လေ။ ပြန်ကို 'ပ္လန်' ကျောင်းကို 'က္လောင်း' လို့ရေးတာမျိုးပေါ့။ ခုခေတ်ပြောစကားမှာတော့ မရှိတော့ပါဘူး။ ရဗျည်းကလည်း ရခိုင်ဒေသိယစကားတွေမှာရှိတယ်။ မြေကို /မရီ/လို့ဆိုတာမျိုးပေါ့။ အခုတို့ပြောနေတဲ့ စကားထဲမှာတော့ မရှိတော့ပါဘူး"

"ဟုတ်ကဲ့ပါ"

"မြန်မာစကားမှာ ထင်ရှားတဲ့ဝဏ္ဏသံတစ်ခုက အသံချို့ထားတဲ့ဝဏ္ဏပဲ။ 'ဆရာ' ဆိုရင် ရှေ့က 'ဆ'ကို 'မုန်းဆ'တို့၊ 'တွက်ဆ'တို့မှာလို အသံအပြည့်မဆိုဘဲ အသံတစ်ဝက်ပဲ ဆိုတယ်မဟုတ်လား။ အဲဒီလိုပဲ ဖလား/ဖလား/ ၊ စားပွဲ/ ဇဗွဲ/၊ သူခိုး/သခိုး/ ဆိုတဲ့စကားလုံးတွေမှာ ရှေ့အစိတ်အပိုင်းတွေက အသံချို့ထားတဲ့ဝဏ္ဏတွေပေါ့။ အဲဒီလိုပဲ၊ အားကစား/ အားဂဇား/၊ စားစရာ/စားဇယာ/၊ လမ်းမတော်/လန်းမဒေါ်/ဆိုတဲ့စကားလုံးတွေမှာ အလယ် အစိတ်အပိုင်းတွေက အသံချို့ထားတဲ့ ဝဏ္ဏတွေပေါ့။ အဲ...နောက်ဆုံးအစိတ်အပိုင်းကိုတော့ အသံချို့လေ့မရှိဘူးလေ။ စဉ်းစားကြည့်ပေါ့"

"ဟုတ်တယ်နော်ဆရာ"

"ကဲ...ဝဏ္ဏဖွဲ့ပုံအကြောင်း ဒီလောက်နဲ့ပဲတော်ကြစို့"

# ကိုယ်ဝန်ဆောင်ချိန် ကူးစက်ရောဂါပိုးဝင်ရောက်လျှင် မွေးဖွားသည့်ကလေး အော်တစ်ဇင်ဖြစ်ပွားနိုင်

**ကလျာမိုးမြင့်**

ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်းမှာ ကူးစက်ရောဂါတစ်မျိုးမျိုးဖြစ်ပွားရင် မွေးလာတဲ့ကလေးငယ်ဟာ အော်တစ်ဇင်ဖြစ်ပွားနိုင်ခြေရှိတယ်လို့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာ လေ့လာမှုတစ်ရပ်က ထုတ်ပြန်ခဲ့ပါတယ်။

ကိုယ်ဝန်ဆောင်ချိန်ရဲ့အစောပိုင်း ကာလတွေမှာမျိုးပွားအင်္ဂါနဲ့ သက်ဆိုင်တဲ့ ကူးစက်ရောဂါတစ်မျိုးမျိုးဖြစ်ပွားရင် အဲဒီမိခင်တွေကနေ မွေးဖွားလာတဲ့ ကလေးငယ်တွေဟာ ကူးစက်ရောဂါဖြစ်ပွားမှုမရှိတဲ့ မိခင်တွေကနေ မွေးဖွားတဲ့ကလေးငယ်တွေထက် အော်တစ်ဇင်ဖြစ်ပွားနိုင်ခြေ နှစ်ဆပိုတယ်ဆိုတာကိုသုတေသနပညာရှင်တစ်စုက လေ့လာတွေ့ရှိခဲ့ပါတယ်။

သုတေသနပြုတွေ့ရှိမှုရလဒ်တွေအရ ကိုယ်ဝန်ဆောင်ကာလအတွင်းမှာ နာကျင်ရောင်ရမ်းခြင်းကြောင့် မိခင်ရဲ့ဗိုက်အတွင်းမှာ ဖွံ့ဖြိုးဆဲဖြစ်တဲ့သန္ဓေသားရဲ့ဦးနှောက်ကိုသက်ရောက်ပါတယ်။

HSV-2 လို့ခေါ်တဲ့ နံပါတ်နှစ်အမျိုးအစား ရေယုန်ဗိုင်းရပ်ကိုမိခင်ရဲ့ ခုခံအားစနစ်ကတုံ့ပြန်တဲ့အခါ သန္ဓေသားရဲ့ဗဟိုအာရုံကြောစနစ်ဖွံ့ဖြိုးမှုကို ဖရိုဖရဲဖြစ်စေပြီး အော်တစ်ဇင်ဖြစ်ပွားနိုင်မှုကို မြင့်တက်စေတယ်လို့ ယူဆကြောင်း သုတေသနဆောင်ရွက်မှုကို ဦးဆောင်နေတဲ့ ကိုလံဘီယာ တက္ကသိုလ်က သုတေသနပညာရှင် မီလာဒါမာဟစ်က ပြောကြားခဲ့ပါတယ်။

ဗိုင်းရပ်တွေဟာ သန္ဓေသားရဲ့ဖွံ့ဖြိုးဆဲဦးနှောက်သို့ ကူးစက်ဝင်ရောက်ပြီး ဒုက္ခပေးနိုင်တယ်ဆိုတာကို လတ်တလောမှာနာမည်ဆိုးနဲ့ကျော်ကြားနေတဲ့ ဇီကာဗိုင်းရပ်က အထင်အရှားပြသနေပါတယ်။ ဆိုက်တိုမီဂလိုဗိုင်းရပ် (cytomegalovirus) နဲ့ဂျိုက်သိုးရောဂါပိုးတွေဟာလည်း ဦးနှောက်ထိခိုက်စေမှုအပါအဝင်ပြင်းထန်တဲ့ သန္ဓေသားမွေးဖွားမှုဆိုင်ရာ ချို့ယွင်းချက်တွေကိုဖြစ်ပွားစေပါတယ်။

လူအများစုဟာဗိုင်းရပ်ကြောင့် ဖြစ်ပွားရတဲ့ ကူးစက်ရောဂါပိုးတွေအကြောင်းကို စဉ်းစားတဲ့အခါ ဗိုင်းရပ်တွေတစ်သျှူးထဲဝင်ရောက်တာ၊ ဆဲလ်တွေကိုသတ်တာနဲ့ ဆဲလ်တွေကို ထိခိုက် စေတာကိုပါထည့်သွင်းစဉ်းစားရမှာဖြစ် တယ်လို့ ကိုလံဘီယာက ကူးစက်ရောဂါ ဖြစ်ပွားမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဒေါက်တာလစ်ပကင်ကပြောကြားခဲ့ပါ တယ်။ ရောဂါပိုးကူးစက်ခံရမှုအပေါ်ကိုယ်ဝန်ဆောင်မိခင်ရဲ့ ခုခံအားစနစ်တုံ့ပြန်မှုက ကလေးငယ်ရဲ့ ဦးနှောက်ကို ထိခိုက် စေတာဖြစ်တယ်လို့ ဒေါက်တာလစ်ပကင်က တစ်ထစ်ချယုံကြည်နေပါတယ်။ နာကျင်ရောင်ရမ်းမှုကိုဖြစ်စေနိုင်တဲ့ ဆိုက်တိုကင်းကဲ့သို့သော ဓာတုပစ္စည်းတွေဟာ အချင်းကနေတစ်ဆင့် ဖြတ်သန်းပြီး သန္ဓေသားရဲ့ ဖွံ့ဖြိုးနေဆဲဖြစ်တဲ့ ဦးနှောက်ကိုထိခိုက်အောင်လုပ်ဆောင်တယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

ဒီလိုနည်းအားဖြင့် ကလေးငယ်ရဲ့ ဦးနှောက်ကို ထိခိုက်စေနိုင်တဲ့ ကူးစက် ရောဂါအမျိုးအစားပေါင်းများစွာရှိနိုင်တယ်လို့ သုတေသနပညာရှင်တွေက ကောက်ချက်ချခဲ့ပါတယ်။

ဒီလေ့လာမှု အတွက်သုတေသန ပညာရှင်တွေကို ၁၉၉၀ ပြည့်နှစ်တွေကတည်းက နော်ဝေနိုင်ငံမှာရှိတဲ့ ကိုယ် ဝန်ဆောင်အမျိုးသမီးတွေကို



စောင့်ကြည့်လာတာ ဖြစ်ပါတယ်။ လေ့လာခဲ့တဲ့အချိန်မှာ တူညီတဲ့ကာလ အတွင်းမှာပဲ အော်တစ်ဇင်ဖြစ်ပွားတဲ့ ကလေးမွေးဖွားသူမိခင်ပေါင်း ၄၄၂ ဦး ရှိပြီး အော်တစ်ဇင်မရှိတဲ့ ကလေးမွေးဖွားသူ မိခင် ၄၆၄ ဦး ရှိတာကို တွေ့ရှိခဲ့ပါတယ်။

ရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေး ဗဟိုဌာန (CDC) က ဖော်ပြတဲ့ စစ်တမ်းကောက်ယူမှုအရ အမေရိကန် ပြည်ထောင်စုမှာရှိတဲ့ ကလေးငယ် ၂ ရာခိုင်နှုန်းခန့်ဟာ အော်တစ်ဇင်ဖြစ်ပွားမှုရှိနေပြီး နေရာအနှံ့က ကလေးငယ် ၆၆ ဦးလောက်မှာ တစ်ဦးလောက်က အော်တစ်ဇင်ဖြစ်ပွားမှုရှိနေတယ်လို့ သိရပါတယ်။

**(Health news)**

အ လု ပ် သ မား ရေး ရာ ဆောင်း ပါး

# သြဇာပါဝါရှိသော လူမှုရေးအသင်းအဖွဲ့ဥက္ကဋ္ဌများ ဦးဆောင်ဖြေရှင်းမည့် အလုပ်သမားရေးရာပြဿနာ ဘယ်လောက်အထိ အကျိုးသက်ရောက်စေမလဲ

**သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**



နိုင်ငံတစ်ဝန်း ဖျန်ဖြေညှိနှိုင်း ဖြေရှင်းပေးနေရသော အလုပ်သမားရေးရာပြဿနာအများစုမှာ စီးပွားရေးအချက်အချာကျပြီး လူဦးရေထူထပ်များပြားရာ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီးသည် စက်ရုံအလုပ်ရုံများနှင့်အတူ စက်မှုဇုန်များ တည်ရှိရာဖြစ်၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု များသလို အလုပ်ရှင်နှင့် အလုပ်သမားများ အငြင်းပွားမှုပြဿနာကိုလည်း ဖြေရှင်းပေးရမှုအများဆုံး တိုင်းဒေသကြီးဖြစ်သည်။ ပြီးခဲ့သော ၂၀၁၆ ခုနှစ်အတွင်းတွင် အလုပ်သမားရေးရာ အငြင်းပွားမှုပြဿနာ ၉၀၀ ကျော် ၁၀၀၀ နီးပါးအထိ ရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းဖြစ်ပွားမှုကို တိုင်းတာကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီးသည် အများဆုံးဖြစ်ခဲ့သည်။

သို့သော် အောက်ခြေအဆင့် ဖြေရှင်းပေးနိုင်မှုစွမ်းအားမှာ ထိရောက်မှု အားနည်းခဲ့သည်။ ထို့ကြောင့် ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ယခင်ဖွဲ့စည်းခဲ့သော မြို့နယ် အလုပ်သမားရေးရာ ဖျန်ဖြေညှိနှိုင်းရေးအဖွဲ့များကို ပြောင်းလဲမှုအသွင်သစ်အဖြစ် ယခင် ဥက္ကဋ္ဌနေရာများတွင် သြဇာပါဝါရှိသော လူမှုရေးအသင်းအဖွဲ့ ဥက္ကဋ္ဌများအား အစားထိုးပြောင်းလဲခန့်အပ်ကာ အလုပ်သမားရေးရာ ပြဿနာများကို ဖြေရှင်းနိုင်ရန် အကောင်အထည်ဖော်နေပြီဖြစ်သည်။ ဥပဒေနှင့်အညီ ဆုံးဖြတ်လုပ်ကိုင်ခွင့် ပေးထားမည်ဖြစ်ပြီး အောက်ခြေတွင် ပြီးပြတ်စေရန် ရည်ရွယ်ခြင်းပင်ဖြစ်သည်။

“ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ မြို့နယ် အလုပ်သမားရေးရာပြဿနာ ဖျန်ဖြေရေးအဖွဲ့တွေကို ငွေကြေးအရ ကူညီထောက်ပံ့ရတာတွေ ရှိတယ်။ အဲဒီလို အကုန်အကျခံ ကူညီပေးတာရှိပေမယ့် အောက်ခြေမှာ မပြတ်ဘူး။ ခုံသမာဓိကို တက်လာတယ်။ ဒီလောက် အကုန်အကျခံပြီး သုံးထားတာ အောက်ခြေမှာပြတ်ရင် ခုံသမာဓိအထိ တက်စရာမလိုဘူး။ အရင်က မြို့နယ်တိုင်းမှာ မြို့နယ်အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌတာဝန် ပေးထားတယ်။ သူတို့က တရားစီရင်ရေး အာဏာ သုံးပေမယ့် အဖြေမှန်မထွက်ဘူး။ ခုံသမာဓိအထိတက်တဲ့ အမှုတွေက များတယ်။ ပြောရရင် အားထည့်ပြီး မလုပ်ရဲဘူး။ အစိုးရဝန်ထမ်းတွေဖြစ်တာကြောင့် တချို့က သမ္မတရုံးအထိ တိုင်တာတွေရှိတော့ ရာထူးထိခိုက်မှာ စိုးကြတယ်။ ဒါပေမယ့် အဲဒီအဖွဲ့မှာပါတဲ့ အပြင်လူတွေ၊ ပညာရှင်တွေကို အလုပ်သမားရေးရာပြဿနာ ဖြေရှင်းတိုင်း တစ်မှုကို ငွေကျပ် ၄၀၀၀၀ စီ ပေးရတယ်။ ဒါကြောင့် တိုင်းဒေသကြီး အစိုးရအနေနဲ့ ၂၀၁၅ ခုနှစ်မှာ ငွေကျပ် ၈၀၅ သိန်း သုံးစွဲခဲ့ရတယ်။ ပေးလိုက်ရတာများပြီးတော့ အောက်ခြေမှာ ပြေလည်တာမရှိဘူး။ ခုံသမာဓိအထိ တက်တယ်။ ခုံသမာဓိကလည်း တစ်ခါတစ်ရံမှာ မူလအမှုကို ပြန်စစ်ရတယ်။ နှစ်ဖက် မကျေနပ်တော့ ခုံသမာဓိကောင်စီကို တက်တယ်။ အဲဒီတော့ အောက်ခြေမှာမပြတ်ဘဲ ဒီအမှုက ကြာနေတာပေါ့။ ဒါကြောင့် ဒီနှစ်မှာ သြဇာအာဏာရှိတဲ့ ပြင်ပ လူမှုရေးအဖွဲ့ ဥက္ကဋ္ဌတွေကိုရွေးပြီး ဖျန်ဖြေညှိနှိုင်းရေးအဖွဲ့တွေမှာ ဥက္ကဋ္ဌပေးမယ်။ ခုဆို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အဖြစ်အများဆုံး မြို့နယ်တွေအတွက် မြို့နယ် ဖျန်ဖြေညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ၁၃ ဦးကို ဝန်ကြီးချုပ်က ရွေးနေတယ်။ ဥက္ကဋ္ဌတွေကို မြို့နယ်အဆင့်မှာ ပြတ်အောင်ဖြတ်ခိုင်းမယ်။ ဒါမှ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကုန်ရကျိုးနပ်မှာ။ အဲဒါကို ပြောင်းလဲမှုတစ်ခုအနေနဲ့ လုပ်နေတယ်။ အစိုးရသစ်လက်ထက်မှာ ပြောင်းလဲမှုတစ်ရပ်အနေနဲ့ စတင်လုပ်ဆောင်မှာဖြစ်တယ်”ဟု ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်တွင် အလုပ်သမားရေးရာပြဿနာကို အများဆုံး ဖြေရှင်းပေးရသော မြို့နယ် ၁၀ မြို့နယ်မှာ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ မှော်ဘီမြို့နယ်နှင့် ဗဟန်းမြို့နယ်တို့တွင် အဖြစ်အများဆုံးဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအနေဖြင့် ထပ်တိုးသုံးမြို့နယ်အဖြစ် ကမာရွတ်၊ လှည်းကူးနှင့် သန်လျင်မြို့နယ်များကိုပါ ထပ်မံထည့်သွင်းထားကာ အဆိုပါမြို့နယ်များမှ အလုပ်သမားရေးရာ ဖျန်ဖြေရေးအဖွဲ့ ဥက္ကဋ္ဌနေရာများကို သြဇာပါဝါရှိသော လူမှုရေးအသင်းအဖွဲ့ ဥက္ကဋ္ဌများအား အစားထိုးခန့်အပ်သွားရန် ပြင်ဆင်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် တိုင်းဒေသကြီးရုံးအဖွဲ့ကို ၂၀၁၂ ခုနှစ် မတ်လတွင်လည်းကောင်း၊ မြို့နယ်ရုံးငါးရုံးကို ၂၀၁၅ ခုနှစ် မေလတွင်လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၌ ၂၀၁၅ ခုနှစ် သြဂုတ်လတွင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု ၉၄၆ မှုတွင် မြို့နယ်ဖျန်ဖြေညှိနှိုင်းရေး အဖွဲ့များက ၇၈၉ မှုကို ဖြေရှင်းပေးနိုင်ခဲ့ပြီး ခုံသမာဓိအဖွဲ့သို့ တက်ရောက်လာသော အမှုပေါင်း ၁၅၇ မှုတွင် ဆုံးဖြတ်ချက်ချ ဖြေရှင်းနိုင်ခဲ့သော အမှုမှာ ၁၂၁ မှုရှိခဲ့ကာ ခုံသမာဓိကောင်စီသို့ တက်ခဲ့သောအမှုမှာ ၈၁ မှုရှိခဲ့သည်။

အဆိုပါ တိုင်းဒေသကြီးအတွင်း အလုပ်သမား၊ အလုပ်ရှင်ပြဿနာ ဖြေရှင်းမှုအတွက် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ဝင်များ(အစိုးရဝန်ထမ်းမပါ)အား စရိတ်ချီးမြှင့်ငွေ ၁၉ ဒသမ ၇ သန်းကို ပြည်ထောင်စုဘတ်ဂျက်မှ ကုန်ကျခဲ့ပြီး မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ(အစိုးရဝန်ထမ်းမပါ)အား စရိတ်ချီးမြှင့်ငွေအဖြစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ၈၅ ဒသမ ၈ သန်းကို ထောက်ပံ့ပေးခဲ့သည်။

“ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အလုပ်ရှင်၊ အလုပ်သမားပြဿနာ အဖြစ်အများဆုံးကတော့ လုပ်ခလစာနည်းတယ်၊ အချိန်ပိုကြေးပေးတာ နည်းတယ်၊ ခွင့်မဲ့ပျက်ကွက်လို့ အလုပ်ထုတ်တယ်၊ အနိမ့်ဆုံး လုပ်ခကြေးငွေ ၃၆၀၀ သတ်မှတ်ထားတယ်ပြောတယ်၊ ဒါပေမယ့် မပေးတဲ့ကိစ္စတွေ၊ လျှော့ပေးတာတွေ၊ အလုပ်သမားလုပ်ကိုင်ခွင့်မပေးတာ၊ အချိန်ပိုခိုင်းပြီး လုံလောက်အောင်မပေးတာ၊ အလုပ်သမားက ခွင့်တိုင်တယ်ပြောတယ်၊ အလုပ်ရှင်က တရားမဝင်ဘူး၊ ဒါတွေ အငြင်းပွားမှုဖြစ်တာများတယ်။ အထူးသဖြင့်တော့ နိုင်ငံခြားသားကုမ္ပဏီတွေ ဖြစ်တာများတယ်။ အဲဒီကုမ္ပဏီတွေမှာ ပြည်တွင်းမန်နေဂျာတွေခန့်တယ်။ ပြည်တွင်းမန်နေဂျာတွေနဲ့ ပြည်တွင်းအလုပ်သမားတွေ ပြဿနာတက်ကြတာ အဖြစ်များတယ်”ဟု မြို့နယ် အလုပ်သမားပြဿနာ ဖျန်ဖြေရေးအဖွဲ့ဝင်တစ်ဦးက အလုပ်ရှင်၊ အလုပ်သမားကြား ဖြေရှင်းခဲ့ရသည့် အမှုများနှင့်ပတ်သက်၍ အတွေ့အကြုံကို ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိပြီး ကိုကိုးကျွန်းမြို့နယ်မှအပ ကျန် ၄၄ မြို့နယ်တွင် မြို့နယ် အလုပ်သမားပြဿနာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်၍ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ၁၃ မြို့နယ်တွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဖွင့်လှစ်နိုင်ခြင်းမရှိသော မြို့နယ် ၃၁ မြို့နယ်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အတွင်းရေးမှူးများက ဆောင်ရွက်လျက်ရှိသည်။ အလုပ်သမား၊ အလုပ်ရှင်ပြဿနာ အများဆုံး ဖြေရှင်းပေးရသောမြို့နယ်သည် လှိုင်သာယာမြို့နယ်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တရားစွဲဆိုမှု ခုနစ်မှုတွင် ငွေဒဏ် ၈ ဒသမ ၀၈၁ သန်း ချမှတ်ခဲ့ပြီး အလုပ်သမားခြောက်ဦးအတွက် အကျိုးခံစားခွင့် ၄ ဒသမ ၀၈၁ သန်း ရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

ယခုအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြို့နယ် ဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့၊ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့နှင့် ခုံသမာဓိကောင်စီတစ်ရပ်တို့ဖြင့် အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများအား တရားမျှတမှန်ကန်စွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာ ရရှိခံစားနိုင်စေရေးစသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ယခု အစိုးရသစ်လက်ထက်တွင် စတင်ပြောင်းလဲဖွဲ့စည်းမည့် သြဇာပါဝါရှိသော လူမှုရေးအသင်းအဖွဲ့ဥက္ကဋ္ဌများက ဦးဆောင်ဖြေရှင်းမည့် မြို့နယ် အလုပ်သမားပြဿနာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့အနေဖြင့်လည်း အလုပ်သမားရေးရာ ပြဿနာများအပေါ် ဘယ်လောက်အထိ အကျိုးသက်ရောက်စေမလဲ၊ ဘယ်လောက်အထိ တိုးတက်ပြောင်းလဲလာမလဲဆိုတာ စောင့်ကြည့်အဖြေရှာရတော့မည် ဖြစ်ပါကြောင်း။ ။



**“ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အလုပ်ရှင်၊ အလုပ်သမားပြဿနာ အဖြစ်အများဆုံးကတော့ လုပ်ခလစာ နည်းတယ်၊ အချိန်ပိုကြေးပေးတာ နည်းတယ်၊ ခွင့်မဲ့ပျက်ကွက်လို့ အလုပ်ထုတ်တယ်၊ အနိမ့်ဆုံးလုပ်ခကြေးငွေ ၃၆၀၀ သတ်မှတ်ထားတယ် ပြောတယ်၊ ဒါပေမယ့် မပေးတဲ့ကိစ္စတွေ၊ လျှော့ပေးတာတွေ၊ အချိန်ပိုခိုင်းပြီး လုံလောက်အောင်မပေးတာ၊ ဒါတွေ အငြင်းပွားမှုဖြစ်တာ များတယ်”**

ခ ရီး သွား ဆောင်း ပါး

# ရှမ်းတောင်တန်းပေါ်မှာ သာတဲ့လ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

မိုးနဲမြို့မှ ထွက်လိုက်သည်နှင့် ကားလမ်းက ကျဉ်းသွားသည်။ တောင်များက အဆင့်ဆင့် မြင့်တက်လိုက်၊ နိမ့်ဆင်းသွားလိုက်နှင့်သည်းထိတ်ရင်ဖိုစရာ။ ကားတစ်စီး မောင်းနိုင်ရုံသာရှိသည့်လမ်းကြောင့် ကားကို ဖြည်းဖြည်းမောင်းရသည်။ မျက်နှာချင်းဆိုင်မှ ကားလာလျှင် ခက်ခက်ခဲခဲ ရှောင်ရသည်က မလွယ်။ တောင်ကြောကို ကွေ့ပတ်ဖောက်လုပ်ထားသောလမ်းကြောင့် တစ်ဖက်ကကားကိုလည်း မမြင်ရ။ ဟွန်းသံပေးရင်း သတိထားမောင်းရသလို အန္တရာယ်လည်း များလေသည်။ တောင်နှစ်လုံးကို ကျော်ဖြတ်ပြီး တောင်ဆင်းလမ်းအတိုင်း မောင်းနှင်လာခဲ့သော ကျွန်တော်တို့ကားက မကြာခင်မှာ လင်းခေးမြို့သို့ ရောက်ရှိလာခဲ့သည်။

"လှိုက်လှဲစွာကြိုဆိုပါ၏ လင်းခေးမြို့" ဟူသော မြို့အဝင် ကြိုဆိုရေးဆိုင်းဘုတ်က ခံ့ခံ့ထည်ထည် ရှိနေသည်။ ရှမ်းပြည်နယ်တောင်ပိုင်း တောင်တန်းများပတ်လည်တွင် ရှိသော လင်းခေးမြို့က ပင်လယ်ရေမျက်နှာပြင်အထက် ၉၉၆ ပေ၌ရှိပြီး သီသီသာသာ ပူအိုက်နေသည်။ ကျွန်တော်တို့ လင်းခေးမြို့တွင်း ဝင်ရောက်လာရာ သပ်ရပ်သန့်ရှင်းသော လမ်းများ၊ အိမ်များကို သတိပြုမိသည်။ လမ်းဘေးတစ်ဖက်တစ်ချက်နှင့် မြို့တွင်း နေရာအနှံ့အပြားတွင် သက်တမ်းရင့်သစ်ပင်ကြီးများကို တွေ့ရသည်။

ကျွန်တော်တို့ မြို့ထဲသို့ ကားမောင်းဝင်လာခဲ့ရာ အေးချမ်းတိတ်ဆိတ်သော မြို့တစ်မြို့အဖြစ် မြင်တွေ့ခံစားရသည်။ တကယ်တော့ ကျွန်တော်က တောင်ကြီးသို့ တာဝန်ဖြင့်ရောက်ရှိခိုက် အလုပ်တာဝန်များပြီးပါက လင်းခေးမြို့သို့ အလည်ဆက်ဆက်လာရန် ကျွန်တော့်မိတ်ဆွေ စိုင်းစံထွန်းက အတန်တန်ဖိတ်ခေါ်သဖြင့် ရောက်လာခဲ့ခြင်းဖြစ်သည်။ ကျွန်တော်နှင့် စိုင်းစံထွန်းက လွန်ခဲ့သော ၁၀ နှစ်ကပင် ရင်းနှီးခဲ့ကြသူများဖြစ်ပြီး ရိုးသားပွင့်လင်းသောသူ့ကို ကျွန်တော် ခင်မင်မိသည်။ ယခုလည်း ကားလမ်းကပ်လျက်တည်ဆောက်ထားသော သူ့အိမ်ရှေ့၌ ကျွန်တော်တို့ကို အပြုံးဖြင့် ဝမ်းပန်းတသာ ကြိုဆိုလေသည်။

သူ့အိမ်တွင် ခဏနားပြီး ကျွန်တော်တို့ လင်းခေးမြို့တွင်းနှင့် အနီးဝန်းကျင်ကို လိုက်လံလေ့လာရန် ထွက်ခဲ့သည်။ အိမ်ကမထွက်ခင် သူ့အိမ်သူကိုယ်တိုင် ပြုလုပ်ထားသော ရှမ်းခေါက်ဆွဲပူပူနွေးနွေးကို အရသာရှိစွာ စားသုံးခဲ့ရသည်။ တို့ဟူးကြော်ပူပူ၊ ရှမ်းချဉ် လတ်လတ်ဆတ်ဆတ်နှင့် ရှမ်းခေါက်ဆွဲကို စားရသည်မှာ အရသာထူးခြားလှသည်။ ရှမ်းပြည်ထွက် လက်ဖက်ခြောက်ကောင်းကောင်းကို ခတ်ထားသည်ဖြစ်ရာ လက်ဖက်ခြောက်ရနံ့သင်းသင်းဖြင့် ရေနွေးကြမ်း သောက်ကောင်းလေသည်။

စားသောက်ပြီးနောက် ကျွန်တော်တို့ လင်းခေးမြို့တွင်း ထွက်လာခဲ့ကြသည်။ လင်းခေးမြို့တွင်း ကားလမ်းဘေး တစ်ဖက်တစ်ချက်တွင် အိုးအိမ်ကောင်းအချို့တွေ့ရပြီး ဆိုင်ကယ်စီးနင်းသွားလာမှု များသည်။ သစ်ပင် အုပ်ဆိုင်းဆိုင်းရှိသော်လည်း ရာသီဥတု ပူလေသည်။ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း ဒေသများသို့ ကျွန်တော် ရောက်ခဲ့ဖူးသည်။ အေးမြသောရာသီဥတုကို မြို့တိုင်းနီးပါး ခံစားရသော်လည်း အခု ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့က တစ်မူထူးခြားသည်။ ရှမ်းတောင်တန်းများနှင့် ပန်းရနေသော်လည်း ပူအိုက်အိုက်ဖြစ်နေသည်။

လင်းခေးမြို့ အရှေ့ဘက်တွင် မိုင်းပန်တောင်တန်း၊ အနောက်ဘက်တွင် မောက်မယ်မြို့၊ တောင်ဘက်တွင် ဟိုမိန်းမြို့နှင့် မြောက်ဘက်တွင် မိုးနဲမြို့ ရှိနေသလို တောင်ဘက်၌ ကယားပြည်နယ်၊ အရှေ့ဘက်တွင် မိုင်းဆတ်ခရိုင်၊ အနောက်ဘက်တွင် တောင်ကြီးခရိုင်တို့ ရှိနေသည်။ "လင်းခေးမြို့က တောင်တန်းတွေ ဝိုင်းရံထားပေမယ့် ပင်လယ်ရေမျက်နှာပြင်အောက် နိမ့်ကျတဲ့နေရာ အများအပြားပါလို့ အခုလို အပူဒဏ်ခံစားနေရတာပေါ့" ဟု အတူလိုက်ပါလာသည့် စိုင်းစံထွန်းက ပြောပြသည်။

ကျွန်တော်တို့ လင်းခေးမြို့ဈေးဘက်သို့ ထွက်လာခဲ့ကြသည်။ လင်းခေးမြို့က ဈေးရောင်းသူဝယ်သူများဖြင့် စည်ကားသည်။ ဈေးအတွင်း ဝင်ရောက်လေ့လာခဲ့ရာ ကွမ်းသီး၊ ရှားဆေး၊ နှမ်း၊ ပြောင်းဖူးများကို ရောင်းချနေသဖြင့် အံ့သြရသည်။ ရှမ်းပြည်နယ်တွင် အညာထွက်ကုန်များ ထွက်ရှိနေသည့် တစ်ခုတည်းသောမြို့ဖြစ်မည်ဟု တွေးမိသည်။ ရာသီဥတုပူသဖြင့် ထန်းလျက်၊ ပဲစင်းငုံ၊ ကြံသကာ၊ ကွမ်းသီးတို့ ထွက်ရှိခြင်းဖြစ်သည်။

လင်းခေးမြို့သည် စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်သည့်အပြင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသဖြင့် ဆီစက်များကိုလည်း တည်ထောင်ကာ ဆီကြိတ်လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကြောင်း သိရသည်။ "ထွက်ရှိတဲ့ဆီတွေကို ၁၀ ပိဿာဝင်၊ ငါးပိဿာဝင် ပလတ်စတစ်ပုံးတွေအပြင် ဆီတိုင်ကီတွေနဲ့ထည့်ပြီး တောင်ကြီး၊ ကျိုင်းတုံမြို့တွေ အပါအဝင် နေရာအနှံ့ ကားတွေနဲ့တင်ပို့ကြတယ်" ဟု စိုင်းစံထွန်းက ရှင်းပြသည်။ ပဲဆီ၊ နှမ်းဆီ စစ်စစ်ရပြီး ၁၀ ပိဿာဝင် ဆီတစ်ပုံးကို ငွေကျပ် ၅၀၀၀၀ ခန့်ရှိကြောင်း ဆီရောင်းသည့်ဆိုင်မှ ဆိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျွန်တော်တို့ လင်းခေးဈေးအတွင်း လိုက်လံလေ့လာခဲ့ပြီးနောက် ပြန်ထွက်လာခဲ့ကြသည်။ လင်းခေးဈေးတွင် ရှမ်းတိုင်းရင်းသားရိုးရာ အဝတ်အထည်များ ရောင်းချနေသည်ကိုလည်း တွေ့ရပြီး ရှမ်းတိုင်းရင်းသား ရိုးရာအဝတ်အစားများဖြင့် ဈေးရောင်းဝယ်နေကြသည့် မြင်ကွင်းကလည်း တစ်မျိုးတစ်ဘာသာအဖြစ် မြင်တွေ့ခဲ့ရသည်။ အထူးသဖြင့် ဒေသထွက်ကုန် ဟင်းသီးဟင်းရွက်များကို တစ်ပုံတစ်ပင် ချရောင်းလျက်ရှိရာ ဈေးသက်သာပြီး လတ်လတ်ဆတ်ဆတ်များဖြစ်သည်။

သည်။ လင်းခေးမြို့အရှေ့ဘက် ထွက်လိုက်သည်နှင့် ရှမ်းတောင်တန်းများနှင့် ဆက်နေသည့် စလေတောင်ကို လှမ်းမြင်ရသည်။ အမြင့်ပေ ၅၀၀၀ ခန့်ရှိသော စလေတောင်က စိမ်းညို့နေပြီး တောင်ခိုးတွေ ဝေနေသည်။ စလေတောင်ကို ကျော်လိုက်လျှင် မိုင်းပန်မြို့ကိုရောက်သည်ဟု စိုင်းစံထွန်းက ပြောပြသည်။ ရှမ်းတောင်တန်းများက ဘယ်အချိန်ကြည့်ကြည့် သဘာဝအတိုင်း အလှတစ်မျိုးစီ၊ မြင်ကွင်းတစ်မျိုးစီ မြင်တွေ့ခံစားရသည်ဟု တွေးမိသည်။

တကယ်တော့ လင်းခေးမြို့က ရှမ်းပြည်နယ်တောင်ပိုင်းတွင် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များရှိနေဆဲဖြစ်သည်ကို တွေ့ရသည်။ ကြိုးစားရပေဦးမည်။ လင်းခေးမြို့မှာ ယခင်က ရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ လင်းခေးသည် ရှမ်းဘာသာ လန်းခေးမှ ဆင်းသက်လာခြင်းဖြစ်ပြီး နွယ်ကြိုးဖြင့်ပြုလုပ်ထားသော လင့်စင်ဟု အဓိပ္ပာယ်ရလေသည်။ ရှေးအခါက ဤနေရာတွင် ကျားဆိုးသောင်းကျန်းခဲ့ရာ ကျား၏ ရန်ကိုကာကွယ်ရန် သစ်ပင်ထက်၌ လင့်စင်ကို နွယ်ကြိုးဖြင့် ချည်နှောင်ဆောက်လုပ် နေထိုင်ခဲ့ကြကြောင်း၊ ကျားဆိုးတွေကြောင့် လင့်စင်များထိုးပြီး နေထိုင်ခဲ့ရာ လင့်စင်တွေ များလွန်းသည့်အတွက် လင့်စင်ဆက်တဲ့မြို့မှ နောင်အခါ ကာလရွေ့လျောပြီးနောက် လင်းခေးမြို့ဟု အမည်တွင်လာခဲ့ခြင်းဖြစ်ကြောင်း၊ လင်းခေးသည် ရှေးခေတ်က စော်ဘွားလက်အောက်ခံ



ကျွန်တော်တို့ လင်းခေးမြို့၏ အဓိက သဘာဝလက်ဆောင်ဖြစ်သည့် တိန်းချောင်းကို သွားရောက်ကြည့်ရှုခဲ့သည်။ တိန်းချောင်း သည် လင်းခေးမြို့ကို ဖြတ်သန်းစီးဆင်းနေသည်။ မိုင်းကိုင်မြို့အနီးမှ စတင်မြစ်ဖျားခံ စီးဆင်းလာသည့် တိန်းချောင်းသည် လဲချား၊ နမ့်စန်၊ ကျိုင်းတောင်း၊ လင်းခေးစသည့် မြို့များကို ဖြတ်သန်းစီးဆင်းနေခြင်းဖြစ်သည်။ တိန်းချောင်းက စီးဆင်းနေသည့် ရေကို လင်းခေးမြို့က စိုက်ပျိုးရေးအတွက် အဓိက မှီခိုအသုံးပြုနေရခြင်းဖြစ်သလို အချို့က သောက်သုံးရေအတွက်လည်း အားထားကြကြောင်း သိရသည်။

"တိန်းချောင်းရေကို အမှီပြုနေရတဲ့ ဒေသခံတွေအတွက်ကတော့ တဖြည်းဖြည်းနဲ့ စိုးရိမ်သောက ရောက်နေကြရတယ်။ ဒါက မိုင်းကိုင်၊ နမ့်စန်၊ ကျိုင်းတောင်း စတဲ့ မြို့တွေက စက်ရုံ၊ အလုပ်ရုံတွေရဲ့စွန့်ပစ်ရေဆိုးတွေကြောင့် တိန်းချောင်းရေ ညစ်ညမ်းလာမှာကိုပဲပေါ့" ဟု စိုင်းစံထွန်းက တွေးတွေးဆဆပြောပြသည်။ သူကိုယ်တိုင် တိန်းချောင်းဘေးတွင် မြေပဲနှင့် နှမ်း များ စိုက်ပျိုးနေသူတစ်ဦးဖြစ်ရာ ရေရှည် အကျိုးသက်ရောက်မှုအပေါ် မျှော်တွေးရင်း စိတ်ပူပန်နေခြင်းဖြစ်သည်။ လင်းခေးမြို့နှင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေ အခက်အခဲရှိနေတာကတော့ အမှန်ပင်။

တသွင်သွင်စီးဆင်းနေသော တိန်းချောင်းကို ကြည့်ရှုလေ့လာပြီးနောက် ကျွန်တော်တို့ လင်းခေးမြို့အရှေ့ဘက် နမ့်အွန်ရွာတွင်ရှိသော ရေပူစမ်းသို့ သွားရောက်ခဲ့ကြ

ဟိန်အုပ်ချုပ်ရာ နယ်မြေတစ်ခုဖြစ်ကြောင်း စိုင်းစံထွန်းက ပြောပြသည်။ လင်းခေးကို ဟိန်အဖြစ် အုပ်ချုပ်ခဲ့သူများမှာ ၁၈၉၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပူဟိန်ခိုင်၊ ပူဟိန်ထွန်း၊ စောဟတ်၊ ပူဟိန်မန့်၊ ပူဟိန်ညို၊ ပူဟိန်မှူးလိန်နှင့် ဦးစံညွန့်တို့ဖြစ်ကြောင်း သိရသည်။

လင်းခေးမြို့အကြောင်း ပြောဆိုနေရာ မကြာမီ နမ့်အွန်ရွာရေပူစမ်းသို့ ရောက်ရှိခဲ့ကြသည်။ နမ့်အွန်ရွာက အိမ်ခြေမများ ၊ အိမ်များပြန့်ကျဲနေသဖြင့် ရွာအနေအထားက ကျပ်သလို ဖြစ်နေသည်။ ရေပူစမ်းကို သဘာဝအတိုင်း ထားရှိသဖြင့် ပတ်ဝန်းကျင်အနေအထားက အမြင်ဆန်းသည်။ အငွေ့ထနေသော ရေပူကို လက်ခုပ်ဖြင့် အသာယူပြီး ထိတွေ့ကြည့်ရာ အတော်ပူသည်။

ဒူးခေါင်းအထိ ရေပူစိမ်ကြည့်ရာ ပထမ အပူဒဏ်ခံလိုက်ရသလိုရှိသော်လည်း တဖြည်းဖြည်းနှင့် သဘာဝရေပူ အနွေးဓာတ်က တစ်ကိုယ်လုံး ပျံ့နှံ့သက်ရောက်သွားသလို ခံစားရပြီး နွေးထွေးသွားသည်။ ရေပူစမ်းသို့ ပြည်တွင်း ခရီးသွားဧည့်သည်အချို့နှင့်ပြည်ပခရီးသွားအချို့ လာရောက်ကြကြောင်း သိရသည်။ တိတ်ဆိတ်ငြိမ်းချမ်းသဖြင့် လာရောက်အနားယူအပန်းဖြေရန်ကောင်းသော နေရာတစ်ခုပင်ဖြစ်သည်။

ရေပူစမ်းမှာ အတန်ကြာ ရေစိမ်အပန်းဖြေပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။ လင်းခေးမြို့သည် ရှေးဟောင်းသမိုင်းဝင်မြို့ဖြစ်ပြီး မြို့အနီးဝန်းကျင်မှာ ကျောက်ခေတ်လက်နက်အချို့ တွေ့ရှိကြောင်း၊ ကျောက်ချောလက်နက်များဖြစ်ကြောင်း၊ မိုင်းပန်မြို့အနီးမှာလည်း ကျောက်ခေတ်လက်နက်များ တွေ့ရကြောင်း၊ သုတေသနပြုရင်တော့ သိရှိနိုင်မှာဖြစ်ကြောင်း စိုင်းစံထွန်းက ပြောပြသည်။

လင်းခေးမြို့အနီးတွင် စိုက်ပျိုးထားသော သစ်ခွခြံအချို့ကို ကားပေါ်မှ လှမ်းမျှော်ကြည့်မိသည်။ ဈေးကောင်းရသော သစ်ခွများကို စီးပွားဖြစ် စိုက်ပျိုးနေကြခြင်းဖြစ်သည်။ လေအဝှေ့တွင် သစ်ခွရနံ့များ သင်းပျံ့လာရာ နှလုံးချမ်းမြေ့သွားသည်။ သစ်ခွခြံများအပြင် အုန်းပင်၊ ကွမ်းသီးပင်၊ ထန်းပင်၊ ကွမ်းရွက်၊ ဆေးရွက်ကြီး၊ ရှားစေးပင်များ စိုက်ပျိုးဖြစ်ထွန်းပြီး ထူးခြားသည်မှာ လင်းခေးမြို့နယ်အတွင်းရှိ ဝမ်ဟတ်ကျေးရွာအုပ်စုတွင် ထန်းပင်များစွာ ပေါက်ရောက်ကာ ထန်းလျက်လုပ်ငန်း လုပ်ကိုင်ကြခြင်းဖြစ်သည်။ အညာထန်းလျက်မဟုတ်။ ရှမ်းထန်းလျက်စစ်စစ်ပင် ဖြစ်သည်။

လင်းခေးမြို့သို့ ကျွန်တော်တို့ပြန်ရောက်ခဲ့ချိန်မှာ မှောင်ရိပ်သန်းနေပြီဖြစ်သည်။ စိုင်းစံထွန်းတို့အိမ်တွင် ညအိပ်ပြီး နံနက်စောစော ပြန်ထွက်မည်ဖြစ်ရာ ညစာစားသောက်ပြီးနောက် တစ်နေကုန်ပင်ပန်းထားသဖြင့် စောစော အိပ်ရာဝင်ခဲ့သည်။ ပြတင်းပေါက်မှ ဝင်ရောက်လာသော လအလင်းရောင်ကြောင့် မတ်တပ်ရပ်ပြီး ကြည့်လိုက်ရာ လပြည့်ညဖြစ်နေသည်။ နောက်ခံတိမ်တို့ ကင်းစင်သဖြင့် ဝိုင်းစက်ပြည့်ဝပြီး ထိန်ထိန်သာနေသောလက ရှမ်းတောင်တန်းပေါ်တွင် အေးမြသော အလင်းတန်းများ ဖြာဝေလျက်။

ပြည့်ပြည့်ဝဝ သာနေသော လကိုကြည့်ကာ လင်းခေးမြို့သား အဆိုတော် စိုင်းထီးဆိုင်ကို သတိရနေမိသည်။ စိုင်းထီးဆိုင်ကား ကွယ်လွန်ခဲ့ပြီ။ လပြည့်ညမှာ တိုက်တိုက်ဆိုင်ဆိုင် လင်းခေးမြို့သို့ရောက်နေသော ကျွန်တော့်အတွက် စိုင်းထီးဆိုင်၏ 'မောင့်လပြည့်ဝန်း' သီချင်းကို ပြန်လည်ကြားယောင်နေမိသည်။ အခုအချိန်မှာတော့ ရှမ်းတောင်တန်းပေါ်ဝယ် လပြည့်ဝန်းက သာနေဆဲပင်။ ။



# ပန်းချယ်ရီဘုရင်မနှင့် နေပြည်တော်အလှ

မြင့်ထွေး(ဟိုတယ် / ခရီး)

ချယ်ရီဟုဆိုလိုက်သည်နှင့် ဒါရိုက်တာ ဦးတင်ယု (၁၉၂၀-၂၀၁၃) ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားများအနက် ၁၉၆၃ ခုနှစ်တွင် ရိုက်ကူးပြသခဲ့သော မောင်တို့ချယ်ရီမြေ ရုပ်ရှင်ဇာတ်ကားတွင် ဇာတ်ဝင်ခန်းတေးသီချင်းအား သီဆိုခဲ့သူ စာရေးဆရာ ၊ အဆိုတော် ၊ ရုပ်ရှင်သရုပ်ဆောင်၊ အကယ်ဒမီများဆုရှင် ဦးဝင်းဦးအား သတိရ၊ လွမ်းမော၊ မြင်ယောင်ကြမည်ဖြစ်သလို သီချင်းစာသားနှင့် လိုက်ဖက်စွာပင် စွဲမက်ဖွယ်ကောင်းလှသော ချယ်ရီပန်း၏ အလှများကြောင့်လည်းကောင်း ၊ သီဆိုသူ၏ ညို့ယူဖမ်းစားသော အသံ ၊ ဟန်၊ အမူအရာများကြောင့် လည်းကောင်း၊ သာယာလှပသော ပြင်ဦးလွင်နှင့်ချယ်ရီပန်းမှာ ပို၍ပို၍ပင် သတင်းကြိုင်သင်းမွှေးပျံ့သွားစေခဲ့ပါသည်။ အဆိုပါ ချယ်ရီပန်းသည်ပင် တစ်နေ့ တစ်ချိန်တွင် ကျွန်တော်နှင့် တွေ့ဆုံဖန်တီးရန် ဖြစ်ပေါ်ခဲ့ကာ သတိထားမိလိုက်စဉ်မှာပင် ထက်ကြပ်လိုက်ပါခဲ့သည်မှာ နှစ်များစွာကြာခဲ့ပြီကို တွေ့ရပါတော့သည်။

ငယ်စဉ်က တက္ကသိုလ်ဘုန်းနိုင်၊ ကလျာ(ဝိဇ္ဇာ၊ သိပ္ပံ)၊ မိုးမိုး(အင်းလျား)၊ နေနွယ်ဇင်မြင့်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နွမ်ဂျာသိုင်း၊ ငြိမ်းကျော်တို့၏ ဝတ္ထု၊ ကဗျာများကို ဖတ်၍ တက္ကသိုလ် ကျောင်းသားဘဝကို ရင်ခုန်လှိုက်မောစွာ စိတ်ကူးယဉ်ရင်း အဓိပတိလမ်း၊ စစ်ကိုင်းလမ်း၊ ပုဂံလမ်း၊ ချစ်သူလမ်းကြား၊ ကံ့ကော်လမ်း၊ အင်းလျားလမ်း၊ သထုံလမ်း၊ သစ်ပုတ်ပင်၊ ဂျပ်ဆင်များက အိပ်မက်ထဲအထိ စွဲလမ်းစွာ ဝင်ရောက်နေတတ်ပါသည်။ လှိုက်ဖိုစွာ ရင်ခုန်ခံစားခဲ့ရသော တက္ကသိုလ် ပရဝဏ်နှင့်လမ်းများက အိပ်မက်ထဲထိ စီးဆင်းပျော်ဝင်နေခဲ့ရာမှ ဘဝတစ်ဆစ်ချိုးပြောင်းလဲရန် ဖန်လာသည့် ကံကြမ္မာက ပြင်ဦးလွင်ရှိ ချယ်ရီတက္ကသိုလ်သို့ တက်ရောက်ရန် အကြောင်းဖြစ်လာခဲ့ခြင်းပင်ဖြစ်ပါသည်။

ပူအိုက်စွတ်စိုသော မြေပြန့်ဒေသတွင် နေထိုင်သည့် ကျွန်တော့်အဖို့ အေးချမ်းလှပြီး တောင်ပေါ်ဒေသတွင်သာ ပေါက်ရောက်သည့် ရှားပါးချယ်ရီပန်းပင်များနှင့် ထိတွေ့ရသည့် အချိန်တွင် ချယ်ရီပန်းများ၏ နှောင်ဖွဲ့ရာသို့ လိုက်ပါလွင့်မျော စေသကဲ့သို့ရှိခဲ့သည်။ ချယ်ရီပန်းများကို စာအုပ်ကြားတွင် ခိုး၍ညှပ်ကာ အခြောက်ခံ၊ အပွင့်ပုံစံ မပျက်အောင် တယုတယထားရှိပြီး ပေးစရာချစ်သူမရှိ၍ အစ်မများ၊ အစ်ကိုများထံ စာအိတ်ထဲထည့်ပို့ဖြစ်ခဲ့သော်လည်း ချစ်သူရည်းစားရှိသော သူငယ်ချင်းများကတော့ သူတို့ချစ်သူများထံသို့ ပေးပို့ကြသည်အထိ ချယ်ရီပန်းကို တန်ဖိုးထားမြတ်နိုးခဲ့ကြသည်။ ချယ်ရီပန်း၏ လှပမှု၊ ကျက်သရေရှိမှု၊ ဂုဏ်သတင်း မွှေးပျံ့မှုနှင့် ချစ်ခင်မြတ်နိုးမှုများကြောင့် မိမိတို့၏ အမည်၊ လမ်းအမည်၊ သီချင်း၊ ကဗျာများတွင် ချယ်ရီနာမ်စားများ သတ်မှတ်ခေါ်ဆိုကြသည်၊ စပ်ဆိုကြသည်အထိ ချယ်ရီကို တန်ဖိုးထားကြသည်။ ချယ်ရီပန်းများ၏ အရောင်အသွေးနှင့် ပွင့်ဖတ်များက မြင်သူကို စွဲမက်စေသည့်အပြင် တစ်နှစ်လျှင် တစ်ကြိမ်သာပွင့်သည့် သစ္စာရှိသောပန်းလည်းဖြစ်သဖြင့် ချစ်သူရှိသူများအတွက် အမှတ်လက္ခဏာတစ်ရပ်အဖြစ် ထင်ဟပ်စေပါသည်။

ချယ်ရီပန်းပင်များဖြင့် စီတန်းစွာ စိုက်ပျိုးထားသော လမ်းကလေးများမှာ တက္ကသိုလ်ပရဝဏ်တွင် လည်းကောင်း၊ မြို့ထဲတွင်လည်းကောင်းရှိပြီး ချယ်ရီပွင့်ချိန်တွင် အရွက်များကုန်သည်အထိ ကြွေကျပြီးမှ အပွင့်များပွင့်သဖြင့် တစ်ပင်လုံး ပန်းရောင်ဆေးရေးခြယ်ထားသကဲ့သို့ ချယ်ရီပန်းများ လှပဝေဆာစွာဖူးပွင့်ကြသည်။

အဆိုပါချယ်ရီပန်းနှင့် ကျွန်တော်လေးနှစ်ရာသီဆုံတွေ့ခဲ့ရပြီး နှုတ်ဆက်ခွဲခွာရန်အချိန် ရောက်ခဲ့သော်လည်း ချယ်ရီနှင့်ကံမကုန်သေးလို့ပင်ထင်သည်။ ကျွန်တော်တာဝန်ကျသော ဒေသမှာ ရှမ်းပြည်နယ်တောင်ပိုင်းဖြစ်သဖြင့် ချယ်ရီပန်းနှင့် ထပ်မံ၍ ဒုတိယအကြိမ် ခြောက်နှစ်ခန့် ပြန်လည်ဆုံတွေ့ခဲ့ရသော်လည်း လက်တွေ့နယ်ပယ်တွင် ရုန်းကန်ရှင်သန်ရန် ကြိုးစားဆောင်ရွက်နေရသည့်ကာလများဖြစ်၍ လှပစွာခံစားနိုင်ရန် အချိန်နည်းပါးခဲ့သည်။

ကျွန်တော်နှင့် ချယ်ရီပန်းတို့၏ သံယောဇဉ်က မကုန်နိုင်၊ ၁၉၉၂ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းမှ နှုတ်ဆက်ခွဲခွာခဲ့ရခြင်းဖြင့် ချယ်ရီပန်းနှင့် ထပ်မံဝေးကွာခဲ့ရသော်လည်း တတိယအကြိမ် ပြန်လည်ဆုံတွေ့ရန်အကြောင်းက ဖန်လာပြန်ပါသည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ဂျပန်နိုင်ငံ၌ ပြုလုပ်သော Jata Tourism Forum 2016 Japan သို့ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းဖွင့်လှစ်ပြသရန်အတွက် ကျွန်တော့်အား တာဝန်ပေးအပ်သဖြင့် ခရီးသွားကုမ္ပဏီ ၁၁ ခု နှင့်အတူ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှ ၂၅ ရက်နေ့အထိ သွားရောက်ပြသခဲ့ပါသည်။ အဆိုပါ Jata Tourism Forum နှင့် အတူ တစ်ဆက်တည်း ပြုလုပ်သော Global Tourism Forum အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန်အတွက် Jata Tourism Expo Japan Executive Committee ၏ အထွေထွေအတွင်းရေးမှူး ဖြစ်သူ Mr. Yoshinori Ochi ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။ ဂျပန်နိုင်ငံမှ ဂျပန်-မြန်မာလွှတ်တော်များ ချစ်ကြည်ရေးကော်မတီ ဥက္ကဋ္ဌ Mr.Ichiro AISAWA နှင့် တွေ့ဆုံခဲ့စဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့်အနာဂတ် လူငယ်များ ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရန်၊ ကမ္ဘာ့ခရီးစဉ် ဒေသတစ်ခုအဖြစ် ဆောင်ရွက်လာနိုင်ရန်အတွက် ချယ်ရီပင် စိုက်ပျိုးရေးစီမံချက်ကို အဆိုပြုပေးပို့လာခဲ့ခြင်းအား ပြည်ထောင်စုဝန်ကြီးမှ အဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့သဖြင့် ဂျပန်-မြန်မာချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော် (Sakura Festival Myanmar) ကို နေပြည်တော် ဇဝနလမ်းရှိ ဗိုလ်ရှုသဘင်အနီး၌ ၂၉.၁.၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ချယ်ရီပင်စိုက်ပျိုးပွဲတော်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ချီးမြှင့် စိုက်ပျိုးပေးခဲ့ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မတူညီသော ယဉ်ကျေးမှုကြားတွင် အဆက်အသွယ်လုပ်ပေးနိုင်သည့် ပန်းကလေးတစ်ခုသည်လည်း ငြိမ်းချမ်းရေး၏ သင်္ကေတဖြစ်ပါကြောင်း၊ နှစ်နိုင်ငံကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန် စိုက်ထူသည်၊ ပြုစုပျိုးထောင်သည်ဟု သဘောထားပြီး မိမိနိုင်ငံအတွက် အလှတရားများ တိုးပွားစေမည့် ငြိမ်းချမ်းရေးလမ်းစဉ်ကိုလည်း အထောက်အကူဖြစ်စေသည့် သင်္ကေတဟု စိတ်ထဲတွင်ထားရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးလမ်းသည်လည်း လှပခြင်း၊ တင့်တယ်ခြင်း ၊ မှန်ကန်ခြင်း၊ သဟဇာတဖြစ်ခြင်းဆိုသည့် တန်ဖိုးများကို အလေးထားပြီး တည်ဆောက်သွားရမည်ဖြစ်ကြောင်း ချယ်ရီပန်းနှင့် ငြိမ်းချမ်းရေးကို အနက်အဓိပ္ပာယ်ဖော်ညွှန်းကာ ပြောကြားခဲ့ပါသည်။



စိုက်ပျိုးပေးခဲ့သည့် ချယ်ရီပန်းပင်သည် ဂျပန်နိုင်ငံမှ မျိုးရိုးဗီဇပြောင်းလဲတီထွင်သူ စိုက်ပျိုးရေးပညာရှင် Mr.Masaaki TAKAOKA (၁၉၀၉-၂၀၀၁) က နှစ်ပေါင်း ၃၀ ကျော်ကြာ သုတေသနပြုလုပ်ခဲ့ပြီးနောက် လူဖြင့် ဝတ်မှုန်ကူးခြင်းနည်းပညာနှင့် ကိုင်းကူး၊ ကိုင်းဆက်နည်း ပညာကို အသုံးပြု၍ မျိုးဗီဇအင်ဂျင်နီယာ နည်းလမ်းဖြင့် ဒီအင်န်အေအား ပြုပြင်ပြောင်းလဲမှုပြုလုပ်ကာ နေရာဒေသမရွေးစိုက်ပျိုးရှင်သန်၊ ဖူးပွင့်နိုင်ရန်၊ စီစဉ်ဆောင်ရွက်ထားသော Prunus Youkozakura ချယ်ရီအမျိုးအစားဖြစ်ကြောင်း သိရသည်။

အဆိုပါချယ်ရီပန်းပင်အမျိုးအစားအား ၁၉၆၆ ခုနှစ်မှစ၍ ဂျပန်ပြည်တွင်းတွင် ဝေဆာလှပအောင် စီမံစိုက်ပျိုးခဲ့ပြီး အောင်မြင်မှုများရရှိလာခဲ့သဖြင့် လစ်သူယေးနီးယား၊ ဗီယက်နမ်၊ မက္ကဆီကို၊ တူရကီ၊ အမေရိကန်၊ ထိုင်း၊ လာအို၊ ဂူအမ်၊ သီရိလင်္ကာ၊ ခရိုအေးရှား၊ အဇာဘိုင်ဂျန်၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တူနီးရှား၊ ရိုမေးနီးယား၊ တန်ဇန်းနီးယား၊ ဗာတီကန်၊ တရုတ်၊ ကိုရီးယား၊ ဘိုလီဗီးယား၊ မွန်တီနီဂရိုးစသည့် အအေးပိုင်းဒေသများ၊ ပူအိုက်စွတ်စိုသော ဒေသများနှင့် အပူပိုင်းဒေသများတွင်ပါ စိုက်ပျိုးခဲ့ပြီး ယခုမြန်မာနိုင်ငံတွင် စိုက်ပျိုးသည့် အပင် ၁၀၀ နှင့်ဆိုလျှင် ချယ်ရီပင်ပေါင်း ၁၁၀၀၀ ရှိပြီး ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် မျိုးဗီဇပြောင်းလဲတီထွင်စိုက်ပျိုးသည့် အကြောင်းကို ရုပ်ရှင် ရိုက်ကူးကာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှစ၍ စတင် ဖြန့်ချိ ပြသပေးနေပြီဖြစ်ကြောင်းလည်း သိရသည်။ ပညာရှင် Mr.Terumi TAKAOKA ၏ ရှင်းလင်းပြောကြားချက်များအရ ယခုချယ်ရီပင်မှာ ပန်းပွင့်သာမက အရွက်လည်းစားသုံး၍ရအောင် စီမံထားကြောင်း၊ အော်ဂဲနစ် နည်းပညာဖြင့် စိုက်ပျိုးထားသည့်အတွက် ချယ်ရီအရွက်အား လက်ဖက်ခြောက်နှင့် ဆပ်ပြာပြုလုပ်နိုင်ကြောင်း၊ အလှပန်းသာမက တောင်ပေါ်၊ မြေပြန့်များပါ စိုက်ပျိုးနိုင်သဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ်လည်း စိုက်ပျိုးနိုင်ပါကြောင်း၊ ၎င်း၏စိုက်ခင်းတွင် မြန်မာပညာရှင်နှစ်ဦးကို ခေါ်ထားသဖြင့် နည်းပညာများရရှိနေကြပြီဖြစ်ကြောင်းကိုလည်း သိရသည်။

ဂျပန်နိုင်ငံတွင် ချယ်ရီပင်များအား စနစ်တကျစိုက်ပျိုးထားသဖြင့် ပန်းများပွင့်သောအချိန်တွင် မြင်ကွင်းတစ်ခုလုံးအား ပန်းရောင်များဖြင့် ဖုံးလွှမ်းနေကြောင်း၊ ဂျပန်နိုင်ငံသားများအပြင် နိုင်ငံတကာမှဧည့်သည်များပါ လာရောက်ကြည့်ရှုအပန်းဖြေကြောင်း၊ ချယ်ရီပန်းသည် ဂျပန်နိုင်ငံသားများ၏ အသည်းနှလုံးဖြစ်ကြောင်း၊ ပန်းများအားလုံး၏ ပန်းဘုရင်မလည်းဖြစ်ကြောင်း၊ ဂျပန်လူမျိုးတို့၏ အသည်းနှလုံး၊ ပန်းဘုရင်မကို မြန်မာနိုင်ငံတွင် လာရောက်စိုက်ပျိုးသည့်အတွက် ဂျပန်-မြန်မာပေါင်းကူးတံတားလည်းဖြစ်ကာ ချယ်ရီပန်းမှ တစ်ဆင့် လူသားချင်းချစ်ကြည်ရင်းနှီးမှု၊ ငြိမ်းချမ်းမှုကိုရရှိစေကြောင်း တစ်ဆက်တည်း သိရှိခဲ့ရသည်။

နေပြည်တော်တွင် စိုက်ပျိုးမည့် ချယ်ရီပင်အရေအတွက်မှာ အပင်ပေါင်း ၁၀၀၀ ဖြစ်ပြီး ကြာပန်းအဝိုင်းမှ လွှတ်တော်အဆောက်အအုံသို့သွားသည့် ဇဝနလမ်း၏ လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားရှိမည်ဖြစ်သည်။ ယခုပထမအကြိမ်အဖြစ် ချယ်ရီပင် ၁၀၀ စိုက်ပျိုးပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ် နိုဝင်ဘာလတိုင်းတွင် အပင် ၂၀၀ စီ စိုက်ပျိုးသွားမည်ဖြစ်ကာ ၂၀၂၀ ပြည့်နှစ်တွင် အပင် ၃၀၀ ကို အပြီးသတ်စိုက်ပျိုးမည်ဖြစ်သည်။

ဂျပန်-မြန်မာပါလီမန်ချင်း ချစ်ကြည်ရေးကော်မတီဥက္ကဋ္ဌများ၏ ချစ်ကြည်ရင်းနှီးမှု၊ ခရီးသွားလုပ်ငန်းမြှင့်တင်မှု၊ Vivo Myanmar Travels & Tours Co., Ltd. ၏ ပံ့ပိုးစီစဉ်မှုများဖြင့် နိုင်ငံတကာမှ ဧည့်သည်များ၊ ငေးမောကြည့်ရှု၊ အံ့သြချီးမွမ်းကြရသည့် လွှတ်တော်အဆောက်အအုံများသို့သွားရာ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်စီတွင် စိုက်ပျိုးထားသော ချယ်ရီပင်များမှာ ၂၀၂၀ ပြည့်နှစ်တွင် လှပစွာ ပွင့်လန်းလာကြမည်ဖြစ်ပါသည်။ အဆိုပါချယ်ရီပန်းများ ပွင့်လန်းချိန်တွင် လွှတ်တော်သွားရာ လမ်းတစ်လျှောက် ပန်းရောင်လွင်ပြင်ကြီးတစ်ခုဖြစ်ပေါ်ကာ ခံ့ညားထည်ဝါသော လွှတ်တော်အဆောက်အအုံ၏ အရှိန်အဝါများဖြင့် ခရီးသွားဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်တော့မည်ဖြစ်သည့်အပြင် နေပြည်တော်တွင် ကြိုးစားမြှင့်တင်ဆောင်ရွက်နေသော MICE Tourism ကိုလည်း အထောက်အကူပြုစေမည်ဖြစ်ကာ Green Tourism အတွက်လည်း အထောက်အပံ့ဖြစ်လာစေမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံတကာဧည့်သည်များတွင် တတိယအများဆုံးလာရောက်လည်ပတ်သော နိုင်ငံသားမှာ ဂျပန်နိုင်ငံသားများ ဖြစ်သည်။ ဂျပန်-မြန်မာဆက်ဆံရေးမှာ သမိုင်းကြောင်းခိုင်မာစွာတည်ရှိပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ကူညီစောင့်ရှောက်မှုမှာလည်း ကြီးမားကျယ်ပြန့်နက်ရှိုင်းလှပါသည်။ ဂျပန်နိုင်ငံမှ မျိုးစပ်စိုက်ပျိုးပေးသည့် Prunus Youkozakura ချယ်ရီပန်းများကိုအကြောင်းပြု၍ နှစ်နိုင်ငံချစ်ကြည်ရေးများ ပိုမိုခိုင်မြဲလာမည့်အပြင် ဂျပန်နိုင်ငံသားများနှင့် နိုင်ငံတကာမှ ဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ခရီးစဉ်များလည်း ပိုမိုများပြားလာမည်ဖြစ်ပါသည်။

ဂျပန်နိုင်ငံကဲ့သို့ပင် ကျွန်တော်တို့ နိုင်ငံတွင်လည်း တစ်နှစ်တွင် တစ်ကြိမ်သာပွင့်သော ပိတောက်ပင်၊ ငုပင်၊ စိန်ပန်းနီပင်၊ စိန်ပန်းပြာပင်များရှိရာ အဆိုပါအပင်များကို လမ်းဘေးဝဲယာတစ်လျှောက်တွင် တစ်မျိုးတည်း အစီအရီ စနစ်တကျစိုက်ပျိုးပြီး စိန်ပန်းပြာလမ်း၊ စိန်ပန်းနီလမ်း၊ ငုဝါလမ်း၊ ပိတောက်လမ်းစသည်ဖြင့် လှပစွာဖွဲ့နွဲ့ဆွဲဆောင်နိုင်သည့်အပြင် ပန်းများပွင့်ချိန်တွင် ပန်းပွဲတော်ကို ကျင်းပပြီး ဓာတ်ပုံပြိုင်ပွဲများပြုလုပ်ခြင်းဖြင့်လည်း ခရီးသွားလုပ်ငန်းကို တိုးမြှင့်ဆွဲဆောင်နိုင်ပါသည်။

ယခုအခါ နေပြည်တော်ကြီးမှာ မသိသာစွာပင် ဖြည်းဖြည်းမှန်မှန်ဖြင့် Green Tourism သို့ပြောင်းလဲလာနေပြီဖြစ်ပြီး စိမ်းလန်းသောသစ်ပင်များကြောင့် ရာသီဥတုမှာလည်း တဖြည်းဖြည်းကောင်းမွန်မှုတစ္စာ ပြောင်းလဲလာခြင်းနှင့်အတူ ဥယျာဉ်မြို့တော်ကြီးတစ်ခုသဖွယ် တည်ဆောက်ထားသော အစီအမံများကြောင့် လှပစွာဖူးပွင့်နေကြသော ပန်းကလေးများ၊ စိမ်းစိုနေသော မြေယာနှင့်မြက်ခင်းစိမ်းများက နေပြည်တော်ကြီးအား ပံ့ပိုးဖြည့်ဆည်းကာ အစွမ်းကုန် လှပကြတော့မည်ဖြစ်သည့်အပြင် မကြာမီကာလတွင် ချယ်ရီပန်းများဝေဆာလှပစွာ ဖူးပွင့်ကြတော့မည်ဖြစ်၍ နေပြည်တော်သို့ လာရောက်လည်ပတ်မည့် ကမ္ဘာလှည့်ခရီးသည်များအား ကမ်းလင့်ရန်နှင့် ပွင့်လန်းလာမည့် ချယ်ရီပန်းများအား ကြိုဆိုရန်အတွက် ရင်ခုန်စွာစောင့်စားလျက် အလင်္ကာကျော်စွာ ဆရာရွှေပြည်အေး ရေးသားစပ်ဆို၍ ဦးဝင်းဦးသီဆိုခဲ့သော မောင်တို့ချယ်ရီမြေ သီချင်းစာသားကို နေပြည်တော်တွင်လည်း သီဆိုနိုင်ကြတော့မည်ကို မြင်ယောင်ရင်း...... ။

စာမျက်နှာ ၂၁ မှ

တစ်လုံးချင်းအဓိပ္ပာယ်ပြန်သော်

ဗံး = မြတ်သော
ဋ္ဌဋ္ဌဟြ = ဘုရားအမည်ဖြစ်နိုင်ပါသည်
ဗံး = မြတ်သော
မ =
ဒြ = ဥစ္စာပစ္စည်း (မြစေတီပျူ) သာမြတ်ဦး
တိံ = တိုင်းနေရာ၊ အချိန်ပြ (ဥပမာ) ဥစ္စာပစ္စည်းတိုင်း
ပ္ပ = ၄၀
ဥ = (က)၏ ဟု အဓိပ္ပာယ်ရပါသည် (ခ)

အမည်၏ ရှေ့၌ရေးသည် (ဂ) ဂဏန်းသင်္ချာ၏ရှေ့၌ရေးသည် (သာမြတ်ပျူဖတ်စာ)

ကး၃ုံ နို့ နွ = လူအမည်ဖြစ်မည်ဟု ယူဆပါသည်
တော့ ယံ = လူအမည်ဖြစ်မည်ဟု ယူဆပါသည်
နု ၃ = လူအမည်ဖြစ်ပါသည်ဟု ယူဆပါသည်။
ဟြံ = ၈ ဂဏန်း
ရာ = ရာ
င = ၅ ဂဏန်း
ဟြံရာ င = ၈၀၅
။ = ပုဒ်မနှစ်ချောင်း

 ပျူကျောက်စာများရေးသားရာ၌ စာကြောင်း ပြီးဆုံးပါက  ။ ပုဒ်မနှစ်ချောင်း အဆုံးသတ်သင်္ကေတရေးသားကြပါသည်။

ပျူကျောက်စာစရေးမည်ဆိုပါက ထိပ်ဆုံး၌ ဥုံဏလုံမွေးရှင်တော်ရေးတတ်ကြပါသည်။ ယင်းနောက် ပျူကျောက်စာ၏ သင်္ကေတ သိ ဒ္ဓိ ဂ္ဂ ယင်းကဲ့သို့ရေးတတ်ကြပါသည်။ သိဒ္ဓ၊ သိဒ္ဓိ ရေးပြီးတိုင်း ဂ္ဂ ယင်းကဲ့သို့ အမှတ်လက္ခဏာအချို့ရေးကြသည်။ အချို့ပျူကျောက်စာများ၌ သိဒ္ဓိ ယင်းကဲ့သို့ အမှတ်သင်္ကေတ ရေးကြပါသည်။ ယင်းသင်္ကေတကို အပေါ်စာလုံး၏ အသတ်ရေးမည်ဆိုပါက ဖြစ်နိုင်ခြေရှိနိုင်ပါမည်လောဟု စဉ်းစားဖွယ်ရာဖြစ်နိုင်ပါသည်။ ကျွန်တော်၏ အယူအဆသည် အပေါ်စာလုံးကို အောက်ကစာလုံးက မတ်တြာဝတ် အသံထွက်အဆုံးဗျည်းသံသာလျှင် အထောက်အကူပြုမည်ဟုယူဆပါသည်။ သို့ဖြစ်၍ ဦးဝင်းမောင် တမ္ပဝတီက Facebook တွင် တင်ပြသော အလ္လကပ္ပမြို့ဟောင်း ပဲကူးရွာ ငွေခွက်နှင့် ဦးနှောင်းကုန်းရွာမှ ရေးသားထားသော ငွေခွက်ပျူစာများအား လေ့လာရာတွင် အပေါ်စာတန်းများကို အောက်ခြေစာတန်းများက အသတ်ရေးသားခြင်းဖြစ်သည်ဆိုရာ၌ အပေါ်စာလုံးကို အောက်ကစာလုံးကသွား၍ အသတ်ပြုပါက မူရင်းပျူစာအရေးအသားများ ပျက်စီးကုန်မည်ဟု ယူဆပါသည်။ ထို့အတူ အသတ်ထည့်ပါက အသံထွက်နှင့် အဓိပ္ပာယ်များလွဲမှားနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုလေ့လာတွေ့ရှိချက်များအား အများပြည်သူသိရှိရန်နှင့် ပျူစာပေလေ့လာရာတွင် မိမိလိုရာ ဆွဲမယူမိစေရန် မိမိလိုအပ်သော အဓိပ္ပာယ်ရှိနိုင်သော စာလုံးများကို ထည့်ခြင်း၊ ဖြုတ်ပယ်ခြင်း၊ သမိုင်းကြောင်းဒေသစွဲ၊ ဘာသာစွဲ၊ လူမျိုးစွဲများကိုမထည့်ရန်နှင့် အရှိကိုအရှိအတိုင်းသာ ရေးသားသင့်ကြောင်း ငွေခွက်နှစ်ခွက်တွင်ရေးသားသောပျူစာပေများအား လေ့လာတင်ပြအပ်ပါသည်။

ခ ရီး သွား ဆောင်း ပါး

# တောင်ပေါ်နှင့် မြေပြန့် ရိုးရာယဉ်ကျေးမှုများဆုံစည်းရာ ဘော်ကြိုဘုရားပွဲတော်

**ဆောင်းပါး - စိုင်းသာလှိုင်(လိမ္မော်မြေ)**



ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံများ ပေါကြွယ်ဝလှသည့် မိမိတို့မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရာသီ၌ သက်ဆိုင်ရာ ရိုးရာပွဲတော်များကို သမိုင်းအစဉ်အဆက် ကျင်းပလာခဲ့သည်မှာ ယနေ့ မျက်မှောက်ကာလတိုင်ပင် ဖြစ်သည်။ ဆယ့်နှစ်လရာသီ ပွဲတော်များအပြင် မိမိတို့ဒေသရှိ တန်ခိုးကြီးဘုရားများတွင်လည်း ဘုရားပွဲတော်များကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ပျော်ပွဲ၊ ရွှင်ပွဲများ ထည့်သွင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြသည်ကို နိုင်ငံတစ်ခွင် တွေ့မြင်နေရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်သည် ရှေးဟောင်းဘုရားပုထိုး၊ စေတီ အများအပြား တည်ထားကိုးကွယ်ရာဌာနဖြစ်သကဲ့သို့ နိုင်ငံကျော် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘော်ကြိုဘုရားကြီးသည် သီပေါမြို့၏ အနောက်ဘက်ခြမ်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် မီးရထားလမ်းအကြား ဒုဋ္ဌဝတီမြစ် မြောက်ဘက်အရပ်တွင် တည်ရှိသည်။

ဘော်ကြိုဘုရားကြီးတွင် စေတီတော်နှင့် ရုပ်ပွားတော်များ ပေါင်း၍ ဘော်ကြိုဘုရားဟု ပြည်သူများ သိရှိကြသော်လည်း စေတီတော်၏ဒါယကာနှင့် ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်များ၏ ဒါယကာများမှာ တစ်ဦးစီဖြစ်ကြပြီး တည်ထားကိုးကွယ် ထုလုပ်လှူဒါန်းခဲ့ကြသောနှစ်များမှာလည်း ကွာခြားလျက်ရှိသည်။ ဘော်ကြိုဘုရား(မုဋ္ဌောစေတီတော်)၏ ဒါယကာမှာ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၂၃၄ နှစ်ကြာသောအခါ ပါဋလိပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပါ တစ်ကျွန်းလုံးကို အစိုးရတော်မူသော သီရိဓမ္မာသောကမင်းကြီး ဖြစ်သည်။

တတိယသင်္ဂါယနာတင်ပြီးကာလ သာသနာသက္ကရာဇ် ၂၀၀ နှင့် ၃၀၀ ကြားတွင် မုဋ္ဌောစေတီတော် တည်ထားခဲ့ခြင်းဖြစ်ရာ ရှမ်း၊ ပလောင်၊ ကချင်၊ ဗမာ၊ မွန်၊ ရခိုင် စသည့်လူမျိုးပေါင်းစုံ၏ လုပ်အားဒါနဖြင့် တည်ထားကိုးကွယ်ခဲ့ပြီး စေတီတော်၏ ဘွဲ့တော် မှာ မုဋ္ဌောစေတီဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီးသည်စေတီတော်ကို ရေကန်အလယ်တွင် ရွှေ၊ ငွေ၊ ကြေး၊ အုတ်တို့ဖြင့် မြေစိုက်ပန္နက်တော်ချ၍ မွေတော်စစ်ကို ဌာပနာလျက် တည်ဆောက်ခဲ့ပြီး ဘွဲ့တော်ကိုလည်း မုဋ္ဌောစေတီဟု သမုတ်ခဲ့ပေသည်။ ဘော်ကြိုဘုရား တည်ထားရာနေရာသည် ဘုရားအလောင်းနှစဉ်ဘဝ ဝက်ဖြူမင်းဖြစ်စဉ် ရေအိုင်နေရာ၌ စေတီတော် တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ဘုရားကြီး၏ မုခ်လေးမုခ်၌ ကိုးကွယ်ထားသည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၏ ဒါယကာမှာ ခရစ်နှစ် ၁၁၇၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၅၃၆ခုနှစ်တွင် ပုဂံပြည့်ရှင် မင်းယဉ် နရသိင်္ခ၏ ညီတော် နရသူ၏သားတော် နရပတိစည်သူမင်းကြီး ဖြစ်သည်။

ဘုရားကြီး၏ မုခ်လေးမုခ်၌ တိုင်းရင်းသားများ ဆည်းကပ်ကိုးကွယ်နိုင်ရန်နှင့် ရှမ်းပြည်နယ်တစ်ခွင်သို့ နရပတိစည်သူမင်းကြီးက ဗုဒ္ဓလက်ဆောင်အဖြစ် သာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်သန်၍ စံကားကိုးပိုင်း ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်လှူဒါန်းခဲ့ရာ ဘော်ကြိုဘုရားကြီး၌ ကိုးကွယ်ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားတော်များလည်း အပါအဝင်ဖြစ်ပေသည်။

ဘော်ကြိုဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ယခင်က နှစ်စဉ် တပေါင်းလဆန်း ၇ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ကျင်းပခဲ့သည်။ ထို့နောက် ပွဲတော်ကို တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ပြောင်းလဲကျင်းပခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

ဘော်ကြိုဘုရားကြီး၏ ထူးခြားမှုများအဖြစ် ပရိဝုဏ်အတွင်း အနောက်မြောက်ထောင့်၌ ပေါက်လျက်ရှိသော စံကားပင်မှာ စေတီတော်၏ပြာသာဒ်၊ ထီးတော်အမြင့်ထက်သို့မည်သည့်အခါမျှ တက်မသွားခြင်း၊ ဘုရားကြီး၏ အနောက်တောင်ထောင့် အရပ်တွင် စေတီတော်၏အောက်မှ ရေစီးဆင်းနေပြီး ဆယ့်နှစ်ရာသီ ရေထွက်နေခြင်း၊ ယင်းမှ ပေ ၂၀၀ အကွာတွင် အုတ်ရေကန် တစ်ခု တည်ဆောက်ထားပြီး ယားယံဝေဒနာရှင်များ၊ မျက်စိဝေဒနာရှင်များ ရေကိုချိုးခြင်း၊ မျက်စဉ်းခတ်ခြင်းဖြင့် ဝေဒနာ ပျောက်ကင်းခြင်း၊ ရေစင်ကို ဆောင်ထားပါက လာဘ်လာဘ ကောင်းမွန်ခြင်း၊ အန္တရာယ်ကင်းခြင်း၊ စေတီတော်၏ မုခ်များတွင် ကိန်းဝပ်စံပယ်နေသော ရုပ်ပွားတော်များအား သီတင်းသုံးသည့် မုခ်များတွင်သာ အစဉ်အမြဲ ကိန်းဝပ်စံပယ်စေရခြင်း၊ ပင့်ဆောင်သောအခါ၌လည်း ရှေ့နောက် ဘွဲ့စဉ်များအတိုင်း ပင့်ဆောင်ရခြင်း၊ ဘုရားကြီးတောင်ဘက်မုခ်၌ ဘုရားအား မျက်နှာမူ၍ စောင့်ရှောက်နေသော ဘီလူးရုပ်တုငါးခုရှိခြင်း၊ ရှေးယခင်က ၎င်းတို့အား အမဲသားအစိမ်းများကို အပတ်စဉ် ကျွေးမွေးရခြင်း၊ ခေါင်းသုံးလုံးပါ ရောဝဏ်ဆင်နှင့် ကြေးရုပ် လူသားစသည့် ဘုရားကြီးနှင့်ပတ်သက်သည့် ထူးခြားမှုအများအပြား ရှိပေသည်။

ရာသီဥတုသာယာလှပသော ခါနွေဦးစ တပေါင်းလတွင် ဘော်ကြိုဘုရားပွဲတော်ကို နှစ်စဉ် ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်း အတော်ကြာလှပြီဖြစ်သည်။ ယခုနှစ် ဘော်ကြိုဘုရားကြီး တပေါင်းပွဲတော်ကို ၁၃၇၈ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်နေ့(မတ် ၇ ရက်မှ ၁၂ ရက်)အထိ ခြောက်ရက်တိုင် ရှမ်းကဇာတ်၊ အငြိမ့်၊ ရိုးရာယဉ်ကျေးမှု ပဒေသာကပွဲများ၊ စင်တင်တေးဂီတနှင့် အခြား ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော်သို့ မြန်မာနိုင်ငံအရပ်ရပ်မှ ကလေးသူငယ်၊ လူငယ်တို့မှအစ သက်ကြီးရွယ်အိုများအထိ ကုသိုလ်ယူ ပါဝင်ဆင်နွှဲသည့် မြင်ကွင်းနှင့် ‘နောင် နောင် နောင်ဗေနောင်’ စသည့် ရှမ်းအိုးစည်၊ မောင်း၊ ဆိုင်းများ တီးခတ်ရင်း ရှမ်းတိုင်းရင်းသူ လှပျိုဖြူလေးများ၏ ရှမ်းကဟန်နှင့်အတူ ရိုးရာဓလေ့ ထိန်းသိမ်းကြပုံတို့ကို အဆိုတော် ရုပ်ရှင်မင်းသားကြီး (ဦး)ဝင်းဦး သီဆိုခဲ့သည့် ‘ဘော်ကြိုသဘင်’ သီချင်းမှ စာသားလေးများက သက်သေပြနေဆဲပင်ဖြစ်သည်။

ဘော်ကြိုဘုရားကြီးပွဲတော်သို့ပြည်မဒေသမှ အဝတ်အထည် လူသုံးကုန်ပစ္စည်းများ လာရောက်ရောင်းချသည့်အပြင် ရှမ်းပြည်နယ် မြို့အသီးသီးမှလည်း ၎င်းတို့ဒေသထွက် ကုန်ပစ္စည်းများဖြစ်သည့် ပဲပုပ်၊ မှျစ်ချဉ်၊ ရှမ်းငရုတ်၊ သစ်ကြမ်းပိုး၊ ဘူးခါး၊ ကရဝေး၊ ဂုံညင်း စသည့် ဆေးဖက်ဝင် ပရဆေးပစ္စည်းများကို နှစ်ခြိုက်စွာဝယ်ယူသည့် အလေ့အထကို နှစ်စဉ် တွေ့မြင်ရသည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအတိုင်း ဝတ်စားဆင်ယင်၍ ဘုရားပွဲတော်အတွင်း သွားလာလှုပ်ရှားနေသည့် မြင်ကွင်းကို တွေ့မြင်ရသည်မှာ အရောင်အသွေးစုံ ပန်းခင်းကြီး အတွင်းသို့ ရောက်ရှိသွားသည့်အလား ခံစားရမည်ဖြစ်သည်။ ဘာသာတရားကိုင်းရှိုင်းမှုနှင့် အလှူအတန်းရက်ရောမှုတို့ တူညီသော်လည်း တိုင်းရင်းသားများက မိမိတို့ ရိုးရာယဉ်ကျေးမှု ဓလေ့များအတိုင်း ဘော်ကြိုဘုရားပွဲတော်သို့ နှစ်စဉ် လာရောက်နွှဲပျော်နေသည့်အတွက် ဘော်ကြိုဘုရားပွဲတော်သည် တောင်ပေါ်မြေပြန့် ရိုးရာယဉ်ကျေးမှုဓလေ့များ ဆုံစည်းရာ ပွဲတော်တစ်ခုအဖြစ် အမြဲထာဝရ ရှင်သန်နေလိမ့်မည် ဖြစ်ပေသည်။ ။






## မြန်မာ့သစ်လုပ်ငန်း
## ပစ္စည်းအဟောင်းများအိတ်ဖွင့်လေလံရောင်းချရန် ကြော်ငြာခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ကချင်ပြည်နယ် မြစ်ကြီးနားသစ်ထုတ်ရေးဒေသနှင့် ဗန်းမော်သစ်ထုတ်ရေးဒေသတို့ရှိ အောက်ဖော်ပြပါ ပစ္စည်းအဟောင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) တာယာ | - | ၅၉၆ လုံး |
| (ခ) ဘက်ထရီ | - | ၂၄၆ လုံး |
| ၂။ **လေလံတင်ရောင်းချမည့်နေရာ** | - | ဒုတိယအထွေထွေမန်နေဂျာရုံး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ |
| ၃။ **လေလံရောင်းချမည့်ရက်နှင့်အချိန်** | - | ၁၆-၃-၂၀၁၇ရက်၊ နံနက် ၁၀ နာရီ |
| ၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့်ရက်နှင့်နေရာ** | - | ၂၈-၂-၂၀၁၇ရက်မှ ၁၅-၃-၂၀၁၇ ရက်အထိ (ရုံးချိန်အတွင်း) ဒုတိယအထွေထွေ မန်နေဂျာရုံး၊ ကချင်ပြည်နယ်၊ မြို့မရပ်ကွက်၊ ဆမားလမ်း၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၂၃၁၃ |

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်၊ အမှတ် ၈၆၁နေ(ဘ)ဦးတင်သောင်း၏သမီး ဒေါ်ကြူကြူ ၁၄/မမက(နိုင်)၁၇၉၄၆၂၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ (အရှေ့ပိုင်း)ကျေးရွာ၊ ဘုရားကြီးလမ်း၊ (သန္တိသုခလမ်း)ရှိ အိမ်၊ ရေမီတာအပါအဝင် မြေအကျယ်အဝန်း အလျားပေ၁၁×အနံပေ ၆၀(ခြေရင်းခြမ်း)အား လက်ရှိနေထိုင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော(ဘ)ဦးကုလားညို၏သားဦးမြင့်အောင် MGDN-066113က လက်ရောက်ရောင်းချမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေထံသို့ ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လက်ရောက်ဝယ်ယူပြီးဖြစ်သည့်အတွက် ရောင်းဖိုးငွေများကို ရောင်းသူ၏လက်ဝယ်သို့ အကျေပေးချေရာ အိမ်ခြံမြေလက်ရောက်ရောင်းသူက ရောင်းဖိုးငွေများကို လက်ရောက်လက်ခံထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်ကြူကြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး**
**အထက်တန်းရှေ့နေ(စဉ်-၃၇၀၂၉)**
**BA(Eco:), DA,RL.DBL,DML,DIL,MA(Business Law $P_1$), DL 101, WIPO(SWITZERLAND)**
**အမှတ် ၄၈၇၊ ဒူးယား(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ် ၁ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/စက်စုရပ်၊ ဦးပိုင်အမှတ်(၂၈-ည)၊ ဧရိယာ ၀ဒသမ၀၈၁ဧကရှိ မြေကွက်အား ဦးကျော်ညွှန့်(ဘ)ဦးကောင်းသော် ၉/လဝန(နိုင်)၀၁၂၉၃၀မှ ပိုင်ဆိုင်ကြောင်းတရားရုံး ကျမ်းကျိန်လွှာ မူရင်းတင်ပြပြီး နှစ်၃၀မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်ချထားခြင်းအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ဘွန်ကာချစ် အာမခံရှိတံခါး
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၀၈၈
ဖုန်း-၀၉-၅၀၈၄၁၂၆

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
နိုင်ငံကူးလက်မှတ် လက်ဝယ်ရှိသူများကို အောက်ပါဈေးနှုန်းအတိုင်းပို့ဆောင်ပေးပါမည်။ ခရီးစဉ်အားလုံးဟားရီတိုင်းဖြစ်ပါသည်။
၁၂ ရက်ခရီး-ဟိုတယ်(၃)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း+ ဒေါ်လာ ၇၀၀)
၁၅ ရက်ခရီး-ဟိုတယ်(၅)ည → ဈေးနှုန်း (စရံငွေ ၂ သိန်း+ ဒေါ်လာ ၇၅၀)
၁၅ ရက်ခရီး-ကိုလ်းကတ္တားပါဟိုတယ်(၄)ည → (စရံငွေ ၂ သိန်း+ ဒေါ်လာ ၈၀၀)
ထွက်ခွာမည့်ရက်များ- မတ်လ- ၁၅၊ ၁၈ ။ (ဧပြီ ၁၊ ၃၊ ၁၂ - ၁၅ ရက်ခရီး)
Hot Line 095120529

ADD MORE ACADEMIC AND LIFE SKILLS TO YOUR CHILDREN IN A COOL, FUN-FILLED AND ENERGISING ENVIRONMENT THIS SUMMER
• From March through May
• For ages 3 to 14 years
TOTAL SUMMER SCHOOL
Explore, Experience, Enhance
Enroll NOW!! Very limited seats
STEM
BRAINWORKS K-12 INTEGRATED SCHOOL "Fit Brains Gain More"
Kamayut (95)9 3 171 4586 | Sanchaung (951) 526 456 | Bayint Naung (95)9 7 314 3280 | Aung Zay Ya (95)9 2 6293 444 1 - 2 | Thingangyun (951) 8551360 - 3
North Dagon (95)9 79 620 6884 | Kyi Myin Daing (951) 230 0715 - 6 | Tamwe (951) 40 1592 - 4 | 41st Street (951) 37 6010, 22 | Taunggyi (95)081- 20 6765, 20 6841 - 4
www.brainworks-total.com

ပါကေး အစားထိုး ကြမ်းခင်း
Special Promotion
Since 1996
Home Think of House, Think of Home
Grade A,B,C,D
BUY Flooring ၂ ကျင်း → Wall Covering ၁ ကျင်း လက်ဆောင်
★ Grade A,B,C,D
HOTLINE: 09-79 700 70 71
09-79 700 70 81

SEVEN ၀
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
09-33 333 511
09-33 333 514
09-33 333 644

EVER UP HUMAN RESOURCES INSTITUTE
Malaysia University of Science and Technology (MUST) မှ တိုက်ရိုက်ပေးအပ်ချီးမြှင့်သည့်
INTERNATIONALLY RECOGNIZED
MBA
Verification Number : MQA/FA 1199 (http://www2.mqa.gov.my/mqr/)
2017, March Intake (ENROLL NOW !!!)
Class : Sunday Only
Duration : 15 Months
Registration Deadline : 28 February 2017
ကနဦး USD 1000 နှင့်ညီမျှသော မြန်မာငွေ နှင့်
လစဉ် USD 392 နှင့် ညီမျှသောမြန်မာငွေကို ၁၂ ကြိမ်ပေးသွင်းရပါမည်။
Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon.
Facebook : www.facebook.com/everup33.HRI
01-256523 | 09 444 777 901 ~ 903

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း





# အာရှတော်ဝင်ဆေးရုံ

အမှတ်(၁၄) ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

လူ့စွမ်းအားအရင်းအမြစ်ဌာန

ဖုန်း-၀၁-၅၃၈၀၅၅၊ ၀၁-၂၃၀၄၉၉၉ (လိုင်းခွဲ ၁၉၂၁၊ ၁၉၁၈)

1. Medical Officer (M/F)
   - M.B.,B.S Degree
   - Minimum 1 year of clinical experience is preferred.
2. Nurse (သူနာပြု) (ကျား/မ)
   - B.N.Sc(or) Diploma in Nursing.
3. Medical Technologist (ကျား/မ)
   - B.Med.Tech (Laboratory)
4. Pharmacist (မ)
   - B.Pharm
5. Sale Staff(Pharmacy) (မ)
   - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ဆေးဝါးကျွမ်းကျင်သင်တန်းပြီးဆုံးသူ။
6. Service Coordinator (မ)
   - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာ အခြေခံတတ်ကျွမ်းသူ။
7. Cashier (မ)
   - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာ အခြေခံတတ်ကျွမ်းသူ။
8. Driver (ယာဉ်မောင်း) (ကျား)
   - ယာဉ်မောင်းသက်တမ်း (၃)နှစ်ရှိပြီး ရန်ကုန်နယ်ပယ်ကျွမ်းကျင်သူ။
9. Admin Supervisor (ကြီးကြပ်ရေးမှူး-စီမံခန့်ခွဲမှုဌာန) (ကျား)
   - တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
   - Managementနှင့်ပတ်သက်သည့် Diploma ရရှိပြီးသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် နေ့/ည တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာဘွဲ့၊ လိုင်စင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ (သူနာပြုများအတွက် သူနာပြုဝတ်စုံဖြင့် ရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံ)၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လေဘာမိတ္တူတို့ဖြင့် အာရှတော်ဝင်ဆေးရုံ၏ လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ (၂၀-၃-၂၀၁၇) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။


Hot Pot King
Hot Pot and BBQ Buffet
HOT POT KING
Hot Pot King စားသောက်ဆိုင်မှ Hot Pot & BBQ များကို
အချိန်အကန့်အသတ်မရှိ လူကြီးမင်းတို့စိတ်ကြိုက် သုံးဆောင်နိုင်ပါသည်။
အထူး Promotion
10% Discount
မြန်မာအတာသင်္ကြန်နှစ်ကူးအကြို
Hot Pot King မှ နံနက်စာ Dim Sum များကို
စတင်ရောင်းချနေပါသည်။
လိပ်စာ – ၂၆/၂၇၊သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်၊တောင်ဥက္ကလာပမြို့နယ်။
Ph : 09 7777777008 , 09 777777009 , 09 777777883

ရန်ကုန်တိုင်းဒေသကြီးတွင် ကျောင်းသားအများဆုံးရရှိနေပြီး၊ အောင်ချက်ကောင်း၊စည်းကမ်းကောင်း၊ စာသင်ကောင်း၊ဝန်ဆောင်မှုကောင်းခြင်းတို့ကြောင့် ဖွင့်တဲ့တန်းခွဲတိုင်းလူပြည့်နေသော၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်မြို့နယ်တို့တွင် အောင်ချက်အကောင်းဆုံးဖြစ်သော...

PRIVATE HIGH SCHOOL — TS — U THAN SEIN

# ဆရာ ဦးသန်းစိန် ဝိဇ္ဇာ/သိပ္ပံ နှင့် ဆရာမ ဒေါ်ခင်နီမြင့် အင်္ဂလိပ်စာ

|M.A (English), Dip in ELT(YU)|

ကိုယ်တိုင် အုပ်ချုပ်သင်ကြားသော

# UTS ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ

စာသင်ဆောင်များ၊ အိပ်ဆောင်များတွင် Air-con အသစ်များ တပ်ဆင်ပေးထားပါသည်။

လေ့လာပါ၊ စုံစမ်းပါ၊ ကြိုက်မှကျောင်းအပ်ပါ။ (သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)

၂၀၁၇-၂၀၁၈ စာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။

အဆောင်နေကျောင်းသားများ(၉-၃-၂၀၁၇)အဆောင်ဝင်ရမည်။

ဂုဏ်/၁၀တန်း ၁၀-၃-၂၀၁၇ စမည်။

သူငယ်တန်းမှ ၇တန်းအထိ ၁၀-၅-၂၀၁၇ စမည်။

စာသင်ကျောင်းတည်နေရာ (၁) ▪ ဘုရင့်နောင်လမ်းမကြီး၊ကွက်သစ်(၂)လမ်းထိပ်၊ပေါက်တောဝ၊ အင်းစိန်မြို့နယ်။

စာသင်ကျောင်းတည်နေရာ (၂) ▪ (၇၄)၊ ဗိုလ်ဥတ္တမလမ်းထိပ်၊ ဘောဂရပ်ကွက်၊ ဗားဂရာမီးပွိုင့်အနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

Phone: 095167915, 095190862, 0943064436, 09450014699, 09420273846, 09263889212

Facebook Page - Saya U Than Sein Private High School

---

## သွင်းကုန်လိုင်စင် ပျောက်ဆုံးကြောင်း

ကျွန်တော် ZWE EMPEROR CO., Ltd အမည်ဖြင့် (သွင်းကုန်လိုင်စင်မှုရင်း) သွင်းကုန်လိုင်စင်အမှတ် - ILV 16-17 2239 (27/07/2016) မှာ ပျောက်ဆုံးသွားပါကြောင်းတွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း - 09-450087712
09-785070968

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၁ယ/၅၂၆၅၉ Yamaha Filanomlese ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန္ဒာဝင်း ၁၃/မနန(နိုင်)၀၁၂၃၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၆၇၁၂၁ Honda Wave MLHJA ယာဉ်လက်ဝယ်ရှိသူ ဒေါ်နာတီး ၁၃/တခလ(နိုင်)၀၉၈၄၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)



၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လတွင် စတင်ထုတ်ဝေခဲ့သည့်

## ငွေတာရီ မဂ္ဂဇင်း

ထွက်ပြီ

အမှတ်(၆၈၀)၊ ၂၀၁၇ ခုနှစ်၊ မတ်လထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ။

ဆက်သွယ်ရန်- ဖုန်း ၀၉၃၀၀၈၁၀၁၈(စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

၁၆၀၀ ကျပ်

မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။



၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သည့်

## တေဇ ရုပ်စုံ

ထွက်ပြီ

အတွဲ(၂၈)၊ အမှတ်(၁၀)၊ ၂၀၁၇ ခုနှစ်၊ မတ်လထုတ် တေဇရုပ်စုံ ထွက်ပြီ။

ဆက်သွယ်ရန်- ဖုန်း ၀၉ ၃၀၀၈၁၀၁၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

၃၀၀ ကျပ်

မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။

---

# TAB Book Centre

◆ စာအုပ်စာပေသည် ငြိမ်းချမ်းငွေ့နေလျှင်ပျော်ရွှင်စေ၏။ ◆ ဗဟုသုတကိုပေးဝေ၏။
◆ စိတ်အားငယ်ကတက်ကြွစေ၏။ ◆ မာန်လွန်ကဲလျှင်သတိနှင့်ယှဉ်၏။ ◆ တရားဓမ္မကိုလမ်းမှန်ပြ၏။

"စာအုပ်စာပေကို မြှင့်တင်ခြင်းသည် နိုင်ငံနှင့်လူမျိုးကို မြှင့်တင်ခြင်းမည်၏။"



- ပိဋကတ်စာပေ၊ ပရိယတ္တိစာပေ၊ ဗုဒ္ဓစာပေ
- စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နိုင်ငံရေး စာအုပ်များ
- စာရေးဆရာကြီးများ၏ ရှားပါးစာအုပ်များ။
- ကျောင်းသူ/သားများအတွက် ပညာရေးနှင့် နိုင်ငံတကာ ပညာရပ်ဆိုင်ရာ စာအုပ်အမျိုးမျိုး။
- ဖက်ရှင်၊ ဂရပ်ဖစ် ဗိသုကာ အဆောက်အဦး ဒီဇိုင်းစာအုပ်များ။
- ပန်းချီပညာရှင်များအတွက် နိုင်ငံတကာမှ အဆင့်မြင့် ပန်းချီဆေးပစ္စည်းမျိုးစုံ။
- ရုံးသုံး ကျောင်းသုံးစာအုပ်၊ အဆင့်မြင့်စာရေးကိရိယာနှင့်ရုံးသုံးပစ္စည်းအမျိုးမျိုး။

Email: contact@tabbookcentre.com

စာအုပ်တိုက်ပေါင်း (၁၀၀၀) ကျော်၏ စုစည်းမှု
စာပေအမျိုးအစား (၁၀၀) ကျော်ဖြင့် ခင်းကျင်းပြသမှု

Daily Open - 9:00 am to 9:00 pm

အင်တာနက်ဝက်ဘ်ဆိုက်
www.tabbookcentre.com
တွင် စာအုပ်များ ဖတ်ရှုလေ့လာဝယ်ယူနိုင်ပါသည်။

TAB BOOK CENTRE (1) - တော်ဝင်စင်တာ တတိယထပ်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-ဂ၆၀၀၀၄၂ ၊ ၀၁-ဂ၆၀၀၀၄၃ ၊ ၀၁-ဂ၆၀၀၀၄၄

TAB BOOK CENTRE (2) - Myanmar Culture Vallery Basement၊ ပြည်သူ့ဥယျာဉ်၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၂၃၀၇၅၃၃၊ ၀၉ ၃၂၃၀၇၅၃၄

TAB BOOK CENTRE (3) - သုဓမ္မာလမ်းမကြီး၊ ခြောက်ကွေ့ မှတ်တိုင်အနီး၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၉၆၉၂၂၇၃

TAB BOOK CENTRE (4) - လှည်းတန်းစင်တာ (ပ)ထပ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၉၉ဂဂဂ၆၇၁

TAB BOOK CENTRE (5) - အမှတ် (၅၀၁)၊ ရာဇဌာနီလမ်း၊ ပျဉ်းမနား၊ နေပြည်တော်။ ဖုန်း ၀၉-၄၉၂၇၇၅၅၂၊ ၀၆၇-၂၅၄၂၂

နဂါးနီစာအုပ်တိုက် (၁) - ၁၀ဂ၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း - ၀၉ ၃၂၁၀၉၉၂၂

နဂါးနီစာအုပ်တိုက် (၂) - ၅၇၊ လေးထောင့်ကန်လမ်းမကြီး၊ AKK Shopping Center အနီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၆၀၇၉၃၊ ၀၁ ၅၆၀၇၀၂

ဦးခင်လှိုင် (ဇောတိက) ကုမ္ပဏီမှ ၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါသည်။

# ကော်မရှင်၏အစီရင်ခံစာ၌ အရှိကိုအရှိတိုင်း လွတ်လပ်စွာ ဘက်လိုက်မှုမရှိဘဲ ပြည့်စုံစွာဖော်ပြရန် ပြုစုလျက်ရှိ

### ရခိုင်ပြည်နယ်၊ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

### ( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

၁။ ရခိုင်ပြည်နယ်၊ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် တာဝန်ပေးအပ်ခဲ့သည့် ၁-၁၂-၂၀၁၆ ရက်နေ့မှ ယနေ့အထိ အစည်းအဝေး အကြိမ်ပေါင်း (၉) ကြိမ် ပြုလုပ်ခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ မောင်တောဒေသသို့ အောက်ပါအတိုင်း (၃)ကြိမ် သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်-

(က) ပထမအကြိမ် ကွင်းဆင်းစစ်ဆေးခြင်း
( ၁၁ - ၁၂ - ၂၀၁၆ ရက်နေ့မှ ၁၃ - ၁၂ - ၂၀၁၆ ရက်နေ့အထိ )

( ခ ) ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးခြင်း
( ၆ - ၁ - ၂၀၁၇ ရက်နေ့မှ ၈ - ၁ - ၂၀၁၇ ရက်နေ့အထိ )

( ဂ ) တတိယအကြိမ် ကွင်းဆင်းစစ်ဆေးခြင်း
( ၁၀ - ၂ - ၂၀၁၇ ရက်နေ့မှ ၁၇ - ၂ - ၂၀၁၇ ရက်နေ့အထိ)

၂။ ကော်မရှင်သည် ပထမအကြိမ်၌ အခင်းဖြစ်ပွားခဲ့သော ကျေးရွာနှင့် စခန်းပေါင်း (၁၄) ခု၊ ဒုတိယအကြိမ်၌ ကျေးရွာနှင့် စခန်းပေါင်း (၅)ခု စုစုပေါင်းကျေးရွာနှင့် စခန်းပေါင်း(၁၉)ခုသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။ တတိယအကြိမ်၌ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာပါအချက်အလက်များကို စုံစမ်းစစ်ဆေးနိုင်ရန် နစ်နာထိခိုက်မှုရှိသည်ဆိုသော ကျေးရွာပေါင်း (၂၀) ရွာကို ခက်ခဲစွာ ထပ်မံသွားရောက်၍ အသေးစိတ်အချိန်ယူပြီး စုံစမ်းစစ်ဆေးခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ကော်မရှင်သည် ၂၀ - ၂ - ၂၀၁၇ ရက်စွဲဖြင့် သတင်း ထုတ်ပြန်ချက် တစ်ရပ် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသအတွင်း၌ ဖြစ်ပျက်ခဲ့သော အခြေအနေများနှင့် စပ်လျဉ်း၍ မိမိတို့ပြည်တွင်းရှိ မူဆလင်ကျေးရွာများသို့ သွားရောက်ကွင်းဆင်းတွေ့ရှိချက်များကိုလည်း ကော်မရှင်၏အစီရင်ခံစာ၌ အရှိကိုအရှိတိုင်း လွတ်လပ်စွာ ဘက်လိုက်မှုမရှိဘဲ ပြည့်စုံစွာဖော်ပြရန် ပြုစုလျက်ရှိပါသည်။

၄။ သို့ရာတွင် မောင်တောဒေသမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ဒုက္ခသည်များအဖြစ် ရောက်ရှိနေသော မူဆလင်များကို တွေ့ဆုံမေးမြန်း၍ ၎င်းတို့ ရသင့်ရထိုက်သော တရားဥပဒေပါ အခွင့်အလမ်းများကို ဆုံးရှုံးမှုမရှိစေဘဲ ဖြစ်စဉ်များဖြစ်ပွားခဲ့မှု အသေးစိတ်တို့ကို ပိုမိုလေ့လာသိရှိရန်တို့အတွက် ကော်မရှင်သည် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ဆောလျင်စွာ သွားရောက်နိုင်ရန် နှစ်နိုင်ငံအစိုးရအချင်းချင်းအကြား ညှိနှိုင်းဆက်သွယ် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# တို့ရန်ကုန် တို့အိမ်ရာ အနုပညာပွဲတော်ကျင်းပ

သတင်း - မြင့်မောင်စိုး၊
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)




**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်မြို့၏ ရှေးဟောင်းအမွေအနှစ်နှင့် အနုပညာလက်ရာများ တန်ဖိုးထားထိန်းသိမ်းတတ်လာစေရန်အတွက် ဒုတိယအကြိမ်မြောက် တို့ရန်ကုန် တို့အိမ်ရာ အနုပညာပွဲတော် အခမ်းအနားကို ယနေ့ညနေပိုင်းက မဟာဗန္ဓုလပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး အင်ဒရူးပက်ထရစ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ပွဲတော်အခမ်းအနား စီစဉ်သူများ တက်ရောက်ကြသည်။

"ဒီကနေ့ကျင်းပတဲ့ ပွဲတော်ဟာ ဗြိတိသျှသံရုံးရဲ့ အားပေးမှု၊ လုပ်ငန်းရှင်တွေ ပူးပေါင်းဆောင်ရွက်မှုနဲ့

*စာမျက်နှာ ၅ ကော်လံ ၁* ✻



ဆန်းဒေးကာတွန်း စာမျက်နှာ၊ ၁၆-၁၇

# ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

**တောင်ကြီး ဖေဖော်ဝါရီ ၂၅**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၇) ပထမနေ့ကို ယနေ့ညနေပိုင်းက တောင်ကြီးနှင့် တောင်ငူမြို့တို့၌ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်း ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြောက်ပွဲဆက် ရှုံးပွဲမရှိခဲ့သည့် ရခိုင်အသင်းကို ခုနစ်ပွဲမြောက်တွင် ပထမဆုံး ရှုံးပွဲနှင့် ကြုံတွေ့စေခဲ့ပြီး ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ❖



ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်းယှဉ်ပြိုင်နေစဉ်

